
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၁၄၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၀၇၀၉၀၈

**ထုတ်ဝေသူ**
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် (၂၁)၊ အခန်း (၁၁)၊
စီးပွားကူသန်းအိမ်ယာ၊ မြောက်ဒဂုံ

●

**အတွင်းနှင့်အဖုံးပုံနှိပ်**
ဦးထွန်းအောင်၊ စိန်နဂါးပုံနှိပ်တိုက်(၀၃၀၃၇)
အမှတ် (၃၇၅)၊ ၃၁-လမ်း။

●

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ မေလ
**အုပ်ရေ** - ၁၀၀၀၊ **တန်ဖိုး** - ၅၀၀ ကျပ်

**ဖြန့်ချိရေး**
*အမှတ် (၄၅)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊*
*မြောက်ဥက္ကလာပမြို့နယ်မှ တစ်ပြည်လုံးသို့ ဖြန့်ချိ၍*
*ဒေါ်အေးအေးမာမှ စီစဉ်ထုတ်ဝေပါသည်။*
Ph: 01-666124




www.burmeseclassic.com

www.burmeseclassic.com

* ရိုးမတောကြီးထဲသို့ ဆေးပင်သွားရှာသည့် လူငယ်တစ်ဦး
* ရိုးမတောထဲမှ သရဲအလွန်ခြောက်သောအိမ်ကြီး
* ကျောက်ဂူကြီးထဲမှ ချောမောလှပသော မိန်းကလေးနှင့် ကြောက်စရာကောင်းအောင် ရုပ်ဆိုးအကျည်းတန်လှသော အဘွားအို
* ရိုးမတောထဲသို့ သားပျောက်ကိုရှာရန်ထွက်လာသည့် ဆေးဆရာနှင့် ရွာသားလူငယ်များ
* မာယာများလှသော ရိုးမတောကြီးထဲက ဖြစ်ရပ်ဆန်း
* စိတ်ထားယုတ်မာသော သူကြီးသားအဖနှင့် ကံဆိုးရှာသည့် လင်မယား
* ကျောက်ဂူကြီးထဲက ကလေးငိုသံနှင့် မြွေတွန်သံများ
* နှစ်ပေါင်းများစွာ မပုပ်မသိုးသေးသည့်ရုပ်အလောင်း
* မြွေကိုနိုင်သည့် မိန်းကလေးနှင့် လူငယ်လေးတို့၏ အချစ်ဇာတ်လမ်း။
* စိတ်ချောက်ချားစရာဖြစ်ရပ်ဆန်းများ၊ လွမ်းဆွတ်ကြေကွဲစရာဖြစ်ရပ်များ
* မြွေများကို သံယောဇဉ်မဖြတ်နိုင်တာကြောင့် အသည်းကွဲခဲ့ရှာ ကျောခိုင်းခဲ့သည့် မိန်းကလေးတစ်ဦး၏ နှလုံးသားခံစားမှု။

BURMESE CLASSIC .com

# အခန်း(၁)

www.burmeseclassic.com

www.burmeseclassic.com

ငွေရည်လွှမ်းထားသော ပြာညို့ညို့တောင်ထိပ်ကို ရွှေ ဘန်းကလေးများဖြင့် ဖြန့်ယှက်အုပ်ဆိုင်းထားသည့်နှယ် မြင် နည်း။ သက်တံရောင် အမြိတ်ချထားသည့် ဖြူသော ငွမ်းတိမ် ကြီးတို့သည် ပြာလွင်သော တောင်ခုလပ်တို့တွင် ဟိုတစ်စု သည်တစ်ကွက်နှင့် ကပ်နေကြသည်မှာ အဆုပ်အဆုပ် အပွင့်အကဲ့ ကြီးထိုးထားသော ဇာပုဝါကို ခါးတွင်စည်းပေးထားသည့်နှယ်ပင်။ ရေးရေးမျှသာ မြင်ရသော ဟိုးအဝေး တောင်တန်းကြီးအပေါ်ရှိ မှိုင်းပြာရောင်လုနေသည့် မြူပြင်လယ်ကြီးကို ကြည့်ရသည်မှာ လူ့ဘဝကြီးနှင့် တူသေးတော့၏ဟု ကိုကျောက်စိ တွေးမိ၏။





မြူပြင်လယ်ကြီး၏ ဤမှာဘက်အတွင်း၌ လှပသော တောင်၊ မှောင်သောတော၊ နက်သော ချောက်ကမ်းပါး၊ ဖြူသော တိမ်တိုက်တို့ရှိနေကြသလို လူ့ဘဝကြီး၏ ဤမှာဘက်တွင်လည်း ပျော်သောအချိန်၊ တည်ငြိမ်သောကာလ၊ လွမ်းရသောအခါ ကြည်သာသောရက်၊ မျက်ရည်စက်လက်ယိုစီးရသော အပိုင်း အခြားတွေ ရှိကြ၏။

မြူပြင်လယ်ကြီး၏ ဟိုမှာဘက်တွင် မည်သို့သော အရာ ဝတ္ထုတွေ ရှိလိမ့်မည်ဟု မမြင်ရသလို လူ့ဘဝကြီး၏ ဟိုမှာဘက် တွင်လည်း မည်သို့သော အတွေ့အကြုံမျိုးနှင့် တွေ့ကြုံရမည် မသိပေ။ တည်ငြိမ်သော သဏ္ဌာန်တစ်ခုသဖွယ် ရှိနေသော ကိုကျောက်စိသည် တောင်ခုလပ်ငယ်တစ်ခု၏ ထိပ်ပေါ်တွင်ထိုင် လျက် မှိုင်းပြာရောင်လုနေသည့် မြူပြင်လယ်ကြီးကို ကြည့်နေလေ ၏။

နေရောင်ခြည်၏ နွေးထွေးသော ကြင်နာမှုသည် ကိုကျောက်စိ၏ ကိုယ်ခန္ဓာပေါ်သို့ ဖြာကျနေရှာလေ၏။ ကိုကျောက်စိ သည် မျက်စိရှေ့တွင် လှပစွာ ပြောင်းလဲလျက်ရှိသော အရောင် အမျိုးမျိုးတို့ကို ငေးကြည့်နေရာမှ···



www.burmeseclassic.com

www.burmeseclassic.com



[illegible]သည်လည်း မတည်မြဲ၊ ဘဝသည်လည်း မတည် [illegible] ဆော့ရှင်ခြင်း၊ လွမ်းတပူဆွေးခြင်း စသည်တို့သည်ကား [illegible]ဘဝ၏ အရသာတည်း ဟု မှတ်ချက်ချရင်း ထိုင်နေရာမှ ဖြည်းညင်းစွာ ထလေ၏။ တောင်ထိပ်ပေါ်တွင် ရပ်လျက်ရှိသော ကိုကျော်စီသည် မျက်စိတစ်ဆုံး ကျယ်ဝန်းလှသည့် နေရာတွင် ရပ်ကာ လေအေးကို အားရပါးရ ရှူရှိုက်လိုက်လေ၏။ သူ၏ ကျယ်ဝန်းသောရင်သည် ပို၍ ကျယ်လောင်လာသောကြောင့် နွမ်းနယ်ဟန်ရှိနေသည့် ကိုယ်အပြင်သည် နံရိုးပြိုင်းပြိုင်းတို့အပေါ်မှ ရှပ်အင်္ကျီကို တင်းကျပ်၍ သွားစေ၏။

ဤမျှလွမ်းမောဖွယ်ကောင်းသော နေရာ၌ တစ်စုံတစ် ယောက်သောသူသည်သာ အထီးကျန်ဆန်စွာ ရောက်နေသည်ဆို လျှင် သူ၏ ချစ်ခဲ့ရသောသူကို တမ်းတလွမ်းဆွတ်နေမည်မှာ မလွဲဟု ကိုကျော်စီ တွေးမိလေ၏။ 'ငါ့မှာ အဘယ်သူကို တမ်းတလွမ်းဆွတ်ရပါမည်လဲ၊ ငါ့မှာ တမ်းတလွမ်းဆွတ်စရာပင် မရှိ' ဟု နှုတ်မှတီးတိုးရေရွတ်ရင်း တစ်ဖက်သို့ လှည့်လိုက်၏။

တစ်ဖက်တောင်ကုန်းပေါ်တွင် အင်ဖက်ကဲ့သို့သောသစ်ရွက် များကို မိုးထားသည့် သူဆောက်ထားသော ဝါးအိမ်ကလေးက





ရှိနေ၏။ သူသည် နေအပူရှိန်ကြောင့် ချွေးစို့နေသော မျက်နှာကို လက်ဖမိုးဖြင့် သုတ်ခြေလိုက်၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ရှည်များကို လက်ဖြင့်စမ်းမိသောအခါ သူဖြတ်သန်းခဲ့ရသော ဘဝ၏ဒဏ်ရာဒဏ်ချက်များကို ကြွကြွခံလာသည့် အသွင်ကို ဆောင်နေသည်။ ကိုကျော်စီသည် တောင်ကုန်းကလေးပေါ်မှ ဆင်းလာသည်။ တောင်တစ်လျှောက်မှ တောပန်းကလေးများကို ကြည့်လာမိ၏။ တောပန်းကလေးများသည် နေရောင်ခြည်အောက် တွင် သူ့အရောင်နှင့်သူ လှပနေကြသည်။

ကိုကျော်စီသည် အပေါ်သို့မော့ကြည့်မိ၏။ သစ်ပင် ထက်၌ အောက်ချင်းမောင်နှံတို့သည် တစ်ကောင်နှင့်တစ်ကောင် ခွန်းတုံ့လှယ်ရင်း နေကြလေ၏။ သူသည် ခေါင်းကို အောက်သို့ ပြန်၍ငုံ့လိုက်လေ၏။ ကျောက်ဆောင်တစ်ခု၏ ဘေးတွင် မျောက် မိသားစုတို့သည် နေစာလှုံကြရင်း သားငယ်၊ သမီးငယ်များကို ကြင်နာယုယစွာ သန်းရှာပေးနေလေ၏။

ထိုကျောက်ဆောင်တစ်ဖက် တောင်ကတုံး၏ထိပ်တွင် ရိုးတံကျဲကျဲဖြင့် ခြောက်သွေ့နေပြီဖြစ်သော သစ်ပင်အိုကြီးတစ်ပင် ရှိနေ၏။ တောကျီးကန်းတစ်ကောင်သည် သစ်ပင်အိုကြီးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



နား၍ အာလုပ်သံပေးကာ ကြွေကွဲစွာ အော်မြည်နေလေ၏။ ကိုကျော်စီသည် သူဖြစ်သလို ဆောင်ထားသော ဝါးတဲကလေးရှိရာသို့ ခြေလှမ်းကျဲဖြင့် လျှောက်လာခဲ့လေ၏။

သည်တော သည်တောင်ထဲသို့ ကိုကျော်စီ ရောက်ရှိနေသည်မှာ သီတင်းတစ်ပတ်ကျော်လာခဲ့ပြီ။ သူ့ဆရာဖြစ်သော ဆရာဦးထွန်းကြည်က သူ့ကို တောတောင်၏ အရပ်ကို ညွှန်ပြပြီး ဆေးမြစ်၊ ဆေးဥများ ရှာဖွေရန် လွှတ်လိုက်သည်။ ဆရာဦးထွန်းကြည်က ဆေးမြစ်၊ ဆေးဥများကို ပုံသဏ္ဌာန်၊ အရောင်အဆင်း ပေါက်ရောက်တတ်သည့် နေရာတို့ကို စာဖြင့်ရေးပေးလိုက်သည်။

ကိုကျော်စီက တောတောင်ထဲတွင် ကြိုးစား၍ ရှာဖွေသည်။ တောတောင်ထဲတွင် သစ်ပင်ရိပ်အောက်၌ နားနေအိပ်စက်၍ ရပေမယ့် မြွေဆိုး၏အန္တရာယ်ကို ကြောက်၍ နေစရာတဲကလေး ဆောက်လိုက်၏။ ယူလာသောရိက္ခာကို ခြိုးခြံချွေတာ၍ စားသောက်နေရသည်။ ဆရာရှာခိုင်းသည့် ဆေးပင်၊ ဆေးမြစ်၊ ဆေးဥတွေ ရတန်သလောက်တော့ ရနေပြီ။ မရသေးသည်များကို ကြိုးစား၍ ရှာဖွေနေဆဲ။

နောက်တစ်နေ့မနက်တွင် ကိုကျော်စီသည် ထိုနေရာမှ





ထွက်ခွာခဲ့လေ၏။ လမ်းခရီးတွင် တွေ့ရသော တောတောင်လျှိုမြောင်ရှုခင်းတို့သည် တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲနေကြ၏။ ထို့အတူ ဘဝသည်လည်း တစ်မျိုးပြီးတစ်မျိုး တွေ့ကြုံပြောင်းလဲနေရပေလိမ့်တကားဟု ကိုကျော်စီတွေးမိ၏။

ကိုကျော်စီသည် မျက်နှာမှ ချွေးများကို သုတ်ပစ်လိုက်သည်။ လမ်းခရီးတစ်လျှောက် နေရာတိုင်းတွင် ဆေးပင်၊ ဆေးမြစ်များကို ရှာဖွေသည်။ ကောင်းကင်ထက်မှ နေပူရှိန်က ပူပြင်းလွန်းလှ၏။ ထိုပူသော နေကြောင့်ပင်လျှင် လောကကြီးတစ်ခုလုံး အသက်ရှင်နေကြရသည်။ နေပူမည်ကို မကြောက်လင့်။ နေပူဒဏ်ကို ခံပေး။ နာနာခံပေးဟု ကိုကျော်စီသည် မိမိကိုယ်ကို စိတ်တွင်းမှ အားပေးသည်။

ညနေစောင်းသည်အထိ သူလိုချင်သော ဆေးပင်ကို ရှာရ။ ထိုတောတောင်ထဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ အင်ကြင်းစသော သစ်ပင်ကြီးများကို တွေ့ရသည်။ ခုတ်လှဲယူသွားသဖြင့် ကျန်ခဲ့သော သစ်ပင်ငုတ်တိုများကို ဟိုနေရာ သည်နေရာ၌ မြင်ရ၏။ အနောက်ဘက်မှ နေလုံးက ငုပ်လျှိုးပျောက်ကွယ်ရန် အားယူနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောတောင်ထဲရှိ တစ်နေရာတွင် ကြီးမားပြီး ဟောင်းနွမ်းနေသော သစ်သားအိမ်ကြီးတစ်လုံးကို အမှတ်မထင် တွေ့ရသည်။ ရုတ်တရက် တွေ့လိုက်ရစဉ်တွင် ကိုကျောက်စီ အံ့သြသွားမိ၏။ သည်လိုတောတောင်ထဲမှာ ဘယ်သူများ လာနေသွားပါလိမ့်ဟု စဉ်းစားမရအောင် ဖြစ်သွား၏။

ပြီးမှ ကိုလိုနီခေတ်က ဘုံဘေဘားမားသစ်ကုမ္ပဏီမှ အရာရှိများနေရန် ဆောက်လုပ်ထားသော အိမ်ကြီးဖြစ်လိမ့်မည်ဟု တွေးမိပြန်၏။ ကိုကျောက်စီသည် အိမ်ကြီးထဲသို့ ဝင်လာခဲ့၏။ သည်အိမ်ကြီးသည် ရာသီဥတုဒဏ်ကို နှစ်ပေါင်းများစွာ ခံလာရသောကြောင့် အိမ်၏ဘေးအကာများ အပေါ်ထပ်မှ သစ်သား ကြမ်းခင်းများမှာ ပြိုကျပျက်ဆီးနေ၏။ ကိုကျောက်စီသည် အိမ်ကြီး၏ အပေါ်ထပ်သို့ တက်လာခဲ့၏။ အိမ်ကြီး၏ အောက်ထပ်တွင် ညအိပ်လျှင် သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ကို စိုးရိမ်ရ၍ ဖြစ်၏။

ကိုကျောက်စီသည် ကျောပိုးအိတ်ထဲမှ ရိက္ခာခြောက်ကို ညစာအဖြစ် စားသုံးလေ၏။ ညအမှောင်ထဲတွင် အိပ်တန်းတက်ရင်း အော်မြည်နေသော ကျေးငှက်တို့၏အသံက ဆူညံနေသည်။





ကိုကျောက်စီသည် အပေါ်ထပ်ကြမ်း ပြင်ပေါ်တွင် အဝတ်ကိုခင်းကာ လဲလျောင်းနေလိုက်၏။ တစ်နေကုန် သွားလာလှုပ်ရှားခဲ့ရသောကြောင့် သူ့တစ်ကိုယ်လုံးသည် နုံးချည့်နေသည်။ အိပ်စက်ခြင်းဖြင့် အနားယူရန် စိတ်ကူးဖြင့် မျက်စိကို စုံမှိတ်ထားလိုက်၏။ သူ့မျက်ခွံတွေ လေးလာသည်။ ခဏကြာတော့ သူဘာမှ မသိတော့။ အိမ်အိုးကြီးတစ်အိမ်လုံးသည် မည်းမှောင်နေ၏။

စကားပြောသံများကို ကြားရသဖြင့် ကိုကျောက်စီက အိမ်အောက်ထပ်သို့ ကျိုးကျပျက်စီးနေသော ကြမ်းပေါ်မှ ငုံ့ကြည့်သည်။ အိမ်အောက်ထပ်တွင် အောက်လင်းဓာတ်မီးအိမ်ထွန်းထားသလို လင်းထိန်နေသည်။ အောက်ထပ်၏ ခေါင်းရင်းဘက်တွင် အခန်းနှစ်ခန်းဖွဲ့ထားသည်ကို ကိုကျောက်စီ အခုမှ သတိပြုမိ၏။

အောက်လင်းဓာတ်မီးရောင်ဖြင့် မြင်ရသော အခန်းအပြင်ဘက်မှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ခြေသံကို ပီပီသသ ကြားနေရ၏။ မည်သည့်အရိပ်အယောင်ကိုမျှ မမြင်ရ။ ကိုကျောက်စီ စဉ်းစားမရအောင် ဖြစ်သွားသည်။ အသေအချာ စိုက်၍ကြည့်မှ အလွန်မည်းနက်ရောင်ရှိသော ကုလားနှစ်ယောက်သည် သေနတ်ကိုယ်စီးထမ်းလျက် မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို ခပ်ရေးရေးမြင်ရသည်။

အောက်ထပ်ခေါင်းရင်းဘက် အခန်းထဲတွင် စကားပြောနေသည်ကို သတိပြုမိလာ၏။ သူတို့ပြောနေသည့် စကားများသည် မြန်မာစကားမဟုတ်မှန်း ကြားရသမျှစကားကို ဘာမှန်းနား မလည်သောကြောင့် သိလိုက်၏။ ဘိုစကားပြောနေကြခြင်း ဖြစ်၏။ အခန်းထဲမှ ထွက်လာသည့် ဘွတ်ဖိနပ်သံကို ကြားလိုက်ရပြန်သည်။

မည်းနက်သောသဏ္ဍာန်သည် အရပ်အလွှန် ရှည်၏။ သူ့နောက်မှ အရိပ်မည်းနှစ်ခု လိုက်လာသည်။ အခန်းအပြင်တွင် ရပ်ကာ စကားပြောနေကြပြန်၏။ ကိုကျောက်စီသည် အသက်ကို တိုးတိုးညင်းညင်းလေး ရှူရှိုက်နေမိ၏။ သည်အိမ်ကြီးတွင် သရဲများရှိနေသည်ဆိုသည့် အတွေးကြောင့် ကြက်သီးဖြန်း ဖြန်းထနေမိ၏။

လမ်းလျှောက်သည့် ခြေသံက လှေကားအတိုင်း တက်လာသည်။ ကိုကျောက်စီသည် အပေါ်ထပ်ကြမ်းပြင်ပေါ်တွင် ဝပ်နေရာမှ တံခါးရွက်တစ်ခု၏နောက်သို့သွား၍ ပုန်းနေလိုက်၏။





ခြေသံက အိမ်အပေါ်ထပ်သို့ ရောက်လာသည်။ ဟိုသည်လျှောက်နေ၏။ ကိုကျောက်စီ ကျောထဲတွင် ကြက်သီးတွေ ထနေ၏။ မျက်စိကို စုံမှိတ်ထားမိ၏။ သူ့ရင်ထဲတွင် တဆတ်ဆတ်ခုန်နေသည်။ နှာခေါင်းထဲတွင် အနံ့တစ်မျိုးကို ရှူရှိုက်နေရသည်။ အမွှေးနံ့တော့ မဟုတ်။ ပုပ်အဲ့အဲ့အနံ့ကြီး ဖြစ်သည်။ ကိုကျောက်စီ၏ ရင်ထဲတွင် ပျို့အန်ချင်လာသည်။ မနည်းမျိုသိပ်ကာ ကြိတ်မှိတ်နေရလေ၏။

အရိပ်မည်းနှစ်ခုသည် အရပ်မြင့်မားကြလေ၏။ အပေါ်ထပ်မှ အခန်းတစ်ခုထဲသို့ ဝင်သွားပြီး ပြန်ထွက်လာသည်။ အရိပ်မည်းတစ်ခုသည် ကိုကျောက်စီ ပုန်းနေသည့် တံခါးရွက်အနားသို့ လျှောက်လာ၏။ တံခါးရွက်ကို လက်သဏ္ဍာန်အမည်းချောင်းကြီးဖြင့် ဆောင့်တွန်းလိုက်သည်။

သို့သော် တံခါးရွက်မှာ လုံးဝရွေ့မသွား။ တံခါးရွက်သာ ရွေ့သွားလျှင် တံခါးရွက်နောက်တွင် ပုန်းနေသော ကိုကျောက်စီကို မည်းမည်းသဏ္ဍာန်ကြီးက တွေ့သွားမှာ သေချာသည်။ မည်းမည်းကောင်ကြီးနှစ်ကောင်သည် လှေကားမှ ဆင်းသွားသည်။ အောက်ထပ်အလယ်ခန်းတွင်ရပ်ကာ လှုပ်ရှားနေကြ၏။ ခြေသံများယား



www.burmeseclassic.com

www.burmeseclassic.com



လတ်တားသား လုပ်နေသလိုပင်။

'ဝူး...'

အိမ်အိုကြီးနှင့် မလှမ်းမကမ်းမှ ဆင်အော်သံကို ကြားလိုက်ရ၏။ မည်းမည်းကောင်ကြီးနှစ်ကောင်သည် အခန်းထဲသို့ ဝင်သွားလေ၏။ မြင်နေရသော အလင်းတန်းသည် ရုတ်ခြည်း ပျောက်ဆုံးသွားကာ မှောင်မည်းသွားလေသည်။ ကိုကျောက်စီသည် အိမ်အပေါ်ထပ်တွင် ငုတ်တုတ်ကလေး ထိုင်နေလေ၏။ သူထင်ထားသည့်အတိုင်း ကိုလိုနီသစ်တောအရာရှိများ စခန်းချခဲ့သော အိမ်အိုကြီးတွင် သူကိုယ်တိုင် သရဲခြောက်ခံနေရပါပြီကော။ ကိုကျောက်စီသည် ပြန်လည်၍ မအိပ်ရဲ။ ဘာလုပ်ရမည်ကိုလည်း တွေးမရ။ မျက်စိကို စုံမှိတ်ထားရင်း နားစွင့်နေမိသည်။

'ဝုန်း...'

မလှမ်းမကမ်းဆီမှ သစ်ပင်ကြီးတစ်ပင် လဲကျသွားသည့် အသံကို ကြားရ၏။ သစ်ကိုင်းများ ကျိုးပဲ့သွားသည့်အသံက အထင်းသား။ အောက်ထပ်သို့ ဝင်လာကြသည့် ခြေသံများက မနည်း။

'ဒုန်း... ဒုန်း... ဒုန်း'





အခန်းတံခါးကို ဝိုင်း၍ထုနေကြသည်။ အော်ဟစ်ပြောနေသည့် အသံမျိုးလိုလိုလည်း ကြားနေရ၏။ သွေးညှီနံ့သည် အပေါ်ထပ်သို့ ရောက်လာသည်။

'ဘုန်း...'

ကိုကျောက်စီ ဝမ်းဗိုက်ကို ဘွတ်ဖိနပ်စီးထားသော ခြေထောက်ဖြင့် အကန်ခံရသလို ခံစားရပြီး ဘေးသို့ ခြေပစ်လက်ပစ် ကျသွား၏။

'အား... ကျွတ်... ကျွတ်'

ကိုကျောက်စီသည် အမှောင်ထဲသို့ စူးစိုက်ကြည့်နေမိ၏။ အမိုးမရှိ၍ ဟာလာဟင်းလင်းဖြစ်နေသော နေရာမှ ကြယ်ရောင်ဝိုးတဝါးဝင်ရောက်နေသဖြင့် မည်းမည်းကောင်ကြီးသည် သူ့ကို ရန်ပြုရန် အကွက်ချောင်းနေသည်ကို သိလိုက်၏။ မည်းမည်းကောင်ကြီး၏ မျက်လုံးများက ဥသျှစ်သီးခန့်ရှိပြီး နီရဲနေ၏။ မည်းမည်းကောင်ကြီးက သူ၏ လက်ကို ဆန့်ထုတ်လိုက်သည်။ ကိုကျောက်စီ၏ လည်ပင်းကို တစ်အားဖျစ်ညှစ်၏။ ကိုကျောက်စီက ထိုလက်ကြီးကို သူ၏လက်နှစ်ဖက်ဖြင့် အားကုန်အင်ကုန် တွန်းဖယ်သည်။ သို့ပေမဲ့ မရ။ ထိုလက်ကြီးတွင် ထူထဲ၍ရှည်



www.burmeseclassic.com

www.burmeseclassic.com



လျှားသော အမွေးအမှင်များကို လက်ဖြင့်စမ်းမိ၏။

'ဂရူး… ဂရူး'

ထိုမည်းမည်ကောင်ကြီးမှာ ဒေါသသံမြည်လာ၏။ ကိုကျောက်စီကို အတင်းဝင်ဖက်သည်။ လက်သည်းများဖြင့် တစ်ကိုယ်လုံးကို ကုတ်ခြစ်သည်။ ကိုကျောက်စီသည် မည်းမည်းကောင်ကြီးကို တွန်းဖယ်ကာ အောက်ထပ်သို့ ပြေးဆင်းလာမိ၏။

'ဒုန်း…'

ကိုကျောက်စီသည် လှေခါးထစ်များကို ခြေချော်၍နင်းမိသဖြင့် အောက်ထပ်သို့ ဒလိမ့်ကောက်ကွေး ကျသွား၏။ နာကျင်မှုဒဏ်ကို ဂရုမထားနိုင်ဘဲ အိမ်အိုကြီးနှင့်ဝေးရာ အမှောင်ထဲပြေးလာခဲ့၏။ ဟိုဝင်သည်တိုက်နှင့် ပြေးလာရသည်မို့ ဒဏ်ရာများရခဲ့၏။

'အွတ်…'

ပြေးလွှားရင်း သစ်ပင်ကြီးတစ်ပင်၏ ပင်စည်နှင့် ဝင်ဆောင့်မိသည်။ ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားပြီး နောက်သို့လန်ကျသွားသည်။ သူ့ခန္ဓာကိုယ်သည် သစ်ရွက်ခြောက်များနှင့်ထိတွေ့မိသည်နှင့် သူဘာမှမသိတော့။





'အား… ကျွတ်… ကျွတ်'

ကိုကျောက်စီ၏ ခေါင်းထဲတွင် မူးဝေနေ၏။ သူ့နားထဲတွင် သွားလာနေသော ခြေသံလိုလိုကို ကြားမိသည်။ မွှေးပျံ့သော နံ့များကိုလည်း ရှူရှိုက်နေရလေ၏။

'အား… ကျွတ်… ကျွတ်… မူးလိုက်တာ'

ကိုကျောက်စီက အားယူ၍ထသည်။ သူ့တစ်ကိုယ်လုံးသည် နာကျင်ကိုက်ခဲနေမှုကြောင့် လှုံ့နေရာမှ ထ၍မရ။ သူ့ထံသို့ လျှောက်လာသည့် ခြေသံကြောင့် ကိုကျောက်စီသည် မျက်စိကို အားယူ၍ ဖွင့်လိုက်၏။ ကိုကျောက်စီရောက်ရှိနေသည်မှာ ကျောက်ဂူကြီးထဲတွင်ဖြစ်၏။ ကျောက်ဂူထဲတွင် ဘာမှထွန်းမထားဘဲ လင်းထိန်နေ၏။ သူ့အနားသို့ လျှောက်လာသူမှာ ပျိုမျစ်နုနယ်သော မိန်းကလေးတစ်ယောက် ဖြစ်နေလေ၏။

'ရှင်… သတိရလာပြီလား၊ ရှင် သစ်ပင်ကြီးတစ်ပင်အောက်မှာ လဲနေတာတွေ့လို့ ကျွန်မ ခေါ်လာတာ၊ ရှင် မေ့မြောနေတာ အတော်ကြာပြီ'

မိန်းကလေးက ချိုသာသောအသံဖြင့် ပြောနေ၏။

'ကျွန်တော် ဘယ်ရောက်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျောက်ဂူကြီးတစ်ခုထဲမှာလေ'

'ဗျာ… တောထဲက အိမ်အိုကြီးမှာ ကျွန်တော့်ဆရာရှာဖွေခိုင်းတဲ့ ဆေးပင် ဆေးမြစ်တွေ ကျန်ခဲ့တယ်၊ ကျွန်တော် တောထဲမှာ ဆေးပင်ဆေးမြစ်တွေ လိုက်ရှာရင်း မိုးချုပ်သွားတာနဲ့ အဲဒီအိမ်အိုကြီးမှာ ညအိပ်ခဲ့တာ၊ ညသို့အချိန်ရောက်တော့ ကျွန်တော့်ကို သရဲတွေက ခြောက်လှန့်ပြီး မည်းမည်းကောင်ကြီးက လည်ပင်းညှစ်ကုတ်ခြစ်လို့ မှောင်မိုက်ထဲမှာ ထွက်ပြေးရင်း သစ်ပင်နဲ့ ဝင်ဆောင့်ပြီး…'

မိန်းကလေးက ပြုံးနေ၏။

'ရှင်ပြောတဲ့ အိမ်အိုကြီးဆိုတာ ကျွန်မ မသိဘူး၊ ရှင် တစ်ကိုယ်လုံးမှာ ကွဲရှ၊ ပွန်းပဲ့နေတဲ့ ဒဏ်ရာတွေ အများကြီးပဲ၊ အဲဒီဒဏ်ရာတွေကို ကျွန်မ ဆေးထည့်ပေးထားတယ်၊ ပြီးတော့ ရှင် ခရီးကြမ်းသွားလာခဲ့လို့ သိပ်ပင်ပန်းနွမ်းနယ်နေပုံရတယ်၊ ခရီးဆက်ထွက်ဖို့ မဖြစ်နိုင်သေးဘူး'

'ကျွန်တော့်ဆရာ ရှာခိုင်းတဲ့ ဆေးပင်ဆေးမြစ်တွေ မရမချင်း ကျွန်တော် ပြန်လို့မဖြစ်သေးပါဘူး၊ ဒီတော ဒီတောင်ထဲမှာ ကျွန်တော် လိုက်ရှာတာ ဆေးပင်အမယ်အတော်များများကို ရထား





ပြီးပြီ၊ လိုနေသေးတဲ့ ဆေးပင်ဆေးမြစ်တွေကို လိုက်ရှာရင်း အခုလို ဖြစ်ရတာ၊ ကျွန်တော့်အာခေါင်တွေ ခြောက်နေတယ်၊ ရေသောက်ချင်တယ်၊ ကျွန်တော့်ကို ရေတိုက်ပါ'

မိန်းကလေး ကျောက်ကလပ်ထဲမှ ရေကို ခွက်ဖြင့်ခပ်၍ ယူလာပေး၏။ ကိုကျောက်စိက အားယူ၍ထ၏။ နာကျင်နေသော ဝေဒနာကြောင့် ပြန်၍လဲကျသွား၏။ ထို့ကြောင့် မိန်းကလေးက ကိုကျောက်စိကို ပွေ့ထူပြီး ရေတိုက်သည်။

'အင်း… ရေက အရသာတစ်မျိုးပဲ၊ ဘယ်လိုရေလဲ၊ ဘယ်ကရတာလဲ'

'ကျောက်တောင်ထဲက စိမ့်ထွက်လာတဲ့ ကျောက်ကလပ်ရေပါ၊ ရေက ဘယ်လိုအရသာရှိလို့လဲ'

'ကျွန်တော် သောက်နေကျရေနဲ့မတူဘူး၊ သစ်သီးတွေနဲ့ ဖျော်ထားတဲ့ သီးစုံအအေးကို သောက်ရသလိုပဲ'

မိန်းကလေးက အသံထွက်အောင်ပင် ရယ်နေ၏။

'အဟင်း… ဟင်း… ရှင် အိပ်စက်အနားယူလိုက်ပါဦး၊ အိပ်ရာက နိုးလာတော့မှ အာဟာရဖြစ်စေမယ့် အစားအစာတွေ ကျွေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုကျောက်စီကိုယ်တိုင်လည်း ပင်ပန်းနွမ်းနယ်နေ၏။ မျက်စိမှိတ်ထားပြီး ခဏအကြာမှာပင် ကိုကျောက်စီ အိပ်ပျော်သွားလေ၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ ကိုကျောက်စီ အိပ်ယာက နိုးလာတော့ ကျောက်ဂူထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ကိုကျောက်စီသည် ကိုယ်ကိုတစ်ဖက်သို့ ငဲ့စောင်း၍ မိန်းကလေးကို လိုက်ရှာကြည့်မိ၏။ မိန်းကလေး၏ အရိပ်အယောင်ကို မတွေ့ရ။

'မိန်းကလေး··· မိန်းကလေး'

ကိုကျောက်စီက မိန်းကလေးကို အသံပြုကြည့်၏။ မည်သည့်အသံမှ မကြားရသဖြင့် ကိုကျောက်စီက လက်နှစ်ဖက်ကို အားပြုပြီး ထထိုင်လိုက်၏။

'ဟင်···'

သူ့ဘေးမှ ကျောက်ကလပ်ထဲတွင် စားသောက်ဖွယ်ရာ သစ်သီးများကို တွေ့လိုက်ရ၏။ ကိုကျောက်စီ၏ ဝမ်းမိုက်ထဲတွင် ဆာလောင်နေ၏။ ထို့ကြောင့် ငှက်ပျောသီးတစ်လုံးကို ယူ၍ စားလိုက်မိသည်။ ချိုလိုက်သည့် အရသာမှာ ပြောစရာမရှိ။ ကုန်ခမ်းနေသော အားများသည် ချက်ချင်းပြန်လည်ပြည့်လာသလို





ခံစားရသည်။ ကိုကျောက်စီသည် မိန်းကလေးကို တွေ့ချင်နေမိ၏။

'မိန်းကလေး··· မိန်းကလေး'

ထပ်မံ၍ ခေါ်ကြည့်သည်။ သူ၏ခေါ်သံက ကျောက်ဆောင်ထဲတွင် ပဲ့တင်ထပ်နေသည်။ ကိုကျောက်စီသည် ထိုင်ရာမှ ထလိုက်၏။

'အား··· ကျွတ်··· ကျွတ်'

ခေါင်းတစ်ခုလုံးသည် ချာချာလည်သလို ခံစားရပြီး ကိုကျောက်စီ လဲကျသွား၏။ မိမိတွင် အားအင်တွေ ဆုတ်ယုတ်နေသဖြင့် ရပ်တည်၍မရနိုင်သေးမှန်း ကိုကျောက်စီ သိသွား၏။ အိပ်ယာထဲတွင် ပြန်၍လှဲနေလိုက်သည်။

သူ၏မျက်စိထဲတွင် ကယ်တင်ရှင်မိန်းကလေး၏ မျက်နှာကို မြင်ယောင်နေမိ၏။ သည် မိန်းကလေး ဘယ်သွားနေသလဲ။ သည်မျှနက်ခေါင်သော တောထဲမှာ ကျောက်ဂူကြီးတစ်လုံးထဲတွင် သူမ တစ်ယောက်တည်း ဘာကြောင့် လာရောက်နေထိုင်ရသနည်း။

သူမသည် လူသားစစ်စစ်မှ ဟုတ်ပါလေစ။



www.burmeseclassic.com

www.burmeseclassic.com



သရဲမလေးလား၊ သစ္ဆေမလေးလား။ ကိုကျောက်စီ မေခဲ့တတ်။ မိန်းကလေးသည် ကိုကျောက်စီ မြင်ဖူးသော မိန်းကလေးမြောက်မြားစွာထဲတွင် အချောဆုံး၊ အလှဆုံးဟု ဆိုရလောက်အောင် ပြစ်မျိုးမှဲ့မထင်အောင် ချောမောလှပလေ၏။

ကိုကျောက်စီသည် မိန်းကလေးကို မြင်တွေ့ကတည်းကပင် စိတ်ဝင်စားသွားမိ၏။ ကိုကျောက်စီသည် မိန်းကလေးနှင့် တွေ့သည့်အခါတိုင်း ရင်ခုန်နေမိ၏။ ယခု မိန်းကလေးကို မမြင်မတွေ့ရတော့ ကိုကျောက်စီရင်ထဲတွင် ဝေဒနာတစ်ရပ်ကို ခံစားနေရ၏။

သည်မိန်းကလေး နေထိုင်သော ကျောက်ဂူကြီးသည် ဘာမှထွန်းညှိမထားဘဲ လင်းထိန်နေသည်ကို ကိုကျောက်စီ စဉ်းစားမရအောင် ဖြစ်နေမိ၏။ သည်အရပ်ဒေသသည် မည်သည့်နေရာဖြစ်သည်ကိုလည်း ကိုကျောက်စီ သိချင်နေမိ၏။ ကိုကျောက်စီသည် ဟိုသည်တွေးရင်း အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့ အိပ်ယာမှနိုးတော့ ကိုကျောက်စီ၏ အားအင်များ ပြည့်ဖြိုးနေသည်။ ကိုကျောက်စီသည် အိပ်ယာမှထပြီး မိန်းကလေးကို ကျောက်ဂူထဲတွင် လိုက်ရှာကြည့်မိ၏။ ကျောက်ဂူ





ကြီးက အလွန်နက်ရှိုင်းသည်။ မျက်နှာမူရာအရပ်သို့ ဆက်သွားလျှင် ပိန်းပိတ်အောင် မှောင်နေသည်ကို သိရသဖြင့် နောက်ဘက်သို့ ပြန်လှည့်လာခဲ့သည်။ ကျောက်ဂူအပြင်သို့ ထွက်လာခဲ့၏။ ကျောက်ဂူကြီးသည် မြင့်မားသော တောင်၏ထိပ်ပိုင်းတွင်ရှိနေသည်။

တောင်အောက်တွင် ထူထပ်သော တောများကို တွေ့ရသည်။ နေပူရှိန်က ပြင်းလွန်းလှသဖြင့် ကျောက်ဂူထဲသို့ ပြန့်ဝင်လာခဲ့သည်။ ကျောက်ဂူ၏အပေါက်ဝမှကြည့်လျှင် ဟိုးအဝေးဆီတွင် ကျယ်ဝန်းသော မြစ်ပြင်ကြီးတစ်ခုကို လှမ်းမြင်နေရ၏။ သည်ကျောက်ဂူမှ မြစ်ကမ်းနားသို့ရောက်ရန် ရက်ပေါင်းများစွာ ခရီးဆက်ရမည်ကို ကိုကျောက်စီ တွက်ဆ၍ရသည်။

တစ်ည သူ့အား သရဲခြောက်လိုက်သော အိမ်အိုကြီးသည် မည်သည့်အရပ်တွင်ရှိသနည်းဟု သိချင်နေသည်။ သူ့ဆရာဦးထွန်းကြည်က သူပြန်မလာသေးသဖြင့် စိတ်ပူနေမည်မှာအမှန်။ သူ့ဆရာရှာခိုင်းသော ဆေးမြစ်ဆေးပင်များက သူ့ထံတွင်တစ်ခုမှ မရှိတော့။

သရဲခြောက်ခံရသဖြင့် သူပြေးမိပြေးရာသို့ လာခဲ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးအိတ်နှင့်ရိက္ခာထုတ်က ကျန်ရစ်ခဲ့သည်။ သူ့ဆရာ ရှာဖွေနိုင်းသည့် ဆေးပင်၊ ဆေးမြစ်များကလည်း ပါမလာလို့မဖြစ်။ ကိုကျောက်စီသည် ဗိုက်ထဲက ဆာလောင်လာသဖြင့် ကျောက်ကလပ်ထဲမှ အညိုရောင်သစ်သီးတစ်လုံးကို ယူ၍စားလိုက်သည်။ ထိုသစ်သီး၏ အရသာမှာ သကြားကဲ့သို့ အချိုတတ်ကဲလွန်းသည်။ စား၍အရသာရှိသဖြင့် နောက်တစ်လုံးထပ်စားလိုက်သည်။ ကိုကျောက်စီသည် ဗိုက်တင်းလာသည်နှင့်အမျှ ငိုက်မျဉ်းလာ၏။ သမ်းဝေလာ၏။

'ဝါး... အိပ်ချင်လိုက်တာ'

ကိုကျောက်စီသည် ကျောက်သားပြင်ပေါ်သို့ ခွေခွေကလေး လဲကျသွားလေ၏။ အချိန်တို့က တစ်စထက်တစ်စ ကုန်လွန်လာသည်။ ညည့်နက်ချိန်တွင် ဂူအတွင်းသို့ လူဝံတစ်ကောင်ဝင်လာသည်။

ကျောက်သားပြင်ပေါ်တွင် နှစ်ခြိုက်စွာအိပ်ပျော်နေသော ကိုကျောက်စီကို လူဝံက နမ်းကြည့်ပြီး တွေးငေးစွာရပ်နေသည်ကိုလည်း သူမသိ။ လူဝံက သူ့အား တစ်စုံတစ်ရာ အန္တရာယ်ပေးမည်ကိုလည်း မသိ။ သူစားမိသော သစ်သီး၏ အဆိုအဆိပ်မှတတ်





ကြောင့် မေ့မြောနေသူပမာ ဖြစ်နေ၏။

နောက်တစ်ရက်တွင်လည်း ကိုကျောက်စီ အိပ်ပျော်နေဆဲ။ ကျောက်ဂူထဲသို့ မြွေဆိုးတစ်ကောင် ဝင်လာသည်။ ကိုကျောက်စီ၏ နှစ်ခြိုက်စွာ အိပ်မောကျနေသံကြောင့် သူ့အား ကွေ့ပတ်လျှောက်သွားပြီး ကျောက်ဂူ၏အတွင်းပိုင်းထဲသို့ ဝင်သွားလေ၏။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ဆေးဆရာ ဦးထွန်းကြည်က အိမ်ရှေ့ကြမ်းပြင်တွင်ထိုင်ကာ အိမ်အပြင်ဘက်သို့ လှမ်းကြည့်နေလေ၏။ ရွာလယ်လမ်းအတိုင်း လျှောက်လာသူက ဆရာဦးထွန်းကြည်၏ ခြံထဲသို့ ကွေ့ဝင်လာလေ၏။

'ဗျို့… ကိုထွန်းကြည်၊ ဘယ်သူ့ကို လည်တဆန့်ဆန့်နဲ့ မျှော်ကြည့်နေတာလဲ'

'လာဗျာ… ကိုစိန်အေး၊ ကျုပ်သားတပည့် ကျောက်စိကို တောထဲဆေးပင်ဆေးမြစ်ရှာဖို့ လွှတ်လိုက်တာ တစ်လနီးပါးရှိပြီဗျ၊ အခုအထိ ပြန်မလာသေးလို့ စိတ်ပူနေတာ၊ အရင်က ကျုပ်တို့ဆရာတပည့်နှစ်ယောက်အတူသွားပြီး ဆေးပင်ရှာတာဗျ၊ ဒီတစ်ခေါက်တော့ ကျုပ်က အရေးကြီးတဲ့ လူနာအရိပ်အခြည်ကို စောင့်





ကြည့်စရာရှိတာနဲ့ သူ့တစ်ယောက်တည်း လွှတ်လိုက်တာ၊ တကယ်တမ်း အသွားအပြန်ခရီးက (၁၀)ရက်လောက်ပဲရှိတာ၊ သူ ပြန်မလာသေးလို့ စိတ်ပူနေမိတယ်'

ဦးစိန်အေးက ဦးထွန်းကြည်၏ ဘေးမှာ ဝင်ထိုင်၏။

'ခင်ဗျားတပည့် ကျောက်စိက လျင်မြန်ဖျတ်လတ်တဲ့ လူငယ်တစ်ယောက်ပါဗျ၊ တောထဲမှာ အင်း… မပြောကောင်း မဆိုကောင်း အန္တရာယ် တစ်စုံတစ်ရာနဲ့ တွေ့ပြီး စဉ်းစားရခက်လိုက်တာ'

'ဟိုတစ်ညက ကျောက်စိ ကျုပ်ဆီကို ပြန်လာတယ်ဆိုပြီး အိပ်မက်မက်တယ်၊ တကယ်ကျတော့ ပြန်ရောက်မလာသေးဘူး၊ ဒီကောင်လေးကို သူ့မိဘတွေဆီက ကျုပ်တောင်းပြီး မွေးစားထားခဲ့တာ၊

သုံးနှစ်သား အရွယ်ကတည်းကဆိုတော့ ကျုပ်က ကျောက်စိကို ရွာထဲက မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ရက်သားချထားပေးချင်တာ၊ ကျောက်စိက မိန်းမ မယူပါရစေနဲ့ဦးလို့ တောင်းပန်ထားလို့ဗျ'

'ကျောက်စိက လိမ္မာပါတယ်ဗျာ၊ အလုပ်လည်း တအား



www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့ကောင်၊ ဒီကောင်လေး တောတောင်ထဲမှာ ဘေးမသီရန်မခစေနဲ့လို့ ဆုတောင်းပေးရတော့မှာပဲ'

'ဟုတ်တယ် ကိုစိန်အေးရယ်၊ သူ့သာတစ်ခုခုဖြစ်သွားရင် ကျုပ်စိတ်ထဲမှာ ကောင်းမယ်မထင်ဘူး'

'ဘေးအန္တရာယ်ကင်းဖို့ ဆုတောင်းပေးနေပေါ့ဗျာ၊ ကဲ… ကျုပ် ရွာအနောက်ပိုင်းသွားမလို့ အိမ်ကထွက်လာတာ၊ သွားဦးမယ်'

'ကောင်းပြီ ကိုစိန်အေး'

ဆေးဆရာ ဦးထွန်းကြည်မှာ ကျောက်စီပြန်မလာသေးသဖြင့် စိတ်ပူနေမိ၏။ သူ ကျောက်စီကို လွှတ်လိုက်သော တောတောင်ထဲသို့ လိုက်သွားရ ကောင်းလေမလားဟု စိတ်ကူးကြည့်၏။

တောင်ပြေး မြောက်လိုက်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရမည်ကို စိုးရိမ်မိ၍ စိတ်ဆန္ဒကို မျိုသပ်ထားရ၏။

'ဟင်း…'

ဆေးဆရာဦးထွန်းကြည်သည် သက်ပြင်းကို လေးပင်စွာ ချလိုက်၏။





ကျောက်စီ၏ စိတ်ကြောင့် ဆောက်တည်ရာမရဖြစ်နေ၏။

'ကျွတ်… တောထဲကိုတစ်ယောက်တည်း လွှတ်လိုက်မိတာ မှားတယ်'

ဆေးဆရာ ဦးထွန်းကြည်သည် စားရန်လည်း သတိမရ။ ညတိုင်းလည်း အိပ်မပျော်သဖြင့် ရွာမှလူငယ်(၄)ဦးကို အကူအညီတောင်းပြီး ကျောက်စီကို ရှာဖွေရန် တောထဲသို့ လာခဲ့လေ၏။

ဆေးဆရာ ဦးထွန်းကြည်သည် သူနှင့် ကျောက်စီတို့ သွားလာ ဆေးပင်ရှာဖွေဖို့ နေရာများသို့ သွား၏။ ကျောက်စီ ဆေးမြစ်တူးသွားသော နေရာများကို တွေ့၏။

'ဒီကောင်လေး ကျောက်စီ ဆေးမြစ်တွေတူးသွားတာ တာအမှန်ပဲ၊ ဆေးပင်ဆေးမြစ်တွေရှာရင်း သူက ဘယ်ရောက်သွားရတာလဲ'

'တောကောင်တစ်ကောင်ကောင်ကများ သူ့ကိုကိုက်ချီသွားသလား'

'ကျောက်စီက အကင်းပါးတယ်၊ လျှင်မြန်ဖျတ်လတ်တယ်၊ ဒီတောဒီတောင်မှာ ဘယ်လိုသားကောင်တွေရှိသလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကအစ သိတယ်၊ သူ့ကို ငါရှာခိုင်းတဲ့ ဆေးအမယ်ထဲမှာ သူယောင်ဂမုန်းဆိုတာပါတယ်၊ အဲဒီသူယောင်ဂမုန်းဆိုတာက ရှားပါးတယ်၊ တော်ရုံတန်ရုံ ရှာတွေ့ဖို့ မလွယ်ဘူး၊ ငါရှာခိုင်းတဲ့ သူယောင်ဂမုန်းကို ရှာမတွေ့လို့ တွေ့အောင်ရှာနေသလား မသိဘူး’

‘သူယောင်ဂမုန်းဆိုတာ ဘယ်လိုလဲ ဆရာ’

‘မိန်းကလေးတစ်ယောက်အသွင်ပဲကွ၊ မိန်းကလေးတစ်ယောက်မှာ ရှိတဲ့အင်္ဂါတွေအားလုံးပါတယ်၊ သူယောင်ဂမုန်းကို လပြည့်လိုညတိုင်းမှာ ရှာဖွေရတယ်၊ သူယောင်ဂမုန်းက လပြည့်ညမှာ မိန်းကလေးအသွင်ဖန်ဆင်းပြီး တောတောင်ထဲမှာ သွားလာလှုပ်ရှားနေတတ်တယ်၊ အဲဒီဂမုန်းက မာယာများတယ်၊ ရှေးဆေးဆရာကြီးတွေပြောစကားအရ ဝိဇ္ဇာ၊ ဇော်ဂျီတွေဟာ သူယောင်ဂမုန်းကို မိန်းကလေးအသွင်ဖန်ဆင်းပြီး ပျော်ပါးကြတယ်လို့ဆိုတယ်၊

အဲဒီဂမုန်းပင်ကို ငါတို့ဆရာသမားတွေကပြလို့ မြင်ဖူးတာပဲရှိတယ်၊ ငါနဲ့ကျောက်စီ တောထဲက သူယောင်ဂမုန်းရှာလာခဲ့ရဦးမလားလို့ ငါ့ကိုမေးတယ်၊ သူက သူယောင်ဂမုန်းပင်ကို ငါပြောပြတဲ့ ပုံသဏ္ဌာန်ကိုသာသိတာ၊ တစ်ခါမှ မမြင်ဖူးတော့ မြင်ဖူးချင်တယ်လေ၊ အဲဒါကြောင့် မင်းရှာလာချင်ရှာလာခဲ့လို့ ပြောလိုက်မိတယ်၊ ငါ့သားလေး သူယောင်ဂမုန်းရှာရင်း ဟင်း…’

ဆေးဆရာ ဦးထွန်းကြည်၏အသံက ဆို့နစ်နေ၏။ နေဝင်ခါနီးအချိန်တွင် ရောက်သည့်နေရာ၌ စခန်းချရပ်နားကြသည်။ ဆေးဆရာဦးထွန်းကြည်ခေါ်လာသော ရွာမှလူငယ်လေးဦးထဲက ဖိုးကွမ်းဆိုသော လူငယ်က တောထဲတွင် အပေါ့အပါးသွားရင်း တွေ့သော ပန်းပွင့်အနီကလေးများပွင့်သော အပင်မှာ လှပလွန်းသဖြင့် ရွာသို့ပြန်ရောက်လျှင်စိုက်ပျိုးမည်ဟု စိတ်ကူးပြီး အပင်ကို နုတ်ပြီး လွယ်အိတ်ထဲသို့ ထည့်ယူလာခဲ့၏။

ဆေးဆရာ ဦးထွန်းကြည်နှင့်အဖွဲ့သည် စခန်းချသည့်နေရာတွင် ညစာ ချက်ပြုတ်စားကြ၏။ ညစာစားပြီးလျှင် ဆေးဆရာ ဦးထွန်းကြည်က လူငယ်များ ဗဟုသုတ ဖြစ်စေမည့် အကြောင်းများကို ပြောပြသည်။

လူငယ်များက စိတ်ဝင်စားစွာ နားထောင်နေကြ၏။ ရှင်းလင်းသည့် အကြောင်းများကို မေးမြန်းကြသည်။

ဆေးဆရာ ဦးထွန်းကြည်က လူငယ်များ နားလည်







www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်အောင် ရှင်းပြလေ၏။

ည(၁၀)နာရီကျော်လျှင် အိပ်ရာဘေး မလှမ်းမကမ်းတွင် ဝါးအစိုများ၊ ထင်းခြောက်များဖြင့် မီးဖိုထားကာ အိပ်စက်ကြသည်။

'အုံအင်… အုံအင်… အုံအင်'

သူတို့စခန်းချသည့် နေရာနှင့် မလှမ်းမကမ်းမှ ဖားအော်သံများကို ဆူညံစွာ ကြားရသည်။

မိုးတွင်းအခါ ရေအိုင်ထဲမှ သံပြိုင်အော်နေကြသည့်နှယ် ပင်။

'နွေခေါင်ခေါင်အချိန်ကြီးမှာ ဖားတွေအော်နေလိုက်ကြ တာဗျာ၊ အိပ်လို့တောင်ရပါတော့မလား'

ကံသိမ်းစကားကြောင့် ဆေးဆရာဦးထွန်းကြည်က လှဲနေရင်းမှ ထိုင်လိုက်၏။

'မောင်ကံသိမ်း… ငါတို့စခန်းချမယ့်နေရာကို လာတော့ လမ်းမှာ အစုလိုက်၊ အစုလိုက်ပေါက်နေတဲ့ အပင်ကလေးတွေ တွေ့မိတယ် မဟုတ်လား'

'အဲဒါ ဘာပင်တွေလဲ ဆရာ'





'ဖားဂမုန်းတွေလေ၊ အခု အဲဒီ ဖားဂမုန်းတွေက အော်နေ တာ'

'ဗျာ…'

'ဒီတော ဒီတောင်ထဲမှာ ဂမုန်းအမျိုးပေါင်းများစွာ ပေါက် ရောက်နေတာကွ၊ ကျောက်စီကိုလိုက်ရှာဖို့ ထွက်လာတာမို့၊ နို့မို့ သာဆိုရင် ငါက မင်းတို့ ဗဟုသုတရအောင် ဂမုန်းပင်တွေကို ရှာဖွေပြီး ပြချင်တာ'

ဆေးဆရာဦးထွန်းကြည်က ပြန်လှဲ၍ အိပ်၏။ ခြေရင်းမှ မီးဖိုက ဟုန်းခနဲ မီးထတောက်လိုက်၊ မီးညွန့်ကျိုးကျသွားလိုက်နှင့် ဖြစ်နေ၏။

လေတိုက်ခတ်၍ သစ်ရွက်လှုပ်ရှားသံမှအပ ဘာမှ မကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။ ခဏကြာတော့ အိပ် မောကျနေသံများ ပေါ်ထွက်လာ၏။

မီးဖိုဘေးတွင် အိပ်စက်သော ဖိုးကွမ်းသည် သူ၏လွယ် အိတ်ကို ဦးခေါင်းနားတွင်ထား၍ အိပ်လေ၏။ သန်းခေါင်ယံအချိန် တွင် ဖိုးကွမ်း၏ ကိုယ်ပေါ်သို့ လေးလံသော အရာဝတ္ထုတစ်ခုက ဖိထားသလို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးကွမ်းက သူ့ကိုယ်ပေါ်မှ လေးလံသောအရာကို လက်နှစ်ဖက်ဖြင့် ဖယ်ရှားသည်။ တွန်းကန်ကြည့်သည်။ သို့ပေမဲ့ မရ။ ဖိုးကွမ်း၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဖျစ်နေ၏။

ဖိုးကွမ်းက မျက်စိကို ဖွင့်ကြည့်သည်။ အလွန်အရုပ်ဆိုး အကျည်းတန်သူ၏ အပေါ်သွားနှစ်ချောင်းက ပါးစပ်အပြင်သို့ တစ်လက်မခန့် ထွက်နေသည်။ တကယ်ကြောက်စရာ မျက်နှာကြီး ဖြစ်၏။

သူ၏လက်များက သန်မာပြီး ကြမ်းတမ်း၏။ အသားအရေက ငါးအကြေးခွံလှန်ထားသလိုပင်။ ဖိုးကွမ်း အသက်ရှူကျပ်လာသည်။ အော်ပေမယ့် အသံမထွက်။

အရုပ်ဆိုး အကျည်းတန်သူက သူ့ကို မသေမချင်းသတ်ရန် ကြိုးစားနေပုံရသည်။

ဖိုးကွမ်း မောဟိုက်လာသည်။ သစ်ရွက်ခြောက်များပေါ်သို့ လက်ကိုတဖြန်းဖြန်းရိုက်ကာ သူ့အဖော်များ အိပ်ပျော်နေရာမှ နိုးစေရန် အသံပေးသည်။ ဘယ်သူမှမကြားသလို ဆက်လက်အိပ်မောကျနေကြ၏။





ဖိုးကွမ်း၏ အင်အားတွေ ယုတ်လျော့လာသည်။ အသက်ရှူမဝတော့။

'အူး… ဂူး… ဂူး'

ဖိုးကွမ်း အသံကုန်အော်ဟစ်၏။

ဆေးဆရာဦးထွန်းကြည်က ဖိုးကွမ်း၏အနားသို့ ထလာ၏။

'ဟေ့ကောင်တွေ ထကြစမ်း၊ ဖိုးကွမ်း ဘာဖြစ်သလဲ မသိဘူး'

အိပ်ပျော်နေသူများ လန့်နိုးကုန်ကြသည်။ ဖိုးကွမ်းသည် သူ့လည်ပင်းကို သူ့လက်နှစ်ဖက်ဖြင့် ကိုင်ကာ ဘယ်ညာလူးလိမ့်နေသည်။

'ဖိုးကွမ်း… ဖိုးကွမ်း… မင်း ဘာဖြစ်နေသလဲ၊ ပြောစမ်း'

ဆေးဆရာဦးထွန်းကြည်က ဖိုးကွမ်းကို ပွေ့ထားပြီး မျက်နှာကို ကိုင်ကာ လှုပ်နေ၏။

ဖိုးကွမ်းမျက်နှာသည် ဘယ်ညာယမ်းနေ၏။ ဖိုးကွမ်းသည် အံကိုကြိတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖိုးကွမ်း အိပ်ပျော်ရင်း တက်နေတာလား'

'ဒီကောင်လေးမှာ ဝက်ရူးတက်တဲ့ရောဂါအခံများရှိသလား၊ ဒီကလေး ငါ့မျက်စိအောက်မှာတင် ကြီးပြင်းလာတာပါ။ သူ့မှာ ဝက်ရူးတက်ရောဂါရှိရင် ငါသိရမှာပေါ့'

'ဒီကောင့်မှာ ဝက်ရူးတက်ရောဂါ မရှိပါဘူး၊ ဒီကောင့်ကို သရဲစီးနေတာလား ဆရာ'

ဆေးဆရာ ဦးထွန်းကြည်က ဆေးလွယ်အိတ်ထဲမှ ပုတီးကို ဖိုးကွမ်းခေါင်းကို စွပ်ပေးလိုက်၏။

ဖိုးကွမ်း၏ လည်ပင်းကို ကိုင်ထားသော လက်သည် သူ့အလိုလို ပြုတ်ကျသွားလေ၏။

'ဟင်း…'

ဖိုးကွမ်းသည် အတင်းလှုပ်ရှားရုန်းကန်နေရာမှ ငြိမ်သက်သွား၏။

'ဖိုးကွမ်း… ဖိုးကွမ်း… ကောင်လေး'

ဆေးဆရာဦးထွန်းကြည်က လှုပ်ခေါ်သည်။ ဖိုးကွမ်းက မျက်လုံးဖွင့်ကြည့်၏။

'ဖိုးကွမ်း… မင်း ဘာဖြစ်နေတာလဲ၊ ငါ့ကိုပြောစမ်း'





'အစွယ်တွေထွက်နေတဲ့ကောင်ကြီးက ကျွန်တော့်ကိုယ်ပေါ်က တက်ခွပြီး ကျွန်တော့်လည်ပင်းကို တအားညှစ်နေလို့ အသက်ရှူတွေကျပ်ပြီး သေပြီလို့တောင် အောက်မေ့တာ ဆရာရယ်၊ အော်ပေမယ့်လည်း အသံမထွက်ဘူး'

ဆေးဆရာ ဦးထွန်းကြည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း စဉ်းစားနေ၏။

'ဖိုးကွမ်း… မင်း… ဒီတောဒီတောင်ထဲမှာ ဘာအမိုက်အမဲတွေလုပ်မိသလဲ၊ ငါ့ကိုပြောစမ်း'

'ဘာ… ဘာမှမလုပ်မိပါဘူး ဆရာ'

'မဟုတ်သေးပါဘူး၊ အသေအချာ စဉ်းစားကြည့်စမ်းပါဦး၊ မင်းအမိုက်အမဲလုပ်ထားမိလို့ ဒီလိုဖြစ်တာ'

'သြော်… သတိရပြီ၊ တောထဲမှာ အနီပွင့်ကလေးပွင့်နေတာ လှလွန်းလို့ ရွာကျရင် စိုက်ရအောင် အဲဒီအပင်ကို နုတ်ယူလာမိတယ်'

'အဲဒီအပင် ဘယ်မှာလဲ ပြစမ်း'

ဖိုးကွမ်းက သူ့လွယ်အိတ်ထဲမှ အပင်ကို ထုတ်၍ပြ၏။ ဆေးဆရာဦးထွန်းကြည်က အပင်ကို သေချာစွာကြည့်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… တောက်… မင်း တော်တော်ကံကောင်းတာ နော် ဖိုးကွမ်း၊ ဒါ ဘီလူးဂမုန်းပင်ကွ၊ ငါတို့ဆေးဆရာတွေ ဆေးအတွက်အသုံးပြုဖို့ လိုအပ်ရင်တောင်မှ တောပိုင်တောင်ပိုင် ကြီးတွေဆီမှာ မေတ္တာရပ်ခံပြီး တောင်းရတယ်၊ လူကိုသိပ် အန္တရာယ်ပေးတဲ့ ဂမုန်းမျိုးကွ၊ မင်းက ဘယ်သူမှမတောင်းဘဲ နုတ်ယူလာတော့ ဘီလူးဂမုန်းက ဘီလူးအသွင်ဖန်ဆင်းပြီး မင်းကို သေအောင် သတ်မယ်၊

မိသားစုတွေကုန်တာနဲ့ ရွာကလူတွေကို တစ်ယောက်ချင်း သေအောင်သတ်မယ်၊ လက်သည်မပေါ်ဘဲ လည်ပင်းအညှစ်ခံ ရပြီး သေတဲ့မသာတွေ ရွာမှာအလောင်းချင်း ထပ်နေမှာပဲ၊ တော် တော်ဆိုးတဲ့ကောင်ကွာ၊ နားလည်တဲ့သူသာ ပါမလာရင် မင်း တော့ထဲမှာပဲ သေပြီ၊ တိရစ္ဆာန်အစာဖြစ်ပြီ…'

ဆေးဆရာ ဦးထွန်းကြည်၏ စကားကြောင့် ဖိုးကွမ်း မျက်နှာ ညှိုးကျသွား၏။ ဆေးဆရာဦးထွန်းကြည်က ဘီလူးဂမုန်း ပင်ကို မီးပုံထဲသို့ ပစ်ထည့်လိုက်၏။

'ဝုန်း…'

'ဟင်…'





'ဟာ…'

မီးပုံထဲသို့ကျသွားသော ဘီလူးဂမုန်းပင်ကြောင့် မီးညွန့် ကျိုးနေသော မီးပုံသည် လူတစ်ရပ်စာခန့် မီးတောက်ထလာပြီး အပေါ်သို့ အရိပ်ကြီးတစ်ခုတက်သွားသည်ကို အားလုံးမြင်တွေ့ လိုက်ကြရ၏။

'တွေ့လား ဖိုးကွမ်း၊ ဘီလူးဂမုန်းက မီးနဲ့တွေ့တော့မှ အားပြိုင်ရင်း ရှုံးလို့ အခိုးထွက်သွားတာ၊ ငါတို့မနိုးရင်တော့ မင်း သေမှာအမှန်ပဲ၊ မနက်ကျတော့မှ ဖိုးကွမ်း ဘီလူးဂမုန်း ကြောင့် သေတယ်ဆိုတာ ငါတို့သိရမယ်၊ ရှေ့ကိုခရီးမဆက်နိုင် တော့ဘဲ မင်းအလောင်းကို ရွာပြန်သယ်ရမယ့်ကိန်းဆိုက်ပြီပေါ့'

'ဆရာပြောမှ ပိုတောင်ကြောက်သွားတယ်'

'အဲဒါကြောင့် ရွာကထွက်မလာခင်ကတည်းက တော တောင်ထဲမှာ ဘယ်လိုအမှားမျိုးမှ မလုပ်မိအောင် မင်းတို့ကိုငါ အသေအချာမှာကြားတာ၊ ဒီကြားထဲက မင်းက မင်းဆုံးဖြတ်ချက် နဲ့ မင်း ဘီလူးဂမုန်းပင်ကို ဘာပင်မှန်းမသိဘဲ နုတ်ယူလာတာ အံ့သြလိုက်တာ'

'ဖိုးကွမ်းရယ်… မင်းသာသေသွားရင် ငါတို့အမှုတော်မှာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းညီမ ရှင်တွေးကို ငါတို့ဘယ်လိုရှင်းပြရမလဲ၊ ငါတို့ကို အပြစ်တင်မှာကွ'

'တော်ကြပါကွာ၊ မနက်ခရီးဆက်ရဦးမယ်၊ ပြန်အိပ်ကြတော့၊ ဖိုးကွမ်း··· မင်းကြောင့် အားလုံးအိပ်ရေးပျက်ကုန်ပြီ'

'လည်ပင်းကို အညှစ်ခံထားရတာ အခုတောင် နာနေတယ်'

'ဟုတ်ရဲ့လား ယောက်ဖရယ်'

* ♠ *

ကိုကျော်စီသည် နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ လန့်နိုးလာ၏။ သူ့နှာခေါင်းထဲတွင် မွှေးပျံ့သောရနံ့ကို ရှူရှိုက်မိသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်သည်။ မိန်းကလေးက သူ့အနားမှာ ထိုင်နေသည်။

'ရှင် အိပ်ရာက နိုးလာပြီလား'

မိန်းကလေး၏ ချိုသာသောမေးသံကို ကြားလိုက်ရ၏။ ကိုကျော်စီသည် လှဲနေရာမှ ထထိုင်လိုက်၏။

'ရှင်က အညိုရောင်သစ်သီးရဲ့ အရသာကိုနှစ်ခြိုက်ပြီး နှစ်လုံးစားပစ်လိုက်တော့ အာဟာရတွေပြည့်တင်းပြီး အိပ်ပျော်သွားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ အဲဒီသစ်သီးက အရသာရှိလွန်းလို့ စားပစ်လိုက်တာ၊ တစ်ခဏလေးအတွင်းမှာ အိပ်ချင်လာပြီး အိပ်ပျော်သွားတယ်၊ ဒါနဲ့ မိန်းကလေးက ဘယ်ပျောက်သွားတာလဲ၊ မင်းကို ငါလိုက်ရှာရင်း ကျောက်ဂူအတွင်းပိုင်းထဲကို ရောက်သွားတယ်၊ မှောင်မည်းနေလို့ ဆက်မသွားရဲဘူး၊ အတွင်းပိုင်းထဲကို ဆက်သွားရင် ဘယ်အထိရောက်သွားနိုင်သလဲ'

'ဒီကျောက်ဂူကြီးဟာ တစ်နံတစ်လျား ရှည်လျားတယ်၊ ဒီကျောက်ဂူကြီးအဆုံးကို ဘယ်သူမှ မသွားနိုင်ကြဘူး၊ ကျောက်ဂူကြီးထဲမှာ အန္တရာယ်တွေ များစွာရှိတယ်၊ ဘာလဲ ရှင်က ကျောက်ဂူကြီးတစ်လျှောက်ကို သွားကြည့်ချင်နေတာလား၊ ဘာလို့ အန္တရာယ်များတဲ့ အလုပ်ကို လုပ်ချင်နေတာလဲ'

'စူးစမ်းချင်တဲ့စိတ်နဲ့ ဘယ်အထိရှည်လျားသလဲဆိုတာ သိချင်တာပါ'

'မိမိအတွက်အသက်အန္တရာယ်ရှိတဲ့ စူးစမ်းမှုမျိုးကို မလုပ်ချင်ပါနဲ့'

'ဪ ... ဒါနဲ့ မင်းရဲ့ နာမည်က ဘယ်သူလဲ မိန်းကလေး'





'ကျွန်မနာမည်ကို မသိချင်ပါနဲ့'

'ဘာဖြစ်လို့လဲ မိန်းကလေး၊ နာမည်ကို သိထားတော့ နာမည်ခေါ်လို့ရတာပေါ့'

'နာမည်က အရေးမကြီးပါဘူး'

'အင်း... နာမည်ပြောရမှာတောင် တွန့်တိုလိုက်တာ'

မိန်းကလေးက အသံမထွက်အောင် နှုတ်ခမ်းကို စေ့ထားပြီး ရယ်နေ၏။

'မင်းက ဘာကြောင့် ကျောက်ဂူကြီးထဲမှာ တစ်ယောက်တည်း လာနေရတာလဲ၊ သားရဲတိရစ္ဆာန်တွေကို မင်း မကြောက်ဘူးလား'

'သားရဲတိရစ္ဆာန်တွေက ကျွန်မကို အန္တရာယ်မပြုနိုင်ပါဘူး၊ ရှင်ကရော ကျွန်မကို အန္တရာယ်ပြုဖို့ စိတ်ကူးနေလို့လား'

'ဟာ... မဟုတ်တာ၊ ကိုယ့်အသက်သခင်ကို စိတ်နဲ့တောင် မပြစ်မှားပါဘူး၊ ဟိုရက်တွေက မိန်းကလေး ဘယ်သွားနေတာလဲ'

'ရှင်စားဖို့ သစ်သီးတွေကို တောထဲမှာလိုက်ရှာနေတာလေ၊ ကျွန်မ ပြန်လာတော့ ရှင်က အိပ်ပျော်နေတယ်၊ ရှင်နိုးလာ



www.burmeseclassic.com

www.burmeseclassic.com



ရင်စားဖို့ သစ်သီးတွေ ထားခဲ့တယ်၊ အခုတစ်ခါပြန်လာတော့လည်း ရှင်က အိပ်ပျော်နေပြန်တယ်'

'ငါ အမြန်ဆုံးနေကောင်းမှဖြစ်မယ်၊ တောတောင်ထဲမှာ ငါ့ဆရာ ငါ့ကို ရှာနိုင်းတဲ့ ဆေးပင်ဆေးမြစ်တွေကို တွေ့အောင်ရှာရဦးမယ်၊ ဒီတောထဲမှာ ငါရက်တွေကြာနေလို့ ငါ့ဆရာက ငါ့အတွက် စိတ်ပူနေမှာတော့ အမှန်ပဲ'

'ရှင်အနားယူဖို့ လိုသေးတယ်၊ အာဟာရဖြစ်အောင် သစ်သီးတွေ စားပါဦး'

'ငါ ဘယ်အရပ်၊ ဘယ်နေရာကို ရောက်နေတယ်ဆိုတာ ငါမသိဘူး၊ ငါနေတဲ့အရပ်ဒေသကို ရောက်အောင် ဘယ်နှစ်ရက်လောက်သွားရမလဲဆိုတာလည်း ငါမသိဘူး'

'ရှင် ပြန်လို့ရမယ့်နေ့ကျရင် ကျွန်မ လမ်းညွှန်ပေးပါ့မယ်'

'ငါ့ဗိုက်ထဲက ဆာလိုက်တာ'

'ရှင့်ဘေးနားမှာ သစ်သီးတွေရှိတယ်၊ စားလိုက်ပေါ့'

'မိန်းမသားတစ်ယောက်က ငါစားဖို့အစာကို လိုက်ရှာပေးနေတယ်ဆိုတာ မဟုတ်သေးပါဘူး၊ နောက်နေ့တွေကျရင်





ငါကိုယ်တိုင် ရှာဖွေစားပါ့မယ်'

မိန်းကလေးက ဂူပေါက်ဝဘက်သို့ လျှောက်သွားသည်။ ကိုကျောက်စိက သစ်သီးတစ်လုံးကို အရသာခံကာ စားသောက်နေ၏။

'သစ်သီးတွေကို စားကောင်းကောင်းနဲ့ စားမနေနဲ့ဦး'

သူ့အနားသို့ လျှောက်လာရင်း ပြောသော မိန်းကလေး၏ အသံကြောင့် ကိုကျောက်စိ လန့်သွားမိလေ၏။

'အားအင်တွေ ပြည့်ဖြိုးလာမှ ငါ့နေရပ်ကို ပြန်နိုင်မှာမို့ စားနေရတာပါ၊ မင်းရော စားဦးလေ'

'ကျွန်မက သစ်သီးရှာရင်း စားလာခဲ့တယ်'

'ငါပြန်ရင် မင်းပါ တစ်ခါတည်း လိုက်ခဲ့ပါလား မိန်းကလေး'

'ကျွန်မ ဒီနေရာမှာ တစ်ယောက်တည်းနေရတာ အဆင်ပြေပါတယ်'

'မင်းကို ငါ့ညီမတစ်ယောက်လို သဘောထားပြီး လုပ်ကိုင်ကျွေးမွေးပါ့မယ်'

ကိုကျောက်စိသည် မိန်းကလေးနှင့် စကားပြောနေရင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်များ စင်းလာ၏။

'ရှင် အိပ်ချင်နေပြီမဟုတ်လား၊ အားရှိလာအောင် အိပ်စက်လိုက်ပါ'

ကိုကျော်စီက ဟန်မဆောင်နိုင်တော့ဘဲ လှဲအိပ်လိုက်သည်။ မိန်းကလေးသည် ကျောက်ဂူ၏အတွင်းပိုင်းသို့ ဝင်သွားသည်။ သူမ၏ ခြေသံသည် ကိုကျော်စီ၏နားထဲတွင် နီးကပ်စွာ ကြားနေရင်းမှ ဝေး၍ဝေး၍ သွားလေ၏။ ကျောက်ဂူထဲတွင် မှုန်ပျပျအလင်းရောင်သာ ရှိနေ၏။ ကိုကျော်စီသည် တကယ်တမ်း အိပ်စက်သောအခါ အိပ်ပျော်နိုင်တော့။

ကျောက်ဂူအတွင်းပိုင်းထဲမှ မိန်းကလေး ပြန်အလာကို နားစွင့်နေမိသည်။ နောက် သုံး၊ လေးရက်ကြာ၍ လမ်းလျှောက်နိုင်လျှင် မွေးစားအဖေလည်း ဖြစ်၊ ဆရာလည်းဖြစ်သော ဆရာဦးထွန်းကြည်ထံသို့ပြန်ရန် သူ စိတ်ကူးနေသည်။ သူ့အတွက်ကြောင့် ဆရာဦးထွန်းကြည် စိတ်သောကရောက်နေမည်ကို သူ မလိုလား။

ကျောက်ဂူအတွင်း ပိုင်းမှ သူရှိရာသို့ ပြန်လျှောက်လာသည့် ခြေသံကို ကြားရသည်။ ခြေသံရှင်က ချောင်းတဟွတ်





ဟွတ်ဆိုးနေ၏။ ကိုကျော်စီက အိပ်ချင်ဟန်ဆောင်နေလိုက်၏။ ခြေသံရှင်က သူ့အနားသို့ရောက်လာသည်။ ကိုကျော်စီက အနားသို့ရောက်လာသည့် ခြေသံရှင်ကို မိန်းကလေးအထင်ဖြင့် ကြည့်လိုက်၏။

'ဟင်...'

ပါးစပ်ပိတ်ထားသဖြင့် သူ့အံ့သြသံသည် အပြင်သို့ ထွက်မလာ။ သူ့အနားသို့ ရောက်လာသည့် ခြေသံရှင်သည် မိန်းကလေးမဟုတ်။ ဆံပင်ကို ဖားလျားချထားပြီး ပြူးထွက်နေသော မျက်လုံးများ၊ ရှည်လျားသော သွားများနှင့် အဘွားအိုတစ်ဦးဖြစ်နေသည်။ လက်များကို ဘေးသို့တွဲလောင်းချထား၏။ ခြေသည်း၊ လက်သည်းရှည်များသည် ချွန်ထက်နေ၏။ ဦးခေါင်းက ဘယ်ညာခါယမ်းနေသောအခါ ဆံပင်ရှည်များက ဟိုသည်လှုပ်ရှားနေကြ၏။

ကိုကျော်စီသည် အသက်ကိုပြင်းပြင်းမရှူရဲ။ တကယ်ငြိမ်သက်နေသူအလား သတိထားနေရသည်။ ကျောက်ဂူအတွင်းပိုင်းသို့ဝင်သွားသည့် မိန်းကလေးက အရုပ်ဆိုးအကျည်းတန်သော အဘွားအိုဖြစ်သွားရပါလိမ့်ဟု စဉ်းစားမရနိုင်အောင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ မိန်းကလေးသည် လူသားစစ်စစ်မဟုတ်တာတော့ သူ သိသွားသည်။ အဘွားအိုထံမှ သွေးညှီနံ့များက ကျောက်ဂူထဲ သို့ ဝင်လာသောလေနှင့်အတူ သူ့ထံသို့ ရောက်လာသည်။ သူ အော့အန်ချင်မိပေမယ့် မျိုသိပ်ထားမိသည်။

'ဒီကောင် ထွက်မပြေးနိုင်သေးပါဘူး၊ သူ အင်အား ပြည့်ဖြိုးလာတော့မှ ငါ့အကြောင်းသိမယ်'

အဘွားအို၏ကြိမ်းဝါးသံကြောင့် ကိုကျောက်စီ ကြက်သီး ထသွားမိ၏။ အဘွားအိုသည် မကောင်းဆိုးဝါးတစ်ကောင်မှန်း သူရိပ်စားမိလာ၏။ မကောင်းဆိုးဝါးမကြီးက ကိုကျောက်စီ၏ အနားသို့ လျှောက်လာ၏။ ကိုကျောက်စီ၏ လက်တစ်ဖက်ကို ကိုင်ကြည့်၏။ လက်များက ရေခဲတုံးကဲ့သို့ အေးစက်နေ၏။ ကိုကျောက်စီသည် လန့်ဖျပ်ပြီး လက်ကိုမရုန်းမိစေရန် သတိ ထားနေရ၏။ ကျောက်ဂူအတွင်းပိုင်းမှ လျှောက်လာသည့် ခြေသံ ကို ကြားရပြန်၏။ ခြေသံက သူ့အနားသို့ ရောက်လာ၏။

'ဟင်… အမေကလည်း ဘာလို့ ကျောက်ဂူဝကို လာရ တာလဲ၊ ကျောက်ဂူထဲမှာ နေပါ၊ အမေ့ရုပ်ရည်ကို သူမြင်သွားရင် လန့်ဖျပ်ပြီး ထွက်ပြေးသွားမှာပေါ့'





'ဒီကောင် ထွက်မပြေးနိုင်ပါဘူး၊ ထွက်ပြေးသွားရင် လည်း ငါတို့လက်က လွတ်ဖို့မလွယ်ပါဘူး၊ တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့'

'သူ ကြောက်လန့်သွားအောင်တော့ မလုပ်ပါနဲ့၊ သူက တောထဲမှာ သေးမြစ်လာရှာတာ၊ တောထဲက မိစ္ဆာကောင်တွေက နှိပ်စက်လွှတ်လိုက်လို့ ထွက်ပြေးရင်း ဒဏ်ရာတွေရပြီး သတိမေ့ နေတာ'

'ငါတို့နေတဲ့နေရာကို ဒီကောင်သိသွားပြီ၊ နောက်တစ်ခါ ငါတို့ဆီလာပြီး အနှောင့်အယှက်ပေးရင် ဘယ်လိုလုပ်မလဲ၊ ငါတို့ ဆီ ဒီကောင်မလာရဲအောင်တော့ လုပ်မှဖြစ်မယ်'

'သူ့ဘာသာပြန်သွားရင်လည်း ပြီးတာပါပဲ အမေရယ်၊ သူလည်း အိပ်ပျော်နေတယ်၊ လာ… အမေ သွားကြရအောင်'

မိန်းကလေးက အဘွားအို၏ လက်မောင်းကိုကိုင်ကာ ခေါ်သွား၏။ သည်တော့မှ ကိုကျောက်စီ သက်ပြင်းချမိသည်။ သည်နေရာမှ အမြန်ဆုံးထွက်ပြေးသွားလိုစိတ်များ ကိုကျောက်စီ တွင် ဖြစ်ပေါ်နေ၏။ မိန်းကလေး၏အလှတွင် နစ်မွန်းရင်း သောင်ဖြစ်နေမိသည့်စိတ်ကလည်း သူ့ကိုဆွဲငင်ထားသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ ယခုသူရောက်ရှိနေသော ကျောက်ဂူသည် အတွင်းဘက်သို့ အဘယ်မျှအထိရှည်လျားသည်ကို ကိုကျောက်စီ သိချင်နေမိ၏။ အဘွားအိုနှင့်မိန်းကလေးသည် ကျောက်ဂူအတွင်းပိုင်းတွင် နေထိုင်ကြသလား။ ကိုကျောက်စီသည် အမျိုးမျိုးတွေးကြည့်နေမိ၏။

နောက်တစ်နေ့ မနက်တွင် ကိုကျောက်စီသည် အိပ်ရာမှ အစောကြီးနိုးလာ၏။ မိန်းကလေးကို မတွေ့ရ။ ကျောက်ဂူအတွင်းတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။ ကိုကျောက်စီသည် ကျောက်ဂူအတွင်းပိုင်းသို့ အရဲစွန့်၍ ဝင်လာခဲ့၏။ ကျောက်ဂူထဲတွင် ဘာတွေရှိသလဲ။

မိန်းကလေးနှင့် အဘွားအိုတို့ မည်သည့်နေရာတွင် နေထိုင်ကြသလဲဆိုတာကို သိချင်၍ ဖြစ်၏။ ကျောက်ဂူအတွင်းပိုင်းသည် မည်းမှောင်နေ၏။ ကိုကျောက်စီသည် ကျောက်ဂူနံရံကို စမ်း၍ အတွင်းပိုင်းသို့ တိုး၍တိုး၍ ဝင်လာခဲ့၏။ ကျောက်ဂူအတွင်းပိုင်းမှ အသံများကို ကြားနေရလေ၏။

သူနှင့် မျက်နှာချင်းဆိုင်မှ လာနေသော ခြေသံမှ ကိုကျောက်စီ သိလိုက်၏။ ကိုကျောက်စီသည် သူ့ကိုမြင်တွေ့





သွားမည်ကို စိုးရိမ်မိနေ၏။ အမှောင်ထဲတွင်ဖြစ်၍ ဘယ်နေရာတွင် ပုန်းအောင်းနေရမည်ကို စဉ်းစား၍မရ။ ကိုကျောက်စီသည် ကျောက်ကမူတစ်ခုပေါ်သို့ အားလျားမှောက်လဲကျသွားလေ၏။ ဒူးဆစ်နှင့်တံတောင်ဆစ်တွင် နာကျင်သော ဝေဒနာကို ခံစားရလေ၏။ ကျောက်ကမူကို လက်ဖြင့်စမ်းသပ်ကြည့်ပြီး တစ်ဖက်တွင် ထိုင်ချလိုက်၏။ ဒူးဆစ်နှင့် တံတောင်ဆစ်မှ ပွန်းပဲ့ဒဏ်ရာများကို လက်ဖြင့်စမ်းပြီး ပွတ်သပ်နေမိ၏။

'ဟိုကောင်ကို အသက်ရှင်အောင် ဘာလို့ အစားအစာတွေ ကျွေးနေရတာလဲ၊ သေသွားရင် ကိစ္စရှင်းသွားတာပေါ့'

'သူ ဒုက္ခရောက်နေလို့ ကယ်တင်ထားမိတာပါ၊ သူ ကျန်းမာလာလို့ ပြန်သွားတော့လည်း ပြီးသွားတာပဲ၊ သူက ဒီကျောက်ဂူထဲမှာ ကျွန်မတစ်ယောက်တည်းနေတယ်လို့ အောက်မေ့နေတာ'

'သူ့အပေါ် စေတနာ ထားမနေပါနဲ့'

မိန်းကလေးနှင့် အဘွားအိုက သူ့အနားက ဖြတ်လျှောက်သွားသလို သူ ထင်လိုက်ရသည်။ ကျောက်ကမူအောက်ခြေတွင် သူဝပ်နေပါလျက် မိန်းကလေးသည် သူ့ကိုဘာကြောင့်မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သနည်း။ မိန်းကလေးနှင့်အဘွားအိုသည် ကျောက်ဂူအပေါက်ဝဘက်သို့ သွားနေကြ၏။ သူတို့နှစ်ယောက်၏အသံက ဂူထဲတွင် ပဲ့တင်သံပျံ့နေ၏။ ကိုကျောက်စီသည် ရှေ့သို့ဆက်လာခဲ့သည်။

ကျောက်ဂူအတွင်းတွင် အမြင့်ပေါ်မှ အောက်ဘက်သို့ ရေစီးနေသည့်အသံကို ကြားမိ၏။ ဘယ်နေရာတွင်ရှိသည်ကို မှောင်မိုက်နေ၍ မမြင်ရ။ တစ်စတစ်စ တိုးဝင်လာရင်း မှိန်ပျပျ အလင်းရောင်ကို မြင်ရသဖြင့် ကိုကျောက်စီ အားတက်သွားသည်။

မနက်ဝေလီဝေလင်းနှင့် ညနေနေဝင်ပြီး မှောင်စပျိုးချိန်တွင် မြင်တွေ့ရသော အလင်းရောင်တန်းရှိရာ ကိုကျောက်စီသည် ရှေ့သို့ဆက်လာခဲ့မိ၏။ ကျောက်ဂူထဲတွင် အေးစိမ့်နေသည်။ ကျောက်ဂူသည် အကွေ့အကောက်များစွာ ရှိနေသည်။ သူဝင်လာမိသော ခရီးတာသည်ပင် အတော်ဝေးကွာလှပြီ။ အလင်းရောင်သည် တိုးတိုးပြီးလင်းလာသလို ထင်ရလေ၏။

'ဟင်...'

ကျောက်ဂူထဲတစ်နေရာတွင် အရိုးစုပုံကြီးကို တွေ့ရလေ၏။ လူသားအရိုးစုများနှင့် တိရစ္ဆာန်အရိုးစုများဖြစ်လေ၏။ ကိုကျောက်စီ၏ ရှေ့သို့ လှမ်းနေသောခြေလှမ်းသည် နောက်သို့





ပြန်ဆုတ်သွား၏။

'သေပြီးသားအရိုးစုတွေ ဘာကြောက်စရာရှိသလဲ' ဟု စိတ်ကိုတင်းပြီး ရှေ့သို့လာခဲ့သည်။ မျက်နှာချင်းဆိုင်အရပ် ကျောက်ဂူ၏အပေါ်ဘက်မှ အလင်းတန်းတစ်ခုသည် ကျောက်ဂူအတွင်းသို့ ဝင်ရောက်နေသည်ကို တွေ့လိုက်ရ၏။ အလင်းတန်းသည် ကျောက်ဂူထဲမှ ရေအိုင်ငယ်တည့်တည့်သို့ ကျနေရာ အလင်းရောင်သည် ကျောက်ဂူအတွင်း ဖြာထွက်နေလေ၏။

'ဟာ... ဟိုမှာ'

ကျောက်သားပြင်ပေါ်တွင် ပြန့်ကြဲနေသော ရွှေငွေလက်ဝတ်ရတနာများကို မြင်တွေ့လိုက်ရသောကြောင့် ကိုကျောက်စီ အံ့သြသွား၏။ ထိုနေရာသို့ ပြေးသွားကာ ရွှေငွေအဆင်တန်ဆာများကို ယူ၍ ကြည့်မိ၏။

'ဟင်... ရတနာပစ္စည်းတွေက မနည်းပါလား'

ကိုကျောက်စီသည် ရတနာပစ္စည်းများကို လိုချင်သည့် တပ်မက်စိတ်များ ဖြစ်ပေါ်လာလေ၏။ သူ့လက်ထဲတွင် ကိုင်ထားသော ရတနာပစ္စည်းများကို အင်္ကျီရင်ဘတ်ထဲသို့ ထည့်ထားလိုက်၏။ ကျောက်သားပြင်ပေါ်မှ ရတနာပစ္စည်းများကို ကောက်မည်



www.burmeseclassic.com

www.burmeseclassic.com



ပြုစဉ် ကျောက်ဂူအတွင်းလျှောက်လာသည့် ခြေသံကြောင့် ကိုကျောက်စီ လန့်သွား၏။ ပုန်းအောင်းရန်နေရာကို ရှာဖွေကြည့်သည်။ ကျောက်ပန်းဆွဲများပေါ်သို့တက်ကာ သူပုန်းနေလိုက်၏။ ထိုနေရာသို့ မိန်းကလေးနှင့် အဘွားအိုတို့ ရောက်လာကြ၏။ အဘွားအို၏ရုပ်သွင်က အလင်းရောင်ဖြင့် မြင်ရမှ ပို၍ ကြောက်စရာကောင်းလွန်းနေ၏။

'ဒီကောင် ငါတို့ကိုကြောက်ပြီး ထွက်ပြေးသွားတာထင်တယ်၊ တောထဲမှာ မျက်စိလည်ပြီး ကျားစာဖြစ်မှာ သေချာတယ်'

'သူ့ဘာသာထွက်သွားတော့လည်း ပြီးတာပဲပေါ့'

မိန်းကလေးနှင့်အဘွားအိုသည် ကိုကျောက်စီ မမြင်ရသော နေရာဘက်သို့ လျှောက်သွားကြ၏။ စကားပြောနေရာမှ အသံများ တိတ်ဆိတ်သွားလေ၏။ ကိုကျောက်စီသည် အောက်သို့ဆင်းရနိုး။ ကျောက်ပန်းဆွဲများပေါ်တွင် ပုန်းအောင်းနေရနိုးနှင့် ချီတုံချတုံ ဖြစ်နေလေ၏။ မိန်းကလေးနှင့် အဘွားအိုတို့ လျှောက်သွားသော နေရာသို့ နားစွင့်ကြည့်မိ၏။

အတန်ကြာသည်အထိ ဘာသံမှ မကြားမှ ကျောက်ပန်းဆွဲများပေါ်မှ အောက်သို့ဆင်းလာခဲ့၏။ မိန်းကလေးနှင့် အဘွား





အိုကို ရှာကြည့်ပေမယ့် မတွေ့ရ။ ထိုနေရာတွင် ကျောက်ဂူသည် နံရံကြီးခြားထားသလို ပိတ်နေလေ၏။ သို့ပေမယ့် ထန်းလုံးခန့် အပေါက်ကြီးတစ်ပေါက်သည် ကျောက်နံရံအောက်ခြေတစ်နေရာတွင် ရှိနေ၏။ မိန်းကလေးနှင့် အဘွားအိုတို့ ပျောက်ဆုံးသွားပုံမှာ ထူးဆန်းနေ၏။

ကိုကျောက်စီသည် ဝမ်းလျားမှောက်ပြီး ကျောက်နံရံအောက်ခြေမှအပေါက်ကို သေချာစွာ ကြည့်နေ၏။ အပေါက်က မည်းမှောင်နေ၏။ ကိုကျောက်စီ ဟိုသည် တွေးကြည့်နေစဉ်မှာပင် ကျောက်ဂူအတွင်း၌ အလင်းရောင်များမှိန်လာကာ လုံးဝမည်းမှောင်သွားလေ၏။

'ဟာ...'

ကိုကျောက်စီ၏ စိတ်ထဲတွင် စိုးထိတ်သွား၏ ရတနာပစ္စည်းများ တွေ့သောနေရာသို့ မှန်းဆပြီး လက်ဖြင့်စမ်းကြည့်သည်။ ဘာမှမရှိတော့။ ကိုကျောက်စီရင်ထဲတွင် တဆတ်ဆတ်ခုန်လာသည်။ ကျောက်ဂူအပေါက်ဝသို့ နံရံကိုစမ်းပြီး လာခဲ့လေ၏။ မိန်းကလေးနှင့် အဘွားအိုတို့ သူ့နောက်မှလိုက်လာမည်ကို စိုးရိမ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူထဲတွင် ဟိုဝင်ဒီတိုက်နှင့် လာခဲ့ရာ တစ်နာရီခန့်ကြာလျှင် ကျောက်ဂူအပေါက်ဝသို့ ရောက်လာလေ၏။ ကိုကျောက်စီသည် ဘာမှမစဉ်းစားတော့ဘဲ ကျောက်ဂူထဲမှ ထွက်ပြေးလာခဲ့သည်။ မိုးပေါ်သို့ မော့ကြည့်တော့ နေမင်းကြီးက အတော်စောင်းနေလေပြီ။

ကိုကျောက်စီသည် ကျောက်ဂူထဲတွင် မနေရဲတော့သဖြင့် ခြေဦးတည့်ရာသို့ ပြေးလာခဲ့မိလေ၏။ တောင်ကြောအတိုင်း သစ်ပင်ထူထပ်သော တောကြီးအတွင်း ပြေးလာမိသည်ကို ကိုကျောက်စီ သတိပြုမိလာ၏။

နောက်သို့လှည့်ကြည့်တော့ မြင့်မားသောသစ်ပင်များကြောင့် ကျောက်ဂူကြီးရှိသည့် နေရာကို မမြင်ရ။ ခရီးဝေးဝေးသို့ ရောက်မှ ကိုကျောက်စီ သက်ပြင်းချမိတော့၏။

ဆာလောင်မှုများကို မျိုသိပ်ထားရ၏။ ညအမှောင်တွင် သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်ကာ ခွဆုံတွင် ထိုင်၍ အမောအပန်း ဖြေနေ၏။

သစ်ပင်ကြီးပေါ်တွင် အိပ်တန်းတက်နေသော ငှက်များမှာ ကိုကျောက်စီကို ကြောက်လန့်ပြီး ထပျံကုန်ကြလေ၏။





အလင်းရောင်ပျောက်၍ အမှောင်ထုက ကြီးစိုးသွားလေ၏။

ကိုကျောက်စီသည် အင်္ကျီရင်ဘတ်ထဲမှ ရတနာပစ္စည်းကို လက် ဖြင့်စမ်းကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေမိ၏။ လရောင်သည် သစ်ရွက်များကို ထိုးဖောက်ကာ မြေပြင်ပေါ်သို့ အလင်းပြောက်ကလေးများသာ ကျနေ၏။ ကိုကျောက်စီ၏ တစ်ကိုယ်လုံးသည် ပြေးလွှားလာရသည့်ဒဏ်ကြောင့် နွမ်းလျနေ၏။ သစ်ကိုင်းကို ခေါင်းမှီကာ မှေးစက်နေမိလေ၏။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ဆေးဆရာဦးထွန်းကြည်နှင့် ရွာမှလူငယ်များသည် တစ်တောဝင် တစ်တောင်တက်ဖြင့် ကိုကျောက်စီကို ရှာဖွေနေကြသည်။

တောအုပ်ထဲတွင် သွားလာနေသည့်အခါ အေးစိမ့်နေပြီး ကျောက်တောင်များကို ဖြတ်ကျော်ရသည့်အခါ နေပူရှိန်က ကျောကျဲလှမတတ် ပူပြင်းလှ၏။

တောအုပ်တစ်ခုကို ဖြတ်ကျော်မိလျှင် တစ်ဖက်တောင်ကြောသို့ရောက်ရန် ကြားထဲ၌ ချောက်ကမ်းပါးကြီး တစ်ခုကို တွေ့ရလေ၏။ သစ်ပင်ကြီးတစ်ပင်က တောအုပ်ဘက်မှ လဲပြီး တောင်ကြောပေါ်သို့ မေးတင်နေ၏။





'ဒီသစ်ပင်ရဲ့ပင်စည်လုံးပေါ်က ဖြတ်လျှောက်ရမယ်၊ သတိဝီရိယရှိဖို့တော့ လိုတယ်၊ သစ်ပင်ပေါ်က အောက်ကိုကျတာနဲ့ အရိုးတခြား အသားတခြား ဖြစ်သွားမယ်၊ ငါက မင်းတို့ကို ခေါ်လာခဲ့သူဆိုတော့ မင်းတို့လေးယောက် အရင်ကူးသွားကြ၊ ငါ နောက်ဆုံးမှကူးမယ်'

ဆေးဆရာဦးထွန်းကြည်က ပြော၏။

'ဆရာက ကျွန်တော်တို့အတွက် စိုးရိမ်နေလို့လား၊ ဒီအတွက်တော့ မစိုးရိမ်ပါနဲ့၊ ကျွန်တော်တို့ကသာ ဆရာ့အတွက် စိုးရိမ်တာ၊ ဆရာက အသက်အရွယ်ရနေပြီမဟုတ်လား၊ သစ်ပင်ပေါ်ကဖြတ်လျှောက်နေတုန်း မူးမောပြီး အောက်ကိုကျမှာစိုးတာ'

'ဒီလိုဆို ငါအရင်ကူးမယ်'

ဆေးဆရာဦးထွန်းကြည်သည် တစ်ဖက်တောင်ကြောသို့ ရောက်အောင်ကူးသွားလေ၏။ ရွာသားလူငယ်လေးဦးက ဖြည်းဖြည်းချင်းကူးလာသည်။

'ဒီတောင်ကြောကို ကျော်ရင် တောအုပ်ကိုရောက်မယ်၊ အဲဒီတောအုပ်ထဲရောက်မှ အနားယူရင်း ချက်ပြုတ်စားသောက်ကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



သူတို့လူစုသည် တောင်ကြားကို ခြေလှမ်းသွက်သွက်ဖြင့် ခရီးနှင်လာခဲ့ကြ၏။

တောအုပ်ထဲသို့ဝင်မိလျှင်…

'ဟူး… အခုမှတစ်ကိုယ်လုံး အေးချမ်းသွားတော့တယ်'

သစ်ပင်ရိပ်တွင် ထိုင်ကာ နားနေကြ၏။

'ဒီတောအုပ်ထဲမှာ ဆေးပင်တွေရှိတယ်၊ ငါ့ဘာသာ တောပိုင်တောင်ပိုင်တွေဆီမှာ တောင်းပန်ပြီး နုတ်ယူမယ်၊ မင်းတို့လေးယောက်ကို ငါထပ်ပြီးမှာဦးမယ်၊ ဖိုးကွမ်းလို အပင်ကလေးလှတယ်ဆိုပြီး နုတ်ယူလာတာမျိုး မလုပ်ပါနဲ့'

ဆေးဆရာဦးထွန်းကြည်က သစ်ပင်၏ ပင်စည်ကိုမှီ၍ ထိုင်နေရင်းမှ ပြောလေ၏။

'စိတ်ချပါ ဆရာ၊ ဖိုးကွမ်း ခံလိုက်ရတာကို သိနေတာပဲ'

သူတို့လူစုသည် ထိုနေရာတွင် နေ့လယ်စာကို ချက်ပြုတ်စားသောက်ကြပြီး ခရီးဆက်ခဲ့ကြပြန်၏။

'ဆရာ ဆေးပင်တွေ မရှာတော့ဘူးလား'

စံခွေးက ပြောလေ၏။

'ကျောက်စီကို ရှာတွေ့ဖို့က အရေးကြီးတယ်၊ ဆေးပင်





က အပြန်ကျတော့မှ ရှာလို့ရပါတယ်'

'သြော်… ဟုတ်ကဲ့'

ဆေးဆရာဦးထွန်းကြည်က ရှေ့ဆုံးမှ ဦးဆောင်ကာ လျှောက်လှမ်းနေ၏။

'ဟော… ဒီမှာတွေ့လား'

'ဗျာ… ဆရာ၊ ဘာလဲ'

မြေကြီးကို တူးဆွထားသဖြင့် ချိုင့်ဖြစ်နေသော နေရာများကို ဆေးဆရာဦးထွန်းကြည်က ရွာသားလူငယ်များကို လက်ညှိုးထိုးပြလေ၏။

'ဒါ… ကျောက်စီ ဆေးမြစ်တူးသွားတဲ့နေရာတွေကွ၊ ဒီကောင် ငါပြောတဲ့ဆေးပင်ကို မတွေ့မချင်း လိုက်ရှာနေတာများလား'

'ကိုကျောက်စီက ဖွဲ့ကြီးတယ်၊ ဆရာထင်တာ ဖြစ်နိုင်တယ်'

'ဒီတောအုပ်က တစ်နံ့တစ်လျားကျယ်ပြောတယ်၊ ဒီတောအုပ်ထဲမှာ လိုက်ရှာရင်တောင် လနဲ့ချီပြီး ကြာမှာကွ၊ ဒီဆေးပင်ကိုတွေ့ဖို့က တိုက်ဆိုင်မှုရှိမှလို့ ငါမှာလိုက်သားပဲ၊ တချို့



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး လိုက်ရှာတာတောင် တွေ့မသွားတဲ့သူတွေ တစ်ပုံကြီးကွ'

တောအုပ်ထဲတွင် ဆေးမြစ်တူးသွားသည့် လတ်လတ်ဆတ်ဆတ်နေရာများစွာကို တွေ့ရလေ၏။

'အင်း... ဟင်း... ဟင်း...'

အနောက်ဘက်ဆီမှ ညည်းညူသံကြောင့် ဆေးဆရာဦးထွန်းကြည်က နောက်ပြန်လှည့်ကြည့်လေ၏။

'ဟော့... စွာလကျစ်... ဘာဖြစ်တာလဲကွ'

'ရင်ထဲက ချမ်းပြီး တစ်ကိုယ်လုံး တုန်တုန်တက်နေလို့'

'ဟင်... မင်းတော့ဖျားပြီ၊ နေပူမိပြီး ဖျားတာ၊ ဟိုသစ်ပင်အောက်မှာ ခဏနားကြရအောင်၊ စွာလကျစ်ကို ဆေးတိုက်ဦးမှ'

စွာလကျစ်မှာ တစ်ကိုယ်လုံးတုန်ယင်နေသည်။ ဖိုးကွမ်းက စွာလကျစ်ကို တွဲ၍ခေါ်လာ၏။

ဆေးဆရာဦးထွန်းကြည်က ဆေးလွယ်အိတ်ထဲမှ အဖျားကျဆေးကို ထုတ်၍တိုက်လေ၏။





'ဆရာ ကျွန်တော့်တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေတယ်'

'ဒီဆေးသောက်လိုက်၊ ရှေ့ကို ခရီးအတော်အတန်သွားပြီးရင် တစ်နေရာမှာ စခန်းချနားကြမယ်'

ဖိုးကွမ်းနှင့်စံခွေးက စွာလကျစ်ကို တစ်ယောက်တစ်ဖက်တွဲကာ ခေါ်လာလေ၏။

စွာလကျစ်မှာ ပင်ပန်းနွမ်းနယ်နေရှာ၏။ ခရီးအတော်အတန်သွားမိလျှင် တောတွင်းတစ်နေရာ၌ နှစ်ထပ်အိမ်ကြီးတစ်လုံးကို တွေ့ရလေ၏။

'ဒါ... ကိုလိုနီခေတ်က မျက်နှာဖြူသစ်တောအရာရှိတွေ စခန်းချသွားတဲ့အိမ်ဖြစ်ရမယ်၊ ညဘက် လေမိုးလုံတဲ့နေရာမှာ စခန်းချရတာပေါ့'

ဆေးဆရာ ဦးထွန်းကြည်က အိမ်ထဲသို့ ဝင်သွားလေ၏။

'ဟုတ်ပါ့ဗျာ၊ ငါထင်တဲ့အတိုင်း မမှားပါဘူး၊ အောက်ထပ်ခေါင်းရင်းပိုင်းမှာ အရာရှိတွေနေတဲ့ အခန်းနှစ်ခန်းဖွဲ့ထားတာ၊ တံခါးရွက်မှာ မြေကြီးခဲနဲ့ရေးထားတာ တွေ့လား၊ ဘာရယ် သားဒေါ့ရယ်ဒလစ်တဲ့၊ မျက်နှာဖြူဆိုတော့ မြန်မာစာရေးထား



www.burmeseclassic.com

www.burmeseclassic.com



တာကို ဘယ်သိပါ့မလဲ၊ အင်း… နေဦးကွ၊ ဒီကောင်တွေမှာ စကားပြန်ရှိတယ်၊ စကားပြန်က ဒီစာရေးထားတာကို မမြင်ဘဲ နေမလား၊ မမြင်ချင်ဟန် ဆောင်နေတာဖြစ်မယ်'

ဆေးဆရာဦးထွန်းကြည်က ဖိုးကွမ်းအား အခန်းထဲမှ စက္ကူချပ်များကို ဆွဲဖြုတ်စေပြီး ဖုန်ခါနိုင်း၏။ ထို့နောက် ကြမ်းပြင်ပေါ်တွင် ခင်းနိုင်းပြီး ဈာလကျစ်ကို လှဲနေစေ၏။ သူကိုယ်တိုင်က အိမ်ကြီး၏ အပေါ်ထပ်သို့ တက်သွား၏။ အပေါ်ထပ်တွင် ဖုန်မှုန့်များက အမွေးသားတက်နေသည်။ ဖုန်မှုန့်များပေါ်တွင် ဖိနပ်ရာများကို တွေ့၍ အံ့သြသွားလေ၏။ စခွေးက ဆေးဆရာဦးထွန်းကြည်၏နောက်မှ လိုက်လာ၏။

'မကြာခင်က ဒီအိမ်ကြီးပေါ်ကို လူတွေတက်ခဲ့သေးတယ်ကွ၊ ဟိုမှာတွေ့လား၊ ဖိနပ်ရာတွေ၊ ဖိနပ်ရာက လူသုံးလေးဦးရဲ့ ဖိနပ်ရာတွေဆိုတော့ ကျောက်စီတစ်ယောက်တည်း ရောက်လာတာ မဖြစ်နိုင်ဘူး၊ ဟိုဖိနပ်ရာက ဘွတ်ဖိနပ်ရာတွေ'

'ဒီလိုတောနက်ထဲဆိုတော့ သစ်တောဌာနက လူတွေ ရောက်လာတာပဲဖြစ်နိုင်တယ် ဆရာ'

'ကဲ… လာ… အချိန်ရှိတုန်း သစ်ဝါးတွေသွားရှာထား





ညကျရင် သားရဲတိရစ္ဆာန် အန္တရာယ်က ကြောက်ရတယ်'

ဆေးဆရာဦးထွန်းကြည်က အိမ်အပေါ်ထပ်မှ ဆင်းလာ၏။

ဖိုးကွမ်းနှင့်စခွေးက သစ်ကိုင်းခြောက်များဖြင့် မီးဖိုနေ၏။

'ဒီမျက်နှာဖြူကောင်တွေ စတည်းချတဲ့နေရာဆိုရင် ဒီအနီးအနားမှာ ရေရတဲ့နေရာ ရှိမှာတော့ အမှန်ပဲ၊ ဥပမာ စမ်းချောင်း ဒါမှမဟုတ် ချောင်းငယ် မြစ် စသဖြင့်ပေါ့၊ ဖိုးကွမ်း ငါနဲ့လိုက်ခဲ့၊ လိုက်ရှာကြရအောင်'

ဆေးဆရာဦးထွန်းကြည်၏ ထင်မြင်ချက်မမှားပေ။ အိမ်ကြီး၏ မလှမ်းမကမ်းတွင် စမ်းချောင်းတစ်ခုကို တွေ့ရလေ၏။ ဆေးဆရာဦးထွန်းကြည်က သစ်ပင်ပင်စည်များတွင် ဓားဖြင့် ခုတ်ထစ်မှတ်သားလာခဲ့၏။

ဖိုးကွမ်းက ရေလုံအိတ်ဖြင့် စမ်းချောင်းထဲမှရေကို ခပ်ယူလာခဲ့၏။ အိမ်ကြီး၏ရှေ့တွင် မီးဖိုကာ ညစာချက်ပြုတ်စားကြသေး၏။ ဆေးဆရာဦးထွန်းကြည်က ဈာလကျစ်ကို အဖျားကျဆေးတိုက်ပြီး အိပ်နိုင်းထား၏။ ညစာစားပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဆောင်တွင်ထိုင်ကာ စကားပြောနေကြလေ၏။

'ငါ့သားတပည့် ကျောက်စီ ဘယ်နေရာကို ရောက်နေသလဲမသိဘူး'

ဆေးဆရာ ဦးထွန်းကြည်က ဆေးပြင်းလိပ်ကိုမီးညှိဖွာရှိုက်နေရင်းမှ ပြောလေ၏။ ရွာသားလူငယ်သုံးဦးက သစ်ရွက်များခင်း၍ လဲလျောင်းနေကြလေ၏။ သူတို့တစ်နေ့တာ လျှောက်လှမ်းခဲ့ရသော ခရီးသည် ကြမ်းတမ်းလွန်းရကား ပင်ပန်းနွမ်းနယ်နေကြလေ၏။ ဆေးဆရာဦးထွန်းကြည်က ရေနွေးကြမ်းခါးခါးကို ခပ်နွေးနွေးသောက်ရန်မှာထားသဖြင့် သောက်နေကြလေ၏။

'ကိုကျောက်စီကို အခုအထိ ရှာမတွေ့သေးဘူးဆိုတော့ သက်ရှိထင်ရှားမှ ရှိသေးရဲ့လား ဆရာရယ်'

ကံသိမ်းက လှဲနေရင်းမှ ခေါင်းထောင်လာပြီး မေးလေ၏။

'ငါ့သားတပည့်ကျောက်စီ အသက်မသေသေးပါဘူးကွ ကျောက်စီက တနင်္ဂနွေသား၊ နေဦး ငါပြဦးမယ်၊ စံချေး၊ မီးဖိုထဲကို သစ်ကိုင်းခြောက်တွေ ထပ်ထည့်လိုက်စမ်းကွာ'

ဆေးဆရာဦးထွန်းကြည်က ဆေးလွယ်အိတ်ထဲမှ စာအုပ်





'ကျွန်တော်တို့ သူ့ကိုလိုက်ရှာနေတာနဲ့ သူပြန်လာတဲ့ လမ်းကြောင်းနဲ့ လွဲနေရင်ကော ဆရာ'

'တောထဲမှာတင် ပြန်ဆုံကြမယ်လို့ ငါထင်တယ်'

'အဲသလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်'

'ငါကတော့ ငါ့ပညာကို ယုံကြည်တယ်'

ထိုစဉ် အိမ်အပေါ်ထပ်မှ လမ်းလျှောက်နေသံများကို ကြားလိုက်ရလေ၏။

'ဆရာ အိမ်ကြီးအပေါ်ထပ်က လမ်းလျှောက်နေသံလိုလို ကြားနေရပါလား'

'အိမ်ရှိရင် ကြွက်ရှိတယ်ဆိုတာလို ကြွက်တွေသွားလာနေတာဖြစ်ပါလိမ့်မယ်'

ဖိုးကွမ်းက အိမ်အပေါ်ထပ်သို့ နားစွင့်နေလေ၏။

'ဆရာ စကားပြောသံလိုလိုလည်း ကြားရတယ်'

'မင်းစိတ်ထဲက ထင်တာဖြစ်ပါလိမ့်မယ်၊ ဒါမှမဟုတ် ဗွာလကျစ် အဖျားတွေတက်ပြီး ကယောင်ကတမ်း ညည်းညူနေတာလား'

'မသိဘူး ဆရာရဲ့၊ စကားပြောသံမျိုးတော့ ကြားနေရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့လည်း တစ်နေကုန်ခရီးပြင်းနှင်ခဲ့လို့ ပင်ပန်းနေ
ကြတယ်၊ သွားပြီးအိပ်ကြရအောင်၊ စွာလကျစ်ကို တစ်ရေးနိုး
တော့မှ ဆေးတစ်ခွက်ထပ်တိုက်မယ်၊ ရေနွေးကြမ်းအိုးကို မီးဖို
ဘေးမှာ ထားခဲ့'

ဆေးဆရာ ဦးထွန်းကြည်က အိမ်ထဲသို့ဝင်သွားလေ၏။
အိမ်ရှေ့တွင်ဖိုထားသော မီးဖိုမှအလင်းရောင်သည် အိမ်ထဲသို့
ဝင်လာ၏။

အိမ်အောက်ထပ် ခေါင်းရင်းခန်းတွင် စောင်တစ်ထည်ကို
ဖြန့်ခင်းပြီး တန်းစီ၍ အိပ်ကြ၏။

'စွာလကျစ်… မင်းအဖျား ဘယ်လိုနေသေးသလဲ'

'အဖျားကျသွားပါပြီ ဆရာ၊ ကိုယ်လက်နွမ်းနယ်နေတာ
ပဲရှိပါတယ်'

'အိပ်ပျော်အောင်သာအိပ်လိုက်၊ ခရီးပင်ပန်းလို့ နွမ်းနယ်
နေတာ တစ်ရေးနိုးရင် ငါ့ကိုနှိုး၊ ငါ ဆေးထပ်တိုက်မယ်'

'ဟုတ်ကဲ့ ဆရာ'

သူတို့လူစုသည် ပင်ပန်းနွမ်းနယ်စိတ်များကြောင့် ခေါင်း
ချသည်နှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားကြလေ၏။ ခဏအကြာ…





တွင် ကံသိမ်းက အိပ်ရာမှနိုးလာ၏။ ဆီးသွားချင်သောကြောင့်
အိမ်ကြီး၏ ရှေ့သို့ထွက်လာခဲ့၏။

မီးခဲများရဲရဲတောက်နေသော မီးဖိုထဲသို့ သစ်ကိုင်း
ခြောက်များ ထပ်ထည့်၏။ မီးခိုးများထွက်လာပြီး မီးတောက်တက်
လာ၏။

မီးဖိုနှင့် မလှမ်းမကမ်းတွင် တောင်းပန်တိုးလျှိုးပြီး ဆီး
သွားနေလေ၏။

'ဖြန်း'

ကံသိမ်းကျောပြင်ကို လက်ဝါးကြီးနှင့် အရိုက်ခံလိုက်
ရသလို ခံစားလိုက်ရ၏။ ကံသိမ်းသည် ဆီးသွားနေရင်း မြေကြီး
ပေါ်သို့ လက်နှစ်ဖက်ထောက်မိလျက်သား ဖြစ်သွားလေ၏။ သူ၏
ကျောထဲတွင် နာကျင်သော ဝေဒနာကို ခံစားနေရ၏။

ကံသိမ်းသည် နောက်ဘက်သို့လှည့်ကြည့်၏။ မည်းနက်
နေသော အသားအရေနှင့် လူတစ်ယောက် ရပ်နေသည်ကို
မီးတောက်ဖြင့် မြင်တွေ့လိုက်ရ၏။

ကံသိမ်းသည် ငုတ်တုတ်ကလေးထိုင်ကာ ကြက်သေ
သေသလို ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့လည်း တစ်နေကုန်ခရီးပြင်းနှင်ခဲ့လို့ ပင်ပန်းနေ
ကြတယ်၊ သွားပြီးအိပ်ကြရအောင်၊ စွာလကျစ်ကို တစ်ရေးနိုး
တော့မှ ဆေးတစ်ခွက်ထပ်တိုက်မယ်၊ ရေနွေးကြမ်းအိုးကို မီးဖို
ဘေးမှာ ထားခဲ့'

ဆေးဆရာ ဦးထွန်းကြည်က အိမ်ထဲသို့ဝင်သွားလေ၏။
အိမ်ရှေ့တွင်ဖိုထားသော မီးဖိုမှအလင်းရောင်သည် အိမ်ထဲသို့
ဝင်လာ၏။

အိမ်အောက်ထပ် ခေါင်းရင်းခန်းတွင် စောင်တစ်ထည်ကို
ဖြန့်ခင်းပြီး တန်းစီ၍ အိပ်ကြ၏။

'စွာလကျစ်... မင်းအဖျား ဘယ်လိုနေသေးသလဲ'

'အဖျားကျသွားပါပြီ ဆရာ၊ ကိုယ်လက်နွမ်းနယ်နေတာ
ပဲရှိပါတယ်'

'အိပ်ပျော်အောင်သာအိပ်လိုက်၊ ခရီးပင်ပန်းလို့ နွမ်းနယ်
နေတာ တစ်ရေးနိုးရင် ငါ့ကိုနိုး၊ ငါ ဆေးထပ်တိုက်မယ်'

'ဟုတ်ကဲ့ ဆရာ'

သူတို့လူစုသည် ပင်ပန်းနွမ်းနယ်စိတ်များကြောင့် ခေါင်း
ချသည်နှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားကြလေ၏။ ခဏအကြာ





တွင် ကံသိမ်းက အိပ်ရာမှနိုးလာ၏။ ဆီးသွားချင်သောကြောင့်
အိမ်ကြီး၏ ရှေ့သို့ထွက်လာခဲ့၏။

မီးခဲများရဲရဲတောက်နေသော မီးဖိုထဲသို့ သစ်ကိုင်း
ခြောက်များ ထပ်ထည့်၏။ မီးခိုးများထွက်လာပြီး မီးတောက်တက်
လာ၏။

မီးဖိုနှင့် မလှမ်းမကမ်းတွင် တောင်းပန်တိုးလျှိုးပြီး ဆီး
သွားနေလေ၏။

'ဖြန်း'

ကံသိမ်းကျောပြင်ကို လက်ဝါးကြီးနှင့် အရိုက်ခံလိုက်
ရသလို ခံစားလိုက်ရ၏။ ကံသိမ်းသည် ဆီးသွားနေရင်း မြေကြီး
ပေါ်သို့ လက်နှစ်ဖက်ထောက်မိလျက်သား ဖြစ်သွားလေ၏။ သူ၏
ကျောထဲတွင် နာကျင်သော ဝေဒနာကို ခံစားနေရ၏။

ကံသိမ်းသည် နောက်ဘက်သို့လှည့်ကြည့်၏။ မည်းနက်
နေသော အသားအရေနှင့် လူတစ်ယောက် ရပ်နေသည်ကို
မီးတောက်ဖြင့် မြင်တွေ့လိုက်ရ၏။

ကံသိမ်းသည် ငုတ်တုတ်ကလေးထိုင်ကာ ကြက်သေ
သေသလို ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏မျက်နှာကို သဲသဲကွဲကွဲမမြင်ရ။ ထိုသူက မီးပုံကို ကျောခိုင်းထားသောကြောင့် ဖြစ်လေ၏။

ကံ သိမ်းက အသားမည်းကို ကြောင်၍ကြည့်နေစဉ်မှာ ပင် ပျောက်ကွယ်သွား၏။

ကံသိမ်းကြောက်လန့်ပြီး မြေကြီးပေါ်သို့ နောက်ပြန် လဲကျသွား၏။

ဖိုးကွမ်းက မျက်စိနှစ်ဖက်ကို လက်ဖြင့်ပွတ်ပြီး အိမ်ကြီး ထဲမှ ထွက်လာ၏။

မီးဖိုထဲမှ မီးတောက်အရှိန်ကျသွားသဖြင့် အလင်းရောင် က မှိန်ပျပျသာ ရှိလေ၏။

ဖိုးကွမ်းသည် ပုဆိုးကိုဖြဲကာ မီးပုံနှင့် မလှမ်းမကမ်း နေရာတွင် ထိုင်ကာ ဆီးသွား၏။ သူ့နောက်မှ လျှောက်လာသည့် ခြေသံကို ကြားမိ၏။

'စံခွေး… မင်းလည်း ဆီးသွားမလို့လား၊ ညဦးပိုင်းက ရေနွေးကြမ်းတွေသောက်ကောင်းကောင်းနဲ့ သောက်ထားတော့ အိပ်ပျော်နေတုန်း ဆီးအိမ်တင်းလာပြီး ထရတော့တာပေါ့'

ဖိုးကွမ်းက ဆီးသွားနေရင်းမှ ပြော၏။ ခြေသံက သူ့ အနားသို့ ရောက်လာသည်။ ဆီးထိုင်သွားသံလည်း မကြား သဖြင့်…

'စွာလကျစ် မင်း တစ်ရေးနိုးလို့ ဆေးထပ်သောက်တာ လား၊ အဖျားကျသွားပြီ မဟုတ်လား၊ ဆရာက ဆေးတွေအပြည့် အစုံယူလာလို့ တော်သေးတာပေါ့'

ဘာမှ ပြန်ပြောသံမကြားရသဖြင့် ဖိုးကွမ်း ဇဝေဇဝါ ဖြစ်သွား၏။ ဆီးသွားပြီးသည်နှင့် နောက်သို့လှည့်ကြည့်လိုက်မိ၏။

သူ့အနားတွင် အသားမည်းမည်းနှင့်လူတစ်ယောက် ရပ် နေ၏။ ကံသိမ်းက သူတို့အထဲတွင် အသားမည်းသဖြင့် ကံသိမ်း ဟုထင်ကာ…

'ဟေ့ကောင်… ကံသိမ်း၊ ဘာအိပ်ချင်မူးတူးဖြစ်နေတာ လဲ၊ ဆီးသွားမလို့မဟုတ်လား၊ သွားလေကွာ'

ဖိုးကွမ်းက ပုဆိုးကို ပြင်ဝတ်နေရင်းမှ ပြော၏။ ထို့ နောက် ကံသိမ်းအနားသို့ လျှောက်လာ၏။

'ဟင်… အ… အ'

အသားမည်းမည်းလူသည် ကံသိမ်းမဟုတ်။ ခေါင်းမပါ







www.burmeseclassic.com

www.burmeseclassic.com



ဘဲ ခန္ဓာကိုယ်ကြီးသာ ရပ်နေသဖြင့် ဖိုးကွမ်းမှာ မျက်လုံးများ ပြူးပြီး ခြေထောက်များ ပျော့ခွေကာ လဲကျသွားလေ၏။ ထို အချိန်တွင် ဆရာဦးထွန်းကြည်သည် အိမ်ကြီး၏ အပေါ်ထပ်သို့ ဆေးပြင်းလိပ်ကို တွင်တွင်ဖွာရင်းတက်လာသည်။

လှေကားထိပ် ဟိုဘက်ဒီဘက်ကို ပရိတ်ကြိုးဖြင့် ချည် နှောင်ထားလိုက်ပြီး အပေါ်ထပ် အခန်းကျယ်ကြီးထဲသို့ လျှောက် လာ၏။

သူ၏လက်ထဲမှ တောင်ဝှေးဖြင့် အမှောင်ထဲတွင် ရှေ့ ယမ်းပစ်လိုက်၏။ အပေါ်ထပ် အခန်းကြီးတွင် လည်ပတ်ပြေးလွှား နေသည့် ခြေသံများ ဆူညံသွား၏။

'ဆရာဦးထွန်းကြည်… ဆရာ…'

အောက်ထပ်မှ စံခွေးက အော်၍ခေါ်နေ၏။

'ဖိုးကွမ်း၊ စံခွေး၊ ကံသိမ်း၊ စွာလကျစ်တို့ ငါအပေါ်ထပ် မှာရှိတယ်၊ ဘာမှမကြောက်နဲ့၊ ဒီအိမ်ကြီးထဲမှာ မကျွတ်မလွတ် သေးတဲ့ မိစ္ဆာကောင်တွေ ရှိတာ ငါသိလို့ သင်းတို့ကို ငါမောင်း ထုတ်လိုက်ဦးမယ်'

'ဖိုးကွမ်း ကံသိမ်း အခန်းထဲမှာမရှိဘူး ဆရာ'





'ဟင်…'

'စွာလကျစ်၊ စံခွေး အခန်းထဲမှာပဲနေ၊ ဘုရားစာတွေရွတ် နေကြ၊ ကြားလား'

'ဟုတ်ကဲ့ ဆရာ'

အိမ်အပေါ်ထပ်တွင် လှည့်ပတ်ပြေးလွှားနေသည့် အသံ များဖြင့် ဆူညံနေသည်။ ကြိုးဝိုင်းထဲတွင် မြန်မာ့လက်ဝှေ့ထိုးနေ သည့်အလား ထင်ရသည်။ လှေကားမှ ပြေးဆင်းလာသည့် အသံ များကြားရသည်။

'ဟော့… နေဦးလေ၊ ဘာလို့ပြေးနေတာလဲ၊ တောက်'

စွာလကျစ်နှင့်စံခွေးတို့ထိုင်နေသည့် အခန်းနားမှ ဖြတ် ပြေးပြီး အိမ်ကြီးအပြင်သို့ရောက်သွားသည့် ခြေသံများက ဝိုဝို သ။

'ဘာ… ဘာတွေလဲ၊ ဆ… ဆရာဦးထွန်းကြည်ရယ် ကြောက်စရာကောင်းလိုက်တာ'

စံခွေးက အသံတုန်တုန်ယင်ယင်ဖြင့် ပြောသည်။

'ဒီအိမ်က မကောင်းဆိုးဝါးကောင်တွေကွ၊ ဘုရားမသိ တရားမရှိတဲ့ ကောင်တွေ ဒီအိမ်ကြီးမှာ နေသွားကြတာ၊ သေ



www.burmeseclassic.com

www.burmeseclassic.com



တော့ စွဲလမ်းပြီး မကျွတ်မလွတ်တဲ့ကောင်တွေ ဖြစ်နေတာ
နေဦး… ဖိုးကွမ်းနဲ့ ကံသိမ်းက ဘယ်သွားနေကြတာလဲ၊ ဒီကောင်
တွေ ငါ့စကားနားမထောင်ကြဘူး’

‘ကျွန်တော်လည်း အိပ်ပျော်နေတာဆိုတော့ မသိဘူး
ဆရာ’

‘လာ… ငါနဲ့လိုက်ခဲ့’

‘ဟုတ်… ဟုတ်ကဲ့’

ဆရာဦးထွန်းကြည်က အိမ်အပြင်သို့ ထွက်သွားသည်
စံခွေးက ကြောက်ကြောက်လန့်လန့်နှင့်နောက်မှ လိုက်သွားသည်
အိမ်ရှေ့တွင် ဖိုထားသော မီးပုံက မီးညွန့်ကျိုးနေသဖြင့် မီးခဲရောင်
မှိန်ပျပျသာ လင်းလျက်ရှိလေ၏။

‘မီးဖိုထဲက ထင်းခြောက်တွေ ထပ်ထည့်စမ်း၊ ပြီးရင်
လေမှုတ်ပေးလိုက်’

စံခွေးက မီးဖိုသို့ ထင်းခြောက်များထည့်ပြီး လေမှုတ်
ပေး၏။ မီးခိုးများ အူထွက်လာပြီး မီးတောက်တက်လာ၏။ မီး
ရောင်ကြောင့် အိမ်ရှေ့တွင် လင်းထိန်သွားလေ၏။

‘ဟာ… ဟိုကောင်နှစ်ကောင် မြေကြီးပေါ်မှာလဲနေတာ
လား’





ဆရာဦးထွန်းကြည်က ဖိုးကွမ်းအနားသို့ လျှောက်သွား

‘ဟေ့ကောင်… ဖိုးကွမ်း… ဖိုးကွမ်း… ထစမ်း’
ဖိုးကွမ်းက လူးလဲထသည်။

‘အောင်မလေး… ကြောက်ပါပြီဗျ၊ သရဲ… သရဲ’
ဖိုးကွမ်းက ကြောက်လန့်ပြီး အော်နေသည်။

‘ဟေ့ကောင်… ငါပါကွ’

‘ခေါင်းပြတ်သရဲ လုပ်ကြပါဦး’

‘မရှိတော့ပါဘူးကွ၊ မျက်စိမှိတ်ပြီး အော်နေတော့တာ

ဖိုးကွမ်းက မျက်လုံးဖွင့်ကြည့်၏။

‘ဟင်… ဆရာဦးထွန်းကြည်’

‘စံခွေး၊ ဟိုကောင် ကံသိမ်းကို လှုပ်နှိုးစမ်း’
စံခွေးက မြေကြီးပေါ်တွင် မှေးမြောနေသော ကံသိမ်းကို
ထူ၍ မျက်နှာကို ကိုင်ကာ လှုပ်ယမ်းနေ၏။

‘ဟေ့ကောင်… ကံသိမ်း၊ ကံသိမ်း’

‘အင်…’

ကံသိမ်းက မျက်စိဖွင့်ကြည့်၏။ သူ့အနားတွင် ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာဦးထွန်းကြည် ဖိုးကွမ်းနှင့် စံခွေးတို့ ရှိနေသည်ကို မြင်တော့…

'မည်းမည်းနက်နက်သရဲကြီး ကျွန်တော့်ကျောကုန်းကို ရိုက်တာ၊ လှည့်ကြည့်မိတော့ မြင်တာနဲ့ ကြောက်လန့်ပြီး ဘာမှ မသိတော့ဘူး'

'လာ… လာ… အိမ်ထဲသွားကြမယ်၊ ဒီအိမ်မှာ မကောင်းဆိုးဝါးကောင်တွေရှိတာကို ငါသတိမထားမိဘူး၊ အခု တော့ ဒီကောင်တွေထွက်ပြေးသွားကြပါပြီ၊ မင်းတို့ကြောက်လန့် ပြီး နှလုံးသွေးရပ်ပြီး သေမသွားတာ ကံကောင်းတယ်၊ ထမင်းစား တာမဟုတ်ဘဲ အသားကို မီးကင်စားတဲ့ကောင်တွေမို့လား မသိ ဘူး၊ မကောင်းဆိုးဝါးဘဝ ရောက်နေတာတောင် သူတို့ဆီက သွေးညှီနံ့တွေရတယ်၊ ကဲ… ပြန်အိပ်ကြတော့၊ ဆီးသွားချင်ရင် ငါ့ကိုနှိုး၊ မနက်ကျရင် ခရီးဆက်ရဦးမယ် မဟုတ်လား'

'ဟုတ်ကဲ့ ဆရာ'

ကံသိမ်းက အသံတုန်တုန်ယင်ယင်ဖြင့် ပြောလေ၏ ရယ်မောသံများ ထွက်ပေါ်လာလေ၏။

* ♠ *



နောက်တစ်နေ့ မနက်တွင် ဆေးဆရာဦးထွန်းကြည်က အိမ်ကြီး၏ အပေါ်ထပ်သို့ တက်သွားသည်။

'တောက်'

ဆရာဦးထွန်းကြည်၏ တောက်ခေါက်သံကို ရွာသားလု ငယ်တို့ ကြားလိုက်ရလေ၏။ ဘာကြောင့်တောက်ခေါက်မှန်း သိ၍ လန့်သွားကြ၏။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ကာ မေးဆတ်ပြမိကြ၏။ ခဏကြာတော့ ဆရာဦးထွန်းကြည်က လွယ်အိတ်တစ်လုံးကိုကိုင်၍ အိမ်ကြီးအပေါ်ထပ်မှ ဆင်းလာ သည်။

'ဟေ့ကောင်လေးတွေ ဒါ ကျောက်စီယူသွားတဲ့ လွယ် အိတ်ကွ၊ အိမ်အပေါ်ထပ်က တွေ့တာ၊ လွယ်အိတ်ထဲမှာ ဆေးခြင်၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးမြစ်၊ ဆေးဥတွေ တွေ့ရတယ်၊ ငါ့သားတပည့်ကျောက်စီဟာ ဒီအိမ်ကြီးကိုရောက်လာခဲ့တာ သေချာသွားပြီ၊ ကျောက်စီဟာ ဒီအိမ်ကြီးရဲ့ အပေါ်ထပ်မှာ ညအိပ်ခဲ့တယ်၊ ညည့်နက်ချိန်ကို ရောက်လာတဲ့ ဒီအိမ်က မကောင်းဆိုးဝါးကောင်တွေက ကျောက် ကို ခြောက်လှန့်ကြမယ်၊

သရဲကြီးတော့ တစ္ဆေဆိုတာလို ဒီတစ္ဆေကောင်တွေကို ကြောက်လန့်ပြီး ကျောက်စီ ထွက်ပြေးသွားလို့ အိမ်အပေါ်ထပ်မှာ ဆေးထည့်တဲ့ လွယ်အိတ်ကျန်ခဲ့တာ ဖြစ်မယ်၊ ငါ့သားလေ ဖိုးကွမ်းနဲ့ ကံသိမ်းတို့လို တစ္ဆေမြင်ပြီး မေ့မြောသွားတာ မဖြ နိုင်ဘူး၊ ခြေဦးတည့်ရာထွက်ပြေးရင်း တောထဲမှာ မျက်စိလည် လမ်းမှားနေတာပဲ ဖြစ်ရမယ်'

ဆရာဦးထွန်းကြည်က ဆေးပင်ဆေးမြစ် ဆေးဥများ ထည့်ထားသော လွယ်အိတ်ကို စံခွေးထံသို့ လှမ်းပေး၏။

စံခွေးက ဆေးလွယ်အိတ်ကို စလွယ်သိုင်းပြီး လွယ်ထာ လိုက်၏။

'ကဲ... ခရီးဆက်ရအောင်'

ဆရာ ဦးထွန်းကြည်က အိမ်ထဲမှထွက်သွား၏။ ရွာသာ





ငယ်လေးဦးက ဆရာဦးထွန်းကြည်၏ နောက်မှ လိုက်လာ ၏။

'စိတ်ရဲ့စွဲလမ်းမှုဟာ အတော်ကြောက်စရာကောင်းတယ်၊ အိမ်ကြီးက မကျွမ်းမလွတ်သေးတဲ့ တစ္ဆေတွေရဲ့ သက်တမ်းဟာ ပေါင်းမနည်းတော့ဘူး၊ ကျွတ်တမ်းဝင်သွားဖို့ဆိုတာလည်း ယ်ပါဘူး၊ ဗုဒ္ဓဘာသာတရားတော်ရဲ့ အဓိပ္ပာယ်ကို မသိတော့ ယ်လိုသာခုခေါ်မလဲ၊ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာ ဘယ်လောက် င့်မြတ်သလဲဆိုတာ အဲဒါသာကြည့်၊ ဒီအိမ်ကြီးထဲက တစ္ဆေ ဟာ ဒီအိမ်ကြီးကို ရောက်လာတဲ့ လူမှန်သမျှကို ခြောက်လှန့် မှာတော့ အမှန်ပဲ၊

တောထဲကို သစ်ခုတ်၊ ဝါးခုတ်ဖို့လာတဲ့ ရွာသားတွေ က်လာကြမှာ သေချာတယ်၊ တောထဲမှာ အဆောက်အအုံ ခုတွေတော့ ညအိပ်ရပ်နားဖို့ စိတ်ကူးကြမယ်၊ ဟော... ည့်နက်ချိန်လည်းရောက်ရော တစ္ဆေတွေက ခြောက်လှန့်လို့ ပျက်သွားတဲ့သူတောင် ရှိနိုင်တယ်'

'တစ်ခါမှ သရဲခြောက်မခံရဖူးတော့ မြင်တာနဲ့ ကြောက် ပြီး မျက်ဖြူလန့်သွားတာ၊ ခေါင်းမပါတဲ့ ခန္ဓာကိုယ်ကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ငါက ကျောက်စီအတွက် စိတ်ပူနေတာ၊ သူ့အတွ… ထည့်ပေးလိုက်တဲ့ အဖျားအနာပျောက်ဆေးတွေက ဒီဆေးလွ… အိတ်ထဲမှာ ကျန်ခဲ့တယ်၊ ဒီကောင်လေးတောထဲမှာ ဖျားနာနေ… အခက်'

'ကိုကျောက်စီက ဆရာနဲ့ သူငယ်ငယ်ကလေးကတ… က နေလာတာ မဟုတ်လား၊ ဖျားနာရင် ဘာဆေးရွက်ဆေး… သောက်ရတယ်ဆိုတာ မသိဘူးလား'

'သိတန်သလောက်တော့ သိပါတယ်၊ ဒါပေမဲ့ တော… မှာ ငှက်ဖျားတက်နေရင် သောက်သုံးဖို့ဆေးပင်၊ ဆေးမြစ်… ရှာဖွေဖို့ မလွယ်ဘူး၊ မင်းတို့အထဲမှာ ငှက်ဖျားဖြစ်ဘူးတဲ့… နေတာပဲ၊ စဉ်းစားကြည့်ပေါ့'

'အင်း… ဆရာပြောတာ မှန်ပါတယ်'

'အဲသလို ကျောက်စီဖြစ်နေမလားဆိုပြီး စိတ်ပူမိတ… တောတွင်းတစ်နေရာမှ သူကြုံတွေ့နေရတယ်ဆိုရင်လည်း … က ဘာမှမတတ်နိုင်ပါဘူး'

ဆရာဦးထွန်းကြည်နှင့် ရှာသားလူငယ်များသည် … တောဝင် တစ်တောင်တက်ပြီး ခရီးဆက်နေကြလေ၏။ …





…ခါးအချိန်တွင် ညအိပ်ရပ်နားရန် အသင့်တော်ဆုံးနေရာကို ရွေး…ယ်ကြ၏။

စမ်းချောင်းနှင့်နီးသောနေရာတွင် စခန်းချကြသည်က …၏။ သို့မှသာ စမ်းချောင်းရေကို ချိုးရင်း တစ်နေ့တာပင်ပန်း…သမျှ လန်းဆန်းသွားစေမည်မဟုတ်ပါလား။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ကျောက်စီက နေဝင်သည့် အရပ်ဘက်သို့သာ မျက်
မှုလျက် ခရီးနှင်လာလေ၏။ သူ့အား ကယ်ဆယ်ခဲ့သော မိ
ကလေးကို သတိရနေမိ၏။ သည်မိန်းကလေးသည် သရဲလာ
တစ္ဆေလား။ ကျောက်စီဝေခွဲစဉ်းစားမရ။ သည်မိန်းကလေး ရ
ရက်စက်စက်ချောမောလှပတာကိုပဲ ကျောက်စီ သိသည်။

မိန်းကလေးအပေါ်တွင် ကျောက်စီ သံယောဇဉ်ဖြစ်
မိ၏။ ရှေ့သို့သွားနေသော သူ့ခြေလှမ်းများကို လှမ်း၍ဆွဲထ
သည့်နှယ် ခံစားနေရ၏။ ကျောက်ဂူအတွင်းတွင် မြင်တွေ့ခဲ့ရသေ
အဖိုးတန်ရတနာများကိုလည်း မြင်ယောင်နေမိသည်။ သူ့အ





...အိတ်ထဲတွင် ပါလာသော ရတနာပစ္စည်းများသည်ပင် တန်ဖိုး
...နည်းလှ။

ကျောက်စီသည် သွားလာရင်း ဗိုက်ထဲတွင် ဆာလောင်
...တ်သိပ်လာသည်။ သူ လျှောက်လှမ်းနေသည်မှာ တောင်ကတုံး
...စ်ခုဖြစ်၏။ ကြီးမားသော သစ်ပင်များ မရှိသလို စားသုံးစရာ
သီးပင်စားပင်များလည်း မရှိ။

သည်တောင်ကတုံးကို ဖြတ်ကျော်ပြီးမှ စိမ်းလန်းသော
...တောအုပ်ကိုရောက်မည်ဖြစ်၏။ တောင်ကတုံးအလွန်မှ တောအုပ်
...ကိုမြင်နေရပေမယ့် 'အမြင်နီးပေမယ့် ခရီးဝေးသည့်တောင်' ပမာ
...ဖြစ်နေသည်။

ကျောက်စီသည် ဆာလောင်မှုကို မျိုသိပ်ကာ အားတင်း
...ပြီး လျှောက်လှမ်းနေလေ၏။ နေပူရှိန်က ပြင်းသည်။ ကျောက်စီ
...၏ တစ်ကိုယ်လုံးတွင် ချွေးများ စို့ရွှဲနေသည်။ သူ့ခြေထောက်
...များသည် သွက်လက်နေရာမှ နှေးကွေးလာသည်ဟု ထင်လာမိ
...၏။ တောင်ကတုံးကို အမြန်ဖြတ်ကျော်နိုင်ဖို့ အရေးကြီးသည်။
...အားနိုစရာ အရိပ်မရှိ။

လွင်တီးခေါင်ကို ဖြတ်ကျော်နေရဘိသကဲ့သို့ပင်။ ညနေ



www.burmeseclassic.com

www.burmeseclassic.com



စောင်းမှ တောင်ကတုံးကို ဖြတ်ကျော်လာမိရင် အကောင်းသားဟု စိတ်ဖြေတွေး တွေးလိုက်မိ၏။ သည်တောင်ကတုံးကိုတော့ မလွဲမသွေ ဖြတ်ကျော်ရပေမည်။

ကျောက်စီသည် တောင်ကတုံးကို ဖြတ်ကျော်ပြီး တောအုပ်ထဲသို့ ဝင်လာခဲ့၏။ သစ်ပင်အရိပ်များကြောင့် အေးမြသော အထိအတွေ့ကို ခံစားလိုက်ရ၏။

'ဟူး··· အခုမှ လန်းဆန်းသွားတော့တယ်'

ကျောက်စီသည် သစ်ပင်ရိပ်တွင် ထိုင်ကာ နားနေလိုက်၏။ ကိုယ်ပေါ်မှ ချွေးများက ခြေထောက်အထိ စီးကျလာ၏။ အသက်ကို မှန်မှန်ရှူ၊ ရှုခင်းတောအုပ်ထဲသို့ မျက်စိကစားနေလိုက်သည်။ မလှမ်းမကမ်းနေရာဆီမှ ရေစီးဆင်းနေသံကိုလည်း ကြားမိ၏။

ကျောက်စီသည် ရေစီးသံကြားသောနေရာကို မျက်စိစုံမှိတ်ကာ အာရုံစိုက်လိုက်၏။ ဘယ်နေရာတွင်ရေစီးနေသည်ကို သူ သိလိုက်သည်။ ကျောက်စီ လည်ချောင်းထဲတွင် ခြောက်သွေ့နေပြီ။ မနက်ကတည်းက ရေမသောက်ရသေး။ သို့သော် မောပန်းနေသေးသဖြင့် သစ်ပင်ကိုမှီကာ ထိုင်နေမိဆဲ။





ကျောက်စီသည် အမောအပန်းပြေတော့မှ ရေစီးသံကြားသည့်နေရာသို့ လျှောက်သွားသည်။ မည်သည့်အရပ်ဆီမှ စီးဆင်းလာသည်မသိသော စမ်းချောင်းတစ်ခုကို တွေ့ရလေ၏။ ကျောက်စီသည် စမ်းချောင်းရေကို လက်ဖဝါးခွက်၍ ယူငင်ကာ သောက်သုံးလိုက်လေ၏။ ရင်ထဲတွင် အေးသွား၏။ ရေကို ဝအောင်သောက်ပြီးသည်နှင့် တောအုပ်ထဲတွင် သစ်သီးပင်လိုက်ရှာ၏။ တောတွင်းတစ်နေရာတွင် မျောက်အော်သံများ ကြားလိုက်ရသည်။

'အင်း··· ဒီကောင်တွေရှိတဲ့နေရာမှာ သစ်သီးပင်ရှိတာပေါ့တယ်'

ကျောက်စီသည် ထင်းခြောက်ကိုင်းကို ကိုင်ကာလာခဲ့၏။ မျောက်များသည် ပိန္နဲသီးမှည့်ကို လုယက်စားသောက်နေကြ၏။ ပိန္နဲသီးမှည့်က အပင်တွင် အညှာတန်းလန်းနှင့် အသီးတက်ကျန်နေသေး၏။

'ဟေး··· ဟေး··· ဟေး'

ကျောက်စီက ထင်းခြောက်ကိုင်းကို ဟိုသည်ရိုက်ရင်း ခြောက်လှန့်သံပေး၏။ မျောက်များသည် ကြောက်လန့်ကာ ပြေးကြလေ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကျောက်စီသည် ပိန္နဲပင်ပေါ်သို့ တက်ကာ ပိန္နဲသီးမှည့်နှ[illegible] လေ၏ အပင်မှပိန္နဲသီးအညှာကို ဆွဲဖဲ့နေစဉ် ပိန္နဲသီးက အညှာ ရင်းမှ ပြုတ်ကာ သစ်ရွက်ခြောက်များပေါ်သို့ ကျသွားလေ၏။

'ဘုတ်'

'ဟာ...'

ကျောက်စီသည် ပိန္နဲပင်ပေါ်မှ ပြန်ဆင်းလာခဲ့၏။ ကွဲ အက်နေသော ပိန္နဲသီးမှည့်ကို တစ်မြွာချင်းစားသည်။

'အားပါး... ချိုလိုက်တာ စိမ့်နေတာပဲ'

သဘာဝအလျောက် ရင့်မှည့်နေသောအသီးမို့ ကျောက်စီ သဘောကျသွားသည်။ ပိန္နဲသီးမှည့်တစ်ခြမ်းကုန်သည်အထိ စား လေ၏။ သူ့ဗိုက်ထဲက မဝသေး။ ပိန္နဲသီး အိမ်မဟုတ်သော ကြွက်ပေါင်သားများမှာ ချိုနေသဖြင့် ဖဲ့၍စားနေမိသည်။

'အဟင်း... ဟင်း... ဗိုက်ထဲမှာ အီသွားတာပဲ'

ကျောက်စီသည် နေဝင်ရာအရပ်ကို မှန်းဆ၍ လျှောက် လာသည်။ ပိန္နဲသီးအချိုဓာတ်၏ အီစိမ့်သောအရသာကြောင့် ကျောက်စီခန္ဓာကိုယ်သည် မသွက်လက်တော့ဘဲ လေးပင်လာ၏ နေကလည်း အနောက်ဘက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားသဖြင့်





အမှောင်ရိပ်သန်းလာသည်။

ကျောက်စီသည် ခွဆုံကောင်းသော သစ်ပင်ပေါ်သို့တက် သာလေ၏။ သစ်ပင်ခွကြားကို ခွကာထိုင်နေလေ၏။

အိပ်တန်းတက်သည့် ကျေးငှက်များသည် ကျောက်စီထိုင် နေသော သစ်ပင်မှ သစ်ကိုင်းများပေါ်သို့ လာနားရင်း အော်မြည် နေကြရာ ဆူညံနေလေ၏။

'ပါးစပ်ပိတ်ပြီး အိပ်ကြပါတော့ကွာ၊ နားညည်းလွန်းလို့ ပါ'

ကျေးငှက်များသည် အော်မြည်ရင်း မစင်စွန့်ကြရာ ကျောက်စီ၏ ကိုယ်ပေါ်သို့ စုပုံကျလေ၏။

'ဟာ... တယ်လည်း ရက်စက်ကြပါလား၊ ချေးနဲ့ ငှက်ချေးနဲ့တွေနဲ့၊ ဟင်း... လာဘ်ကောင်းတယ်လို့ ယူဆရတော့ မှာပဲ၊ အဟင်း... ဟင်း'

တောအုပ်ထဲတွင် ပိန်းပိတ်အောင် မှောင်သွား၏။ ဆူညံ နေသော ငှက်တို့၏ အော်မြည်နေသံသည် ရုတ်ခြည်းတိတ်ဆိတ် သွားလေ၏။ ကျောက်စီသည် သစ်ပင်ကို မှီကာ အိပ်စက်လိုက် လေ၏။ သူနေသော အရပ်သို့ ရောက်ရန် ဘယ်နှစ်ရက်ကြာ



www.burmeseclassic.com

www.burmeseclassic.com



အောင် ခရီးနှင်ရဦးမည် မသိသေးပါလားဟု တွေးရင်း ရင်မောနေမိလေ၏။

သူ့မွေးစားဖခင် ဆရာသမားက သူ့အတွက် စိတ်ပူနေမည်ကို လည်း သိနေသည်။ ကျောက်စီသည် တွေးရင်း စိတ်ကို လျှော့ချပစ်လိုက်၏။

'ဟေး... အောက်ကိုဆင်းခဲ့ပါဦး'

တစာစာအော်နေသည့် အသံကြောင့် ကျောက်စီ နိုးသွားသည်။ ကောင်းကင်ပေါ်တွင် လမင်းကြီးက ထိန်ထိန်သာနေ၏။ ကျောက်စီသည် သစ်ပင်အောက်သို့ ငုံ့ကြည့်လိုက်မိ၏။

'ဟင်...'

သူ့အသက်ကိုကယ်တင်ပြီး ကျောက်ဂူထဲတွင် ပြုစုစောင့်ရှောက် ကျွေးမွေးခဲ့သော မိန်းကလေးက သစ်ပင်အောက်မှသူ့ကို လက်ယပ်ခေါ်နေသည်ကို လရောင်ဖြင့် ကျောက်စီ မြင်တွေ့လိုက်ရ၏။ ကျောက်စီသည် မိန်းကလေးနှင့်အတူ အဘွားအို ပါလာလေသလားအထင်နှင့် သစ်ပင်အောက်သို့ လှည့်ပတ်ကြည့်နေမိလေ၏။

'ဟော့... ဘာကြည့်နေတာလဲ၊ အောက်ကိုဆင်းခဲ့လေ'





ကျောက်စီသည် သစ်ပင်ခြေရင်း၌ မိန်းကလေးတစ်ယောက်တည်းကိုသာ တွေ့သဖြင့် အောက်သို့ဆင်းလာခဲ့၏။

'ဘာလို့ထွက်ပြေးသွားရတာလဲ'

'ငါ့ဒဏ်ရာတွေပျောက်ပြီဆိုတော့ ငါနေတဲ့အရပ်ကို ပြန်လာတာပေါ့'

'ရှင်နေတဲ့အရပ်ကို သိလို့လား'

'အခုအချိန်မှာ ငါနေတဲ့အရပ်ဒေသဟာ ဘယ်နေရာမှာရှိတယ်ဆိုတာ အတိအကျမသိရသေးပေမယ့် လူတွေနေတဲ့ ရွာတစ်ရွာကိုရောက်ရင် စုံစမ်းလို့ရမှာပဲဆိုတဲ့ အတွေးနဲ့ ငါပြန်လာခဲ့တာ'

'ကျွန်မနေတဲ့ ကျောက်ဂူထဲမှာ နေစရာ၊ စားစရာရှိနေပြီပဲ၊ ဘာလိုသေးသလဲ၊ ဘာလို့ပြန်ချင်ရတာလဲ၊ မပင်ပန်းဘူးလား'

'ပင်ပန်းတာကို ငါမကြောက်ပါဘူး၊ ငါနေတဲ့အရပ်ဒေသကို မပြန်လို့လည်း မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအရပ်ဒေသမှာ ငါ့ကို ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ထားပြီး ပညာသင်ကြားပေးတဲ့ မွေးစားဖခင်ရှိတယ်၊ အခုတော့က်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူ့ဆီကို ငါပြန်ရောက်မလာသေးလို့ စိတ်ပူနေမှာ အမှန်ပဲ၊ အဲဒါကြောင့် ငါပြန်ရတာ'

'ရှင်ဘယ်လိုပဲပြန်ပြန် ရှင်နေတဲ့ အရပ်ဒေသကို ပြန် မရောက်ဘူးဆိုရင်ရော ရှင်ဘာလုပ်မလဲ'

'ငါနေတဲ့အရပ်ဒေသကို ပြန်မရောက်နိုင်စရာအကြောင်း မရှိဘူး၊ တစ်နေ့မဟုတ် တစ်နေ့တော့ ပြန်ရောက်မှာပဲ'

မိန်းကလေး၏ မျက်နှာက ပြုံးနေလေ၏။

'မင်း ဘာလို့ ငါ့နောက်ကိုလိုက်လာရတာလဲ မိန်းကလေး'

'ရှင် တောတောင်ထဲမှာ မျက်စိလည်နေမှန်းသလို့ လိုက်လာတာ'

'ဟ… ငါက နေဝင်တဲ့အရပ်ကို ခရီးနှင်နေတာ၊ အဲဒီ အနောက်ရပ်မှာ လူနေတဲ့ရွာတစ်ရွာတော့ ရှိမှာပဲ'

'ရှင်က စိတ်ထင်တဲ့အတိုင်း လျှောက်သွားနေတာကို သွားမနေပါနဲ့၊ ပင်ပန်းပါတယ်၊ ကျွန်မနေတဲ့ ကျောက်ဂူကိုသာ ပြန်လိုက်ခဲ့ပါ'

'ဟင့်အင်း… ငါမင်းနဲ့ ပြန်မလိုက်ရဲဘူး၊ မင်းနဲ့ ယှ





အဘွားအိုက ဘာတွေမှန်းမသိဘူး၊ ငါနေတဲ့အရပ်ကိုပဲ ရောက်အောင်ပြန်ချင်တယ်'

'ရှင်က အတော်ခေါင်းမာတာပဲ၊ ရှင်သွားနေတဲ့အရပ်ဟာ တောအုပ်တွေနဲ့၊ ချောင်းတွေ၊ မြစ်တွေပဲရှိတယ်၊ ရှင်ပင်ပန်းတာပဲ အဖတ်တင်မှာပဲ၊ အဟင်း…. ဟင်း'

ကျောက်စီသည် တွေဝေကာ စဉ်းစားနေလေ၏။

'ညကြီးမင်းကြီးအချိန် တောထဲမှာ မင်းတစ်ယောက်တည်း လျှောက်သွားနေတာ မင်း မကြောက်ဘူးလား'

'အဟင်း… ဟင်း… မကြောက်လို့ ရှင့်ကို တွေ့အောင်ရှာနိုင်ခဲ့တာပေါ့'

'ငါ မင်းအပေါ်မှာ သံသယစဉ်ရှိပါတယ်၊ မိန်းကလေးမြင်ပြီး တောထဲတောင်ထဲက ကျောက်ဂူထဲမှာနေတာကို အံ့သြနေတယ်၊ ဒါနဲ့ ကျောက်ဂူထဲမှာ နေတဲ့ အဘွားအိုက မင်းနဲ့ ဘယ်လိုတော်စပ်သလဲ'

'ကျွန်မ အမေလေး၊ ဘာဖြစ်လို့လဲ'

'မင်းအမေရဲ့မျက်နှာက ကြောက်စရာကြီး'

'ဟင်… ရှင်က အမေ့မျက်နှာကို မြင်ဖူးလို့လား



www.burmeseclassic.com

www.burmeseclassic.com



'မြင်ဖူးတာပေါ့၊ အဲဒီအသွားအိုက ငါကျောက်ဂူ ရောက်နေတာကို မကျေမနပ်ဖြစ်နေသလိုပဲ၊ ငါ ကျွန်းမာလာ အကြောင်းသိမယ်လို့ ကြိမ်းဝါးနေတာကို ကြားမိပြီး ငါ ကြက် ထမိတယ်၊ မင်းအမေက စုန်းမကြီးကျနေတာပဲ'

'ရှင်က စုန်းမကြီးကို မြင်တွေ့ဖူးလို့လား'

'မမြင်ဖူးပါဘူး၊ လူကြီးတွေပြောတာ ကြားဖူးတာ ပြီးတော့ မင်းတို့သားအမိ ကျောက်ဂူထဲက အမှောင်ထဲမှာသ လာနိုင်တာ ငါအံ့ဩနေမိတယ်၊ မင်းတို့သားအမိဟာ လူသ အစစ်မှ ဟုတ်ရဲ့လား'

'ရှင်က ဘယ်လိုထင်လို့လဲ'

'လူသားအစစ်မဟုတ်ဘူးထင်လို့ ကြောက်လန့်ပြီး ထွက်ပြေးလာတာ၊ မင်းက ဘာလို့လိုက်လာရတာလဲ'

'ရှင်… ဒုက္ခရောက်မှာကို မမြင်ချင်လို့ပေါ့'

'ငါကလည်း မင်းတောထဲမှာနေတာကို သဘော ဘူး၊ ငါနဲ့အတူ ငါနေတဲ့ အရပ်ဒေသကို လိုက်ခဲ့ပါလား၊ လူ နေတဲ့အရပ်ကို မင်းသိနိုင်မလား'

'သိတာပေါ့'





'သိရင် ငါတို့နှစ်ယောက် သွားတာပေါ့၊ မင်းနေတဲ့ ကျောက်ဂူကို ပြန်သွားမနေပါနဲ့တော့၊ ငါ့စကားကို နားထောင်ပါ'

'ကျွန်မ အမေ့ကိုထားခဲ့လို့ မဖြစ်ပါဘူး၊ အမေ သနား မိတယ်၊ ရှင်သာ ကျွန်မနဲ့လိုက်ခဲ့ဖို့ စဉ်းစား'

ကျော်စီက ခေါင်းကိုတွင်တွင်ခါယမ်းနေ၏။

'မင်းနဲ့ငါ လိုက်လို့မဖြစ်ပါဘူး၊ ငါ့ဘဝတစ်သက်တာမှာ ယ်မိန်းကလေးကိုမှ အရေတဝင် စကားပြောခဲ့ဖူးတာမရှိဘူး၊ င်းက ငါ့အသက်ကို ကယ်တင်ထားတဲ့သူမို့ ခင်မင်နေမိတာ တော့အမှန်ပဲ၊ ဒါပေမဲ့…'

ကျော်စီ စကားက ရပ်သွားသည်။

'ကျွန်မကလည်း ရှင့်ကို ခင်မင်မိလို့ လိုက်လာတာ၊ တောထဲမှာ နေစရာ စားစရာတွေရှိနေမှပဲ၊ ရှင့်အတွက် ဘာ သေးသလဲ'

'ငါပြန်မလာသေးလို့ စိတ်သောကရောက်နေမယ့် ငါ့ ဖခင်ကို ငါတွေ့ချင်တယ်၊ မင်း ငါနဲ့လိုက်ခဲ့ပါ၊ မိန်း လေး'

'လိုက်လို့မဖြစ်ပါဘူး၊ ရှင် ကျွန်မ ခေါ်တာမလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြန်တော့မယ်'

မိန်းကလေးက ကျောက်စီအနားမှ ထွက်သွားလေ၏။

'ဟဲ့... မိန်းကလေး နေဦး၊ မိန်းကလေး'

ကျောက်စီက အသားကုန်အော်ခေါ်သည်။ မိန်းကလေး သည် အမှောင်ထုထဲတွင် သစ်ပင်ကြားမှ တိုးဝင်နေသည့် ထ ရောင်ဖြင့် ဝိုးတဝါးမြင်နေရာမှ ပျောက်သွား၏။

'မိန်းကလေး... မိန်းကလေး'

'ဘုတ်'

'အား... ကျွတ်... ကျွတ်'

ကျောက်စီသည် သစ်ပင်ချုံကြားမှ သစ်ရွက်ခြောက်များ ပေါ်သို့ လိမ့်ကျသွားလေ၏။ အပေါ်မှကျသည့်အရှိန်ကြောင့် ကျောက်စီ၏ ကိုယ်တစ်ခြမ်းလုံးမှာ နာကျင်နေသည်။ အိပ်ပျော် နေရင်း အိပ်မက်မက်နေမှန်း သူ သတိပြုမိသွား၏။

'ဩော်... ငါ မိန်းကလေးကို စိတ်ထဲက စွဲလမ်းနေ ပါလား၊ မိန်းကလေးဟာ မကောင်းဆိုးဝါးလား၊ တစ္ဆေလား သရဲလား စဉ်းစားရခက်လိုက်တာ'

ကျောက်စီသည် လဲနေရာမှ အားယူ၍ထ၏။ နာကျင်နေ





သည့် ကိုယ်ခန္ဓာဘက်သို့ လဲကျသွား၏။ သူသည် သစ်ပင်ပေါ်သို့ ပြန်မတက်နိုင်တော့မှန်း သိလိုက်၏။ ထိုအချိန်တွင် သူ့ထံသို့ အားရဲတစ်ကောင်ကောင်သာ ရောက်လာလျှင် ပြန်လည်ခုခံနိုင် မှမ်းမရှိသဖြင့် စိုးရိမ်သွားမိ၏။

လမင်းကြီးကလည်း အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်သွားရာ သစ်ရိပ်ဝါးရိပ်များဖြင့် မည်းမှောင်နေသည်။

'ဟူး... ကံစီမံရာပဲလို့ သဘောထားရတော့မှာပေါ့'

ကျောက်စီသည် သစ်ရွက်ခြောက်များပေါ်တွင် အိပ်နေ လိုက်၏။

'ဟင်း... ငါတစ်သက်နဲ့တစ်ကိုယ် ဘယ်မိန်းကလေးကို မှ သံယောဇဉ်မဖြစ်မိပါဘူး၊ ဒီမိန်းကလေးကျတော့မှ သံယောဇဉ် လို့တွယ်နေမိပါလိမ့်၊ အိပ်မက်ထဲအထိလိုက်ပြီး စိုးမိုးနေပါ လား၊ မိန်းကလေးပြောသလို ငါသွားနေတဲ့အရပ်ဟာ လူသူမှ ရှိလား၊ တောအုပ်တွေ၊ ချောင်းမြောင်းတွေသာရှိရင် ငါသွားလာ တာတွေဟာ အချည်းနှီးဖြစ်တော့မှာပဲ၊

ဟူး... စိတ်ပင်ပန်းလိုက်တာ၊ ငါရှေ့ဆက်ပြီး ဘာလုပ် ရင် ကောင်းမလဲ၊ ဒီရာသီဟာ နေမင်းက အရှေ့တောင်အရပ်က



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်လာပြီး တောင်ဘက်အရပ်က မြင့်တင်ပြီး အနောက်မြောက်ထောင့်အရပ်မှာ နေဝင်တယ်၊ ဒီတော့ ငါနေထွက်တာနဲ့ နေမင်းကြီးမြင့်တက်လာတဲ့ တောင်ဘက်အရပ်ကိုသွားရင် လူတွေနေထိုင်တဲ့နေရာကို ရောက်မှာပဲ၊ အင်း… အဲသလို ခရီးဆက်ကြည့်ရရင် ကောင်းမယ်’

ဟု ကျောက်စီသည် တွေးရင်း စိတ်ကိုလျှော့ချလိုက်ရာ အိပ်ပျော်သွားလေ၏။

* ♠ *

‘ကျွန်တော်တို့က ဒီတောဒီတောင်ထဲမှာ သူ့ကိုလိုက်ရှာနေတုန်း ကိုကျောက်စီက ရွာကိုပြန်ရောက်သွားပြီလား မသိဘူး’

‘မဆိုနိုင်ပါဘူး စံခွေးရယ်၊ ငါက သူ့အတွက် စိုးရိမ်ပြီး လိုက်ရှာနေတာ၊ ငါ့သားလေး တစ္ဆေခြောက်ခံရပြီး ချောက်ထဲမှာ ကျွံပြီး ကျိုးပဲ့နေသလား၊ အမျိုးမျိုးတွေးကြည့်နေရတာပဲ’

ဆရာဦးထွန်းကြည်က ရှေ့ဆုံးမှ သွားနေသည်။ ခရီးနှင့် ကြည့်သည်မှာ လေးရက်ရှိခဲ့ပြီ။ ယူလာသော ရိက္ခာက ငါးရက်စာသာဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးထွန်းကြည်သည် ရှေ့ဆုံးမှသွားနေရင်းမှ ရပ်တန့်သွားကာ လက်ကို မိုးပေါ်သို့ ဆန့်တန်းလိုက်၏။ လျှောက်နေသော ခြေလှမ်းများကို ရပ်တန့်နေရန် သတိပေးခြင်း ဖြစ်လေ၏။

'ဘာလဲ ဆရာ'

ကံသိမ်းက ဆရာဦးထွန်းကြည်၏ အနားသို့ လျှောက်သွားရင်း မေးသည်။

'ဟိုးရှေ့က စကားပြောသံတွေ ကြားမိလို့ကွ၊ နီးစပ်ရာ သစ်ပင်ပင်စည်ကို ကွယ်ပြီးနေကြစမ်း'

ရှာသားလူငယ်များသည် ဆရာဦးထွန်းကြည်ပြောသည့်အတိုင်း သစ်ပင်အကွယ်တွင် နေရာယူထားလိုက်ကြ၏။

'မတွေ့ဘဲတော့ မနေပါဘူးဗျာ၊ လက်ပြင်ကို မှန်သွားတာဗျ'

'အေးဗျာ... မြေကြီးပေါ်လဲကျသွားတာ၊ အနားကိုသွားတော့မှ ထွက်ပြေးသွားတယ်'

ဆရာဦးထွန်းကြည်၏ စကားက မှန်နေသည်။ သေနတ်ကိုကိုင်ထားသော လူသုံးဦးသည် ဦးထွန်းကြည်တို့၏အနားသို့ ရောက်လာကြ၏။





'ဟေ့... ရပ်'

ဆရာဦးထွန်းကြည်က အသံပေးလိုက်၏။

ထိုသုံးဦးသည် လန့်ဖျပ်သွားကာ သေနတ်ကို အသင့်အနေအထား ကိုင်လိုက်ကြ၏။ အသံလာရာသို့လိုက်ကြည့်နေ

'မင်းတို့ တောထဲကို ဘာလာလုပ်တာလဲ'

'အမဲပစ်ထွက်လာတဲ့သူတွေပါ'

'မင်းတို့ သေနတ်တွေကို ဘာမှမလုပ်ရှားနဲ့၊ ငါတို့ သစ်ပင်အကွယ်က ထွက်လာခဲ့မယ်'

ဆရာဦးထွန်းကြည်နှင့် ရှာသားလူငယ်များသည် သစ်ပင်အကွယ်မှ ထွက်လာခဲ့ကြ၏။

'ဟင်... ဦးလေးတို့ကရော ဘာလာလုပ်တာလဲ'

'ငါသားကို တောထဲဆေးပင်ဆေးမြစ်ရှာဖို့ လွှတ်လိုက်တာ ပြန်မလာလို့ လိုက်ရှာနေတာ'

'ဪ... ကျွန်တော်တို့ပစ်လိုက်တဲ့ တောဝက်တစ်ကောင် သေနတ်မှန်ပြီး ဒီဘက်ကို ထွက်ပြေးသွားလို့လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့လာခဲ့တဲ့ လမ်းကြောင်းတစ်လျှောက်မှာတော့ ဘ... သားကောင်မှ ပြေးလာတာ မတွေ့မိဘူး၊ သေနတ်မှန်သွားတ... သေချာရင်တော့ ဒီအနီးအနားမှာ ရေရှိတဲ့စမ်းချောင်းကို ... အောင်ရှာ၊ တောဝက်ဟာ ရေဆာင်းစိမ်နေလိမ့်မယ်'

'နောက်တစ်နာရီလောက်ဆိုရင် နေဝင်တော့မယ်... ဦးလေးတို့အုပ်စုကပါ လိုက်ရှာပေးကြဗျာ၊ တောဝက်ကိုတွေ့... စခန်းချရပ်နားပြီး ချက်ပြုတ်စားကြတာပေါ့'

ရွာသားလူငယ်များက ဆရာဦးထွန်းကြည်၏ မျက်နှာ... ကြည့်ကြလေ၏။

'ကဲ... ကောင်လေးတွေ လိုက်ရှာပေးကြရအောင်'

မြောက်ဘက်အရပ်သို့ သွားကြလေ၏။ ခရီးအတ... အတန်သွားမိလျှင်...

'ဟိုမှာ စမ်းချောင်း၊ ဟင်... ဟိုကျောက်တုံးသေ... တောဝက်လဲနေတယ်'

တောဝက်မှာ မလှုပ်ရှားဘဲ ငြိမ်သက်နေလေ၏။

'တောဝက်ခမျာ စမ်းချောင်းထဲမရောက်ဘဲ ဒဏ်... ကြောင့် သေနေပြီ'





'ဒီ စမ်းချောင်းဘေးမှာပဲ စခန်းချ ရပ်နားကြရရင် မကောင်းဘူးလား'

'ကောင်းပါတယ် ဦးလေး'

စမ်းချောင်းဘေးမှ သစ်ပင်အောက်တွင် ထိုင်ပြီး အမော အပန်းဖြေနေမိကြလေ၏။ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်စကား ပြောကြ၏။

ထိုသူသုံးဦးမှာ မုဆိုးများဖြစ်ကြောင်း သိလိုက်ရလေ၏။

ကိုစိန်အေး၊ ကိုစံတိုင်း၊ ကိုပေါက်စတို့ ဖြစ်လေ၏။

ကိုစံတိုင် နှင့်ကိုစိန်အေးက စမ်းချောင်းရေထဲတွင် ဝက်ကို အသားဖျက်သည်။

ရွာသားလူငယ်များက ထင်းခြောက်များဖြင့် မီးဖိုပေးထား သည်။

ဝက်သားကို မီးရဲရဲဖြင့် ကင်သည်။ မုဆိုးအဖွဲ့နှင့်ဆရာ ဦးထွန်းကြည်တို့အဖွဲ့သည် ညစာစားသောက်ပြီးသည်နှင့် စကား ဝိုင်းဖွဲ့ပြောဆိုနေကြလေ၏။

ဆရာဦးထွန်းကြည်တို့အုပ်စုသည် သစ်တောကြိုးဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ရောက်နေကြမှန်း ကိုစိန်အေးပြောပြသဖြင့် သိရလေ၏။

ဦးစိန်အေးက သူ၏ မုဆိုးဘဝ အတွေ့အကြုံများကို ရွာသားလူငယ်များ စိတ်ဝင်စားအောင် ပြောပြနေလေ၏။

'ဒီသစ်တောကြီးဝိုင်းထဲမှာ အမဲလိုက်စတုန်းက···'

* ♠ *

(···) သစ်တောကြီးဝိုင်းသည် အရာအားလုံးအေးချမ်းသော အသွင်ကို ဆောင်လျက်ရှိလေ၏။ သို့သော်လည်း သားကောင်များ ရေဆင်းသောက်လေ့ရှိသော စမ်းချောင်းကမ်းပါးပေါ်တွင် ပုန်းခိုစရာ နေရာများစွာကို မုဆိုးများသည် ပြုလုပ်ထားတတ်ကြ၏။

မုဆိုးများသည် ပုန်းခိုစရာနေရာ (ပုန်းအုံဟုခေါ်ဆိုကြသည်)များတွင် ဝင်၍ ပုန်းနေကာ ရေသောက်ဆင်းလာသည့် သားကောင်ကို စောင့်ဆိုင်းနေလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် တရွေ့ရွေ့နှင့် ကုန်လွန်သွားလေ၏။ လပြည့်ဝန်းသည် အပေါ်တည့်တည့်သို့ ရောက်ရှိလာသည်နှင့် မြင်ကွင်းမှာလည်း နေခင်းဘက်အလား လင်းထိန်လျက်ရှိလေသည်။ ထိုစဉ် သစ်ရွက်ချုံပုတ်တို့၏ လှုပ်ရှားသံများနှင့်အတူ လည်ချောင်းအတွင်းမှ ထွက်ပေါ်လာသော အသံများကို ကြားလိုက်ရသည်။

ကိုစိန်အေးသည် မည်သည့်သားရဲတိရစ္ဆာန်မှန်း အသေအချာမသိရသေးသော်လည်း ပုန်းအုံထဲတွင် စောင့်ဆိုင်းနေရင်းမှ ရုတ်တရက် ထွက်ပေါ်လာသည့် သားကောင်ကို တူမီးသေနတ်ဖြင့် ပစ်ချလိုက်သည်။

'ဒိုင်း'

သေနတ်သံနှင့်အတူ ချုံပုတ်ထဲသို့ တိုးဝင်သွားသော လှုပ်ရှားမှုကို မြင်တွေ့လိုက်ရလေ၏။ ထို့နောက် တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ကိုစိန်အေး၏ တူမီးသေနတ် ကျည်ဆံသည် ကျားထီးတစ်ကောင်ကို ချက်ကောင်းထိမှန်သွားသဖြင့် သေဆုံးနေလေ၏။

ကိုစိန်အေးသည် သစ်တောကြိုးဝိုင်းမှ ဝန်ထမ်းများကို





သွားခေါ်ပြီး ကျားထီးအသေကောင်ကြီးကို သစ်တောကြိုးဝိုင်းဝန်ထမ်းများနေထိုင်ရာ ဝင်းထဲသို့ သယ်ဆောင်လာခဲ့လေ၏။ ကျားသားရေကို ကောင်းမွန်စွာရရှိအောင် အသားဖျက်သည်။ ကျားအစွယ်အရိုးများကို အသုံးပြုရန် ရယူသည်။

ကျားသားကို သစ်တောဝန်ထမ်းများအား ဝေသည်။ ကျားသားဟင်းချက်ကာ ယမကာဝိုင်းဖွဲ့သည်။ ကျားကို အသေရအောင်ပစ်နိုင်သော ကိုစိန်အေးကို သစ်တောဝန်ထမ်းများက အထင်ကြီးလေးစားနေကြသည်။

သို့သော် ကျားထီးကို ရရှိပြီးနောက်တစ်နေ့ညတွင် ထူးခြားဖြစ်စဉ်များက မထင်မှတ်ဘဲ ပေါ်ပေါက်လာလေတော့၏။ နေဝင်သွားသည်နှင့် သူမ၏ချစ်လင်ကို လိုက်လံရှာဖွေနေသော ကျားမကြီးသည် သစ်တောကြိုးဝိုင်းဝန်ထမ်းအိမ်ရာဝင်း ပတ်လည်တွင် ဟိန်းဟောက်သံများ ပေးနေသည်ကို ကြားရလေတော့၏။

'မဆိုးကြီး... ကျားမကတော့ ကျားထီးကို လိုက်ရှာရင်း ကျွန်တော်တို့ အနားကို ရောက်လာနေပြီ၊ ကျွန်တော်တို့ကို အန္တရာယ်ပေးတော့မယ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ချောင်းခေါင်းကြီး ကိုသန်းတင်က စိုးရိမ်တကြီးပြော သည်။

'အင်း... ဒီအချိန်က ကျားတွေ မိတ်လိုက်တဲ့အချိန်ဗျ ကျားထီးနှင့်ကျားမ ရွှေလက်တွဲပြီး ပျော်ပွဲဖွဲ့နေတဲ့အချိန်မှာ ကျုပ် က ကျားထီးကိုပစ်သတ်လိုက်တယ်၊ ကျားမက သူ့လင်ကျားထီး ကို ရှာမတွေ့တော့ ဒေါသဖြစ်နေတာပေါ့'

'ကျုပ်ကတော့ ဒီဝင်းထဲကလူတွေကို ကျားမအန္တရာယ် ပေးမှာကို စိုးရိမ်နေမိတယ်'

'ကျုပ်တစ်ယောက်လုံးရှိပါတယ်ဗျာ၊ ဘာမှစိတ်မပူပါ နဲ့'

ကျားမသည် တစ်နေ့ပြီးတစ်နေ့ တစ်ညပြီးတစ်ည တစ်တောဝင်တစ်တောင်တက်ဖြင့် ကျားထီးကို လိုက်လံရှာဖွေ နလေ၏။

နေ့အချိန်တွင် တောနက်ထဲသို့ဝင်ကာ အသံပေး တတ်သည်။

သစ်တောကြီးမှ ဝန်ထမ်းများသည် သစ်တောကြီးဝိုင် အတွင်း အုပ်စုဖွဲ့ကာ သွားနေကြရ၏။ ညအချိန်တွင် သစ်တော





ကြီးဝိုင်းဝန်ထမ်းအိမ်ရာဝင်းနားသို့ ရောက်လာတတ်၏။ ထိုရက် များအတွင်း ကိုစိန်အေး၏ မိတ်ဆွေ ကိုစံတိုင်းက သစ်တောကြီး ဝိုင်းသို့ လိုက်လာ၏။

'ကျားမက နေရာအနှံ့သွားလာနေတာပဲ၊ နေရာတိုင်းမှာ ခြေရာတွေတွေ့နေရတယ်၊ ဒီကျားမကို ရအောင်ပစ်မှဖြစ်မယ်၊ ဟောက်ကျားစိတ်မွှန်ပြီး လူတွေကိုအန္တရာယ်ပေးတော့မှာ သေချာ တယ်'

မုဆိုးကိုစိန်အေးနှင့် ကိုစံတိုင်းတို့သည် ကျားမကို ချေမှုန်း ရန်အကွက်ချစီစဉ်ကြသည်။ ညနေမိုးချုပ်သည်နှင့် သစ်တော ကြီးဝိုင်းဝန်ထမ်းအိမ်ရာဝင်းပတ်လည်မှ သစ်ပင်များပေါ်တွင် ထိုး ထားသည့် လင့်စင်များပေါ်တွင် တစ်ယောက်တစ်နေရာစီ နေရာ ယူထားကြသည်။

မကြာမီ သစ်ရွက်များ၏ လှုပ်ရှားသံသဲ့သဲ့ကို ကိုစိန်အေး ကြားလိုက်ရ၏။

ထို့နောက် သစ်တောကြီးဝိုင်း ဝန်ထမ်းအိမ်ရာ ဝင်းနားသို့ င်မြန်သော ခြေလှမ်းများဖြင့် လာနေသော ကျားမကို လဆန်း ၏ လရောင်ဖြင့် မြင်တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုစံတိုင်းက သူ၏ နှစ်လုံးပြူးသေနတ်ကို လက်ဝဲလက် ဖဝါးခုံတွင် ထောက်၍ ချိန်ရွယ်ထားရာမှ လကျာဘက်ပခုံးသို့ ပြောင်း၍ ထောက်ပြီးအသေအချာ ချိန်ရွယ်၍ ကျားမ၏ ရင်အုံ ဆီသို့ ပစ်ထည့်လိုက်၏။

'ဒိုင်း'

'ကျွမ်း… ဟာ'

သို့သော် ချိန်သား အနည်းငယ် တိမ်းစောင်းသွားသဖြင့် ကျားမ၏ လကျာဘက်လက်ပြင်ကိုသာ ရှပ်မှန်သွားပုံရလေ၏။ ကျားမသည် ဘေးသို့ခါထွက်သွားပြီး လျှင်မြန်စွာ ပြန်ထသည်။ တောတွင်းသို့ မပြေးမီ ကျယ်လောင်စွာ ဟိန်းလိုက်သည်။

'ဝေါင်း'

ကျားဟိန်းသံသည် ပဲ့တင်သံထပ်သွားသည်။ အိမ်ရာဝင် ထဲမှ လန့်အော်သံကိုလည်း ကြားလိုက်ရ၏။ ကျားမသည် တော တွင်းထဲသို့ ဝင်ပြေးလေ၏။ ကိုစိန်အေး၊ ကိုစံတိုင်းနှင့် သစ်တော ဝန်ထမ်းသုံးဦးက ကျားမနောက်သို့ လိုက်သွားသည်။ ဝါးတော ကြိမ်တော ထူထပ်သည့်အပြင် လျှိုမြောင်ချိုင့်ဝှမ်းများစွာရှိသော ကြောင့် ညအခါတွင် သွားလာရခက်ခဲသဖြင့် နောက်သို့ပြန်လာ ကြ၏။





'လက်ပြင်ကို မှန်သွားတာတော့ အသေအချာပဲ၊ ထိချက် ပြင်းမပြင်းကိုတော့ တွက်ဆလို့ မရဘူး၊ ရင်ဘတ်ကို ချိန်ပစ် တာ'

'ကျားမက ကျားနာဖြစ်သွားပြီ၊ ကျားနာခဲ ခဲတော့မှာ '

ကိုစိန်အေး ထင်ထားသလိုပင် သစ်တောကြိုးဝိုင်းထဲသို့ သွားလာနေကြသော သစ်တောဝန်ထမ်းနှစ်ဦးကို ကျားမက ကိုက် သတ်သည်။

သစ်တောကြိုးဝိုင်းအနီးမှ ရွာများရှိ ရွာသူရွာသားများ တောထဲသို့ ထင်းခွေ၊ ဝါးခုတ်သွားရင်း ကျားမကိုက်၍ သေဆုံးကြရသည်။

'အခု ကျားမရဲ့ အန္တရာယ်ပေးမှုကို ရွာသူရွာသားတွေ ခံနေရတာ ကျွန်တော်တို့ အပြစ်မကင်းဘူး၊ အခုဆိုရင် သစ် တောကြိုးဝိုင်းအနီးက ရွာတွေမှာ တောင်ယာအလုပ်မလုပ်ရဲ၊ ရွာ ပြင်ကို မထွက်ရဲဆိုတဲ့အဖြစ်တွေနဲ့ ကြုံတွေ့နေရပြီ၊ ဒီတော့ ကျားမကို အသေမိအောင် ကြိုးစားရတော့မှာပဲ'

ကိုစံတိုင်းနှင့် ကိုစိန်အေးတို့က ကိုပေါက်စ၊ တင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



သော မုဆိုးများကို သွားခေါ်ပြီး သစ်တောကြိုးဝိုင်းနေရာအ တွင် ကျားမ၏ ခြေရာကို ရှာဖွေကြည့်ကြသည်။ သို့သော် ကျားမ၏ ခြေရာကို မတွေ့ရသလို ကျားကိုက်သေဆုံးသည့် သတင်းကိုလည်း မကြားရတော့ပေ။

ကိုစံတိုင်းတို့အဖွဲ့သည် သစ်တောကြိုးဝိုင်း ဝန်ထမ်း အိမ်ရာဝင်းထဲသို့ ပြန်လာခဲ့ကြ၏။ ရွာသားကြီးတစ်ဦးနှင့် အဖော် ရွာသားနှစ်ဦးတို့ ရောက်လာကြသည်။ သူတို့ရွာသားတစ်ဦး ယာခင်းယီတွင် အလုပ်လုပ်နေစဉ် ကျားကိုက်ခံရပြီး သေဆုံး သွားကြောင်း လာ၍ပြောခြင်းဖြစ်နေ၏။

ကိုစံတိုင်းတို့အဖွဲ့သည် အခင်းဖြစ်ပွားသည့်နေရာသို့ လိုက်သွား ကြသည်။ ကံဆိုးရှာသည့် ရွာသားမှာ ယာခင်းထဲတွင် သွေးသံရဲရဲဖြင့် သေဆုံးနေ၏။ အလုပ်ထဲသို့ အာရုံစိုက်၍ လုပ် ကိုင်နေစဉ် ကျားမ၏ ခုန်အုပ်ကိုက်သတ်ခြင်း ခံရသည့် အနေ အထားအတိုင်း မြင်တွေ့ရသည်။ အော်ချိန်ပင် ရလိုက်မည့်အခြေ အနေ မပေါ်။

ကိုစံတိုင်းတို့အဖွဲ့သည် ကျားမ ထွက်သွားရာလမ်း ကြောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ သွေးစသွေးနများ သွားရည်





သို့ ပျစ်ချွဲချွဲအရေများက ယာခင်းမှ တောစပ်အဝင်အထိ မြင် နေရသည်။

'ဒီကျားမ ဘာလို့ရွာသားကိုတောင် ကိုက်ချီမသွားသလဲ ဆိုတာ စဉ်းစားစရာဖြစ်နေတယ်၊ ဒီကျားမ ဒီည ဒီနေရာကို ပြန်လာမယ်ဆိုတာ' တွက်ဆလို့ရသွားပြီ၊ ဒီတော့ ကျုပ်တို့ ယာခင်းဘေးက အုပ်အုပ်ဆိုင်းဆိုင်း သရက်ပင်ကြီးပေါ်မှာ လင့်စင်ထိုးပြီး စောင့်ကြရုံပဲ ရှိတော့တယ်၊ ရွာသားတွေရွာပြင်ကို ထွက်မလာကြဖို့ ပြောထားရမယ်၊ ကျုပ်တို့လေးယောက်ကလည်း မှောင်တာနဲ့ လင့်စင်ပေါ်မှာ တက်နေကြမယ်၊ ရွာသားလောင်းနဲ့ သရက်ပင်က ဘာမှ မဝေးတော့ အသေအချာချိန်ရွယ်ပစ်လို့ ရတယ်၊ သရက်ပင်က အုပ်ဆိုင်းနေတာဆိုတော့ သစ်ပင်ပေါ်မှာ ကျုပ်တို့ရှိနေတာ ကျားမက မရိပ်စားမိနိုင်ဘူး'

လင့်စင်ထိုးရာတွင် ရွာသားများက လိုအပ်သော ဝါးများ ကို သယ်ပေးကြသည်။ ညနေနေဝင်သည်နှင့် ကိုစိန်အေးတို့ လင့်စင်ပေါ်သို့ တက်နေကြ၏။ လင့်စင်ပေါ်မှကြည့်လျှင် တောင် ထိပ်၌ ရေခန်းခြောက်နေသော ချောင်းတစ်ခုကို သူတို့တွေ့ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ နေဝင်ခါနီးအချိန်တွင် ချောင်းထဲမှ 'အိုးဝေ' သံ သည့် ဒေါင်းဖိုတစ်ကောင်၏ အော်သံကို ကြားလိုက်ရလေ၏ ကိုစိန်အေးက ဒေါင်းအော်သံကြားလျှင် လက်ဖျောက်တစ်ချက်တီး လိုက်သဖြင့် ကိုစံတိုင်းနှင့် ကိုပေါက်စက သူ့ကို ဘာအဓိပ္ပာယ် နှင့် လက်ဖျောက်တီးပါလိမ့်ဆိုကာ ကြည့်နေကြလေ၏။

'ခင်ဗျားက ဘာအဓိပ္ပာယ်နဲ့ လက်ဖျောက်တီးတာလဲ ပြောစမ်းပါဦး'

'ဟ… ကိုစံတိုင်းရဲ့ ချောင်းထဲက ဒေါင်းဖိုအော်တာ ခင်ဗျား ကြားတယ်မဟုတ်လား၊ တောတောင်ထဲမှာဒေါင်းလော အကင်းပါးတာ သူပဲရှိတယ်၊ ဒေါင်းက ကင်းစောင့်ဆိုလည်း မမှားဘူး၊ ကျားမ လာရင် သူက အလျင်ဆုံးအသံပေးမှာ မုဆိုးလုပ်နေပြီး မသိဘူးလား'

'ခင်ဗျားက ကျုပ်တို့ထက်မုဆိုးအတွေ့အကြုံ ရင့်ကျ တဲ့သူပဲ၊ ခင်ဗျားဆီက ပညာတစ်ခုရလိုက်တာပေါ့'

အိပ်တန်းတက်သော ကျေးငှက်များ၏ အော်မြည် သည် ဆူညံနေရာမှ တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ ညည့်ငှ ဖြစ်သော မြေဝပ်ငှက်တစ်ကောင်၏ အော်မြည်နေသံကို ကြ လိုက်ရသည်။





ကိုစိန်အေးသည် ယာခင်းထဲမှ လူသေအလောင်းကို ကြည့်မိရာ သူတို့အုပ်စုဘက်သို့ ခေါင်းကလေးကိုစောင်းကာ ကြည့်နေသယောင် ထင်ရလေ၏။

ထိုစဉ် ဆတ်တစ်ကောင်၏ အထိတ်တလန့် အော်လိုက် သောအသံသည် နားကြားပြင်းကတ်လောက်အောင် တိတ်ဆိတ် ငြိမ်သက်ခြင်းကို ဖျက်ဆီးလိုက်သလို ရှိလေ၏။ မရှေးမနှောင်း ပင် သမင်ပြောက်တစ်ကောင်၏ ဟူးရှသော 'တောက်'သံနှင့် တူ ညည့်ငှက်တစ်ကောင်၏ အော်သံမှာ သူတို့အတွက် ဘဝင် ကျစရာဖြစ်ရလေ၏။

သို့သော် ငှက်ဆိုးသည် မကောင်းဆိုးဝါးနှင့် မကောင်း သာအတိတ်နိမိတ်ကို မြင်တွေ့ရမှ အော်မြည်တတ်သည်ဖြစ်ရာ ဘာမီအချိန်တွင် ထိုနေရာသို့ ကျားဆိုးမ ရောက်လာတော့ ည်ဖြစ်ကြောင်း ကိုစိန်အေး သိလိုက်၏။

ကိုစိန်အေး၊ ကိုစံတိုင်းနှင့် ကိုပေါက်စတို့သည် တောစပ် က်သို့ အာရုံစူးစိုက်ကာ ကြည့်နေလေ၏။ ထိုနေရာမှ လူသား ကျားဆိုးမ ရောက်လာလိမ့်မည်ဟု တွက်ဆထားကြ၏။ ည့်နက်ချိန်တွင် သစ်ရွက်ခြောက်များကို နင်းလာသံ၊ ဒရွတ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လာသံကို ကြားမိသဖြင့် အချင်းချင်းလက်တို့ကာ သေနတ်များကို အသံကြားရာသို့ ပြိုင်တူချိန်ရွယ်ထားမိကြသည်။

ကျားဆိုးမသည် တောစပ်မှ ယာခင်းဘက်သို့ ဦးတည် သွားနေသည်။

ယာခင်းထဲမှ သူသတ်ဖြတ်ထားသော အလောင်းများသို့ ရောက်လျှင် လူသေကောင်ကို လှည့်ပတ်နမ်းကြည့်ပြီး မြေပြ ပေါ်သို့ ဝပ်ချလိုက်၏။

ထို့နောက် လူသေကောင်ကို မာန်ဖီကာ စားသောက် လေ၏။

ကျားဆိုးမသည် ခန္ဓာကိုယ် အလျားလိုက်ဝပ်လျ ကိုစိန်အေးတို့ကို ကျောပေးထားရာ သူတို့အတွက် စိမ်ပြေနပြေ သေနတ်ချိန်ဖို့ အခွင့်အခါသင့်သွားလေ၏။ ထို့နောက် မုဆိုးသုံး သည် ကျားဆိုးမကို ချက်ကောင်းနေရာသို့ ချိန်ရွယ်ကာ ကိုတ ဝင်း အချက်ပေးသည်နှင့် ပြိုင်တူခလုတ်ကို ဖြုတ်ချလိုက် ၏။

'ဒိုင်း... ဒိုင်း... ဒိုင်း'

ကျားဆိုးမသည် ကျောကော့သွားပြီး ဘေးသို့လဲကျသ





လေ၏။ လင့်စင်ပေါ်တွင် ယမ်းငွေ့နံ့များ ပျံ့လွှင့်သွားသည်။ မုဆိုးလေးဦးသည် သေနတ်ကိုယ်စီကိုင်ကာ ကျားဆိုးမအနီးသို့ ချဉ်းကပ်လာခဲ့ကြလေ၏။

ကျားဆိုးမမှာ ဦးခေါင်း၊ ဝမ်းဗိုက်၊ လက်ပြင်တို့တွင် သေနတ်ထိမှန်ကာ သေဆုံးနေလေပြီ။

သေနတ်သံကြောင့် ရွာသားများသည် ရွာပြင်သို့ ထွက်လာကြသည်။

'ကျားဆိုးမ ဇာတ်သိမ်းသွားပြီ'

ကိုစိန်အေးက ရွာသားများအား အော်ပြောသည်။ ရွာသားများသည် ကျားဆိုးမကို လာ၍ကြည့်ကြ၏။

ကျားဆိုးမ၏ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကို ကြိုးချည်၍ သစ်သားလုံးအရှည်ဖြင့် လျှိုကာ ရွာထဲသို့ ထမ်းသွားကြသည်။

'ကျားဆိုးမဟာ ချစ်စိတ်ကြောင့်ဖြစ်တဲ့ ဒေါသနဲ့ လူတွေကို ကိုက်သတ်စားနေတာ၊ အခုတော့ သူ့ချစ်သူနောက်ကို လိုက်သွားရပြီ၊ နောက်ဘဝမှာ သူတို့ ပြန်လည်ပေါင်းဆုံပါစေလို့ ဆုတောင်းရတော့မှာပဲ'

'ကိုစိန်အေးက သူများချစ်ခြင်းကို ခွဲခဲ့သူဆိုတော့ ဝဋ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာ သေချာတယ်'

ကိုစံတိုင်က ပြောလေ၏။

'အရင်ကတည်းက ဝင့်လိုက်နေတာဖြစ်မယ်၊ ကြည့်ပါ လား၊ အခုထိ မိန်းမ မရသေးဘူး'

'အဲဒီဝင့်မျိုး လည်တာတော့ သဘောကျတယ်၊ တစ် ယောက်တည်းနေရတာ စိတ်ချမ်းသာလွန်းလို့'

ရယ်မောသံများ ဆူညံသွားလေ၏။

* ♠ *

'ဦးလေးပြောပြတာ နားထောင်ရတာ ကြက်သီးထလိုက် တာ၊ အဲဒီကျားမ အသားကို ဦးလေးတို့ ချက်စားတာပေါ့'

'အေးပေါ့ကွ'

'ဒါနဲ့ ကိုစိန်အေး ခင်ဗျားတို့ မုဆိုးတွေက ဒီတောဒီ တောင်အနှံ့ကို ရောက်ဖူးနေတော့ ဒီတောထဲမှာ နစ်ထပ်အိမ်ကြီး ရှိတဲ့နေရာကို ရောက်ဖူးသလား'

ကိုစိန်အေး၏ မျက်နှာက ပြုံးနေ၏။

'ဆရာတို့ အဲဒီအိမ်ကြီးမှာ တစ်ညတည်းခိုခဲ့ပြီထင်တယ်၊ အဲဒီအိမ်ကြီးက အလွန်သရဲခြောက်တာ၊ ဟိုးခေတ်အခါက သစ် ထုတ္တကီကလူမျိုးခြားတွေ စခန်းချခဲ့တာလေ၊ တချို့ရှာသားတွေ



www.burmeseclassic.com

www.burmeseclassic.com



သစ်ခုတ်ဝါးခုတ်ရင်း အဲဒီအိမ်ကြီးကိုရောက်သွားပြီး ညအိပ်ကြတာ သရဲခြောက်ခံရလို့ ရူးသွားတဲ့သူတောင် ရှိတယ်'

'ကျုပ်ခေါ်လာတဲ့ ကောင်လေး လေးယောက်ထဲက ဖိုးကွမ်းနဲ့ ကံသိမ်းကတော့ သရဲမြင်ပြီး မေ့မြောသွားကြတယ်၊ ကျုပ်က အဲဒီသရဲတွေကို ပဋ္ဌာန်းကြိုး၊ ဆေးတောင်ဝှေးနဲ့ မောင်းထုတ်လာခဲ့တာပဲ'

'အဲဒီသရဲတွေက ဘယ်တော့မှ မကျွတ်ဘူး၊ ကျွန်တော်တို့ အဲဒီအိမ်ကြီးအကြောင်းကို သိထားတော့ ညမအိပ်ဘူး၊ မှုဆိုးထဲမှာ ဟိုတင်ဝင်းဆိုတဲ့ လူက သရဲကြောက်တတ်တယ်၊ အဟင်းဟင်း'

'မနက်ကျရင် ကျုပ်တို့ ခရီးဆက်ရဦးမယ်၊ ဟော့… ကောင်လေးတွေ အိပ်ကြတော့၊ ကိုစိန်အေးတို့အမဲလိုက်ခဲ့တဲ့ လမ်းပါမ်လျှောက်မှာ ကျောက်စီကို မတွေ့ခဲ့ဘူးဆိုတော့ ကျုပ်တို့ လမ်းကြောင်းပြောင်းပြီး ကျောက်စီကို ရှာရတော့မှာပေါ့'

* ♠ *



ကျောက်စီသည် သစ်ရွက်ခြောက်များပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေလေ၏။ တောအုပ်ထဲတွင် အမှောင်ထုက ကြီးစိုးနေသည်။ ကျောက်စီ၏ အနားသို့ အမြင့်တစ်တောင်သာသာရှိသော လူသားကဲ့သို့ သတ္တဝါများသည် ကျောက်စီ အိပ်မောကျနေသည်ကို ကြည့်ကာ…

'ငါတို့ ကျင်လည်ကျက်စားတဲ့နေရာကို ရောက်လာတဲ့ သူ့ကို ငါတို့အကြီးအကဲဆီကို ခေါ်သွားရအောင်'

'အဲဒါ ကောင်းတယ်'

လူပုကလေးများသည် အိပ်ပျော်နေသော ကျောက်စီကို ထမ်း၍ သယ်သွားကြလေ၏။ ထမင်းလုံးကို ပုရွက်ဆိတ်များ



www.burmeseclassic.com

www.burmeseclassic.com



သယ်သွားသည့်ပမာဖြစ်လေ၏။ အိပ်ပျော်နေသော ကျောက်စီက မသိရှာပေ။ ကျောက်စီသည် လူနေအိမ်ခြေများစွာရှိသောနေရာသို့ ရောက်လာလေ၏။ လူပုကလေးများသည် သူ့နေရာနှင့်သူ အလုပ်လုပ်နေကြလေ၏။ ကျောက်စီကို သယ်လာကြသည်ကိုမြင်လျှင် လူပုယောကျ်ား၊ မိန်းမများသည် ကျောက်စီကို အထူးအဆန်းသဖွယ်လာရောက်ကြည့်ရှုကြလေ၏။

'အသေကြီးကို သယ်လာကြတာလား'

'ခဏသေနေတာ၊ အချိန်တန်ရင် ပြန်ရှင်လာမှာ၊ ငါတို့ဒေသထဲကို ကျူးကျော်ဝင်ရောက်လာလို့ ဖမ်းလာတာ'

လူပုကလေးများသည် ကျောက်စီကို သစ်ပင်တစ်ပင်၏ ပင်စည်တွင် မှီပြီး ကြိုးအပတ်ပေါင်းများစွာ ရစ်ပတ်၍ ချည်နှောင်ထားကြလေ၏။

'ဟင်း'

ကျောက်စီသည် သူ့တစ်ကိုယ်လုံး တင်းကျပ်နေသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်၏။ လူသေကောင်များ မြုပ်နှံရာ သင်္ချိုင်းထဲသို့ သူရောက်ရှိနေမှန်း သတိပြုမိလိုက်၏။

ကျောက်စီ၏ ခန္ဓာကိုယ်သည် အရိုးစုများသာ ကျန်တော့





၏။ ကျောက်စီသည် မြေကြီးထဲမှ တိုးထွက်လာခဲ့၏။ သင်္ချိုင်းထဲမှ အလောင်းကောင်များကဲ့သို့ သွားလာနေသည်။ ကျောက်စီသည် ဝိညာဉ်ဘဝသို့ ရောက်ရှိသွားပြီဖြစ်၏။

သူ့မွေးစားဖခင်ကို သတိရလိုက်ရာ ရွာသို့ ရောက်သွားလေသည်။ သူနှင့်သူ၏မွေးစားဖခင်တို့ နေထိုင်ခဲ့သော အိမ်က ပိတ်ထားသည်။ ကျောက်စီက ခြေရင်းအိမ်မှ ကိုကျောက်ကြီးအိမ်ထဲသို့ ဝင်လာရာ ဝင်၍မရ။ ရှေ့မှ မာကျောသောအရာက ပိတ်ဆို့ထားသလို ထင်ရ၏။ ကျောက်စီသည် ကိုကျောက်ကြီး၏ အိမ်ရှေ့တွင်ရပ်နေ၏။ ကိုကျောက်ကြီးက အိမ်ထဲမှထွက်လာသည်။ အိမ်ရှေ့တွင် သူရပ်နေသည်ကို ကိုကျောက်ကြီးက မမြင်။

'ကိုကျောက်ကြီး... အဘ ဘယ်သွားနေသလဲ'

ကျောက်စီက ကိုကျောက်ကြီး၏ လက်ကိုဆွဲကာပြော၏။ ကိုကျောက်ကြီးက မသိသလို ရပ်နေသည်။

'ဟေ့... ကိုကျောက်ကြီး ကျွန်တော်ပြောတာ မကြားဘူးလား'

ကိုကျောက်ကြီးက ရွာထဲဘက်သို့ ထွက်သွားသည်။ ကျောက်စီသည် ကိုကျောက်ကြီး၏ အိမ်နောက်ဘက်သို့ သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။ ကိုကျောက်ကြီး၏မိန်းမ မစန်းတင်က နောက်ဖေးကြမ်းပြင်တွင်ထိုင်ကာ ကန်စွန်းရွက်သင်နေသည်။

'မကြီးစန်းတင် အဘ ဘယ်သွားနေသလဲ'

မစန်းတင်က သင်ပြီးသား ကန်စွန်းရွက်များကို ရေဆေးပြီး မီးဖိုချောင်ထဲသို့ ဝင်သွားသည်။ ကျောက်စီသည် ရွာထဲမှ လူများကို သူ၏မွေးစားဖခင် ဘယ်သွားနေသလဲဟု လိုက်မေးသော်လည်း မယ့် တစ်ဦးမှ ပြန်မဖြေကြ။ ကျောက်စီသည် ရွာထဲမှ သူ့သူငယ်ချင်း မခင်ဦး၏အိမ်သို့ လာခဲ့လေ၏။ မခင်ဦးက ကျောက်ရေတွင်းတွင် ရေချိုးနေ၏။ ကျောက်စီက မခင်ဦး၏ ဘေးနားတွင် သွား၍ရပ်နေ၏။

'မခင်ဦး ငါ့အဘ ဘယ်သွားနေတယ်လို့ ပြောသံကြားသလဲ'

မခင်ဦးက ရေကိုသာ တစ်ခွက်ပြီးတစ်ခွက်ခပ်၍ ချိုးနေသည်။

'ဟင်... ဘာဖြစ်မှန်းမသိဘူး၊ ကြက်သီးတွေထလိုက်တာ'

မခင်ဦးသည် ရေချိုးပြီးသည်နှင့် အိမ်ထဲသို့ ဝင်သွား





၏။ ကျောက်စီက မခင်ဦးအိမ်တွင် ဝင်ထွက်သွားလာနေကျမို့ မီးဖိုချောင်ထဲသို့ ဝင်လိုက်လာ၏။

'ဒုန်း...'

ကျောက်စီသည် မာကျောသောအရာနှင့် ဝင်တိုက်မိပြီး နောက်သို့လဲကျသွားလေ၏။ ကျောက်စီ အိမ်ထဲသို့ ဝင်မရမှန်း သိလိုက်သဖြင့် ရွာထဲသို့ လာခဲ့သည်။ သူနှင့်ခင်မင်ခဲ့သော ရွာသူ ရွာသားများအား နှုတ်ဆက်ခေါ်ပြောပေမယ့် ထိုသူတို့က ကျောက်စီကို အရေးမထား။ သူတို့လုပ်မြဲဖြစ်သော အလုပ်ကိုသာ ဆက်လုပ်နေကြသည်။

ကျောက်စီသည် တောထဲသို့ ပြန်လာခဲ့သည်။ သားရဲတိရစ္ဆာန်များက စားကျက်များတွင် အုပ်စုလိုက် စားနေရင်းမှ ကြောက်လန့်ပြီးထွက်ပြေးကုန်ကြသည်။ ကျောက်စီသည် သွားရင်း သူ့ခန္ဓာကိုယ်ကို မြေမြှုပ်ထားသော သင်္ချိုင်းထဲသို့ ပြန်ရောက်လာ၏။ သူ့အားမြေမြှုပ်သည့် မြေပုံနေရာသို့ သွားသည်။

'ငါမလိုက်ချင်ဘူး၊ ငါမလိုက်ချင်ဘူး၊ ငါ့ကိုလွှတ်'

ကျောက်စီသည် အားအင်ရှိသမျှ ရုန်းကန်နေ၏။

'အောင်မလေး... အား... အား'



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စီသည် အတင်းရုန်းကန်ကာ ထလိုက်၏။

'ဟာ… ကျွတ်… ကျွတ်… တစ်ကိုယ်လုံး နာကျင်

ကိုက်ခဲနေလိုက်တာ'

ကျောက်စီသည် အိပ်ပျော်နေရာမှ လန့်နိုးသွား၏။ သူ

တစ်ကိုယ်လုံးသည် အရိုက်အနက်ခံထားရသည့်နှယ် နာကျင်

၏။

ညက သစ်ပင်ခွကြားတွင် အိပ်ပျော်ရင်း အိပ်မက်မက်

ရာမှ သစ်ပင်အောက်သို့ လိမ့်ကျသွားသည်။ သစ်ရွက်ခြောက်များ

ပေါ်သို့ကျပြီး အောက်ခံမြေသားနှင့် ခန္ဓာကိုယ်ဆောင့်မိသဖြ

မထနိုင်ဘဲ ရှိခဲ့သည်။ သစ်ရွက်ခြောက်များပေါ်တွင် ပြန်အိပ်ရင်

အိပ်မက်ဆိုးများ မြင်မက်ပြန်၏။

ဟော… အခု လန့်နိုးလာတော့ သူ အဖျားတက်နေမှ

သတိပြုမိသွားသည်။ တောထဲ တောင်ထဲတွင် ရက်ကြာအော

နေလာခဲ့သဖြင့် ငှက်ဖျားတက်နေခြင်း ဖြစ်လေ၏။ သူ့တစ်ကိုယ

လုံး နွမ်းချည့်နေသည်။ အားအင်တွေလည်း လျော့ပါးနေသည

ကျောက်စီသည် ထိုင်ရာမှ ထရန်ပင် အားမရှိသဖြ

သစ်ရွက်ခြောက်များပေါ်သို့ ပြန်၍လှဲအိပ်နေလိုက်၏။ သော





လည်း ဆေးမရှိ။ ကျောက်စီသည် အိပ်မက်များကို ပြန်တွေး

ပြီး ရင်ခုန်နေလေ၏။ သစ်ရွက်ခြောက်များပေါ်တွင် မှေးစက်

နေလေ၏။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ဆေးဆရာ ဦးထွန်းကြည်တို့အဖွဲ့နှင့် မုဆိုးကိုစိန်အေ
တို့အဖွဲ့သည် ခင်မင်စွာ နှုတ်ဆက်ကြပြီး လမ်းခွဲခဲ့ကြလေသည်။

မုဆိုးကိုစိန်အေးတို့ အဖွဲ့က လာလမ်းအတိုင်း ပြန်သွား
ကြ၏။

ဆေးဆရာဦးထွန်းကြည်နှင့်ရွာသား လူငယ်များ
တောင်ဘက် အရပ်သို့ မှန်းဆ၍လာခဲ့ကြသည်။

ခရီးအတော်အတန် သွားမိလျှင် ဆေးဆရာဦးထွန်းကြည်
တို့ရှေ့မှ သွားနေသော မိန်းကလေးတစ်ဦးနှင့် အဘွားအိုတစ်ဦး
ကို လှမ်းမြင်နေရလေ၏။

အဘွားအိုသည် အသက်အရွယ်နှင့်မလိုက်အောင် အသွား
အလာ သွက်လက်နေသဖြင့် ဖိုးကျွမ်းက…





'ဆရာ ဦးထွန်းကြည် ဟိုးရှေ့က သွားနေတဲ့ မိန်းကလေး
နဲ့အဘွားအိုဟာ ခြေလှမ်းတွေ သွက်လိုက်တာ'

'တောထဲ တောင်ထဲမှာဆိုတော့ လူလား၊ နာနာဘာဝ
လားဆိုတာ ခပ်မှန်းရခက်တယ်ကွ၊ ဒီအနီးအနားမှာ ရွာတစ်ရွာ
ချင်လည်းရှိမယ်၊ အဘွားအို အသွားအလာသွက်လက်နေတာက
တော့ မယုံနိုင်စရာပဲ၊ သူ့လမ်းကို သူသွားနေကြတာပဲ၊ ငါတို့
လည်း ငါတို့သွားချင်တဲ့ ခရီးရောက်ဖို့ အဓိကပဲ မဟုတ်
လား'

နောက်တစ်နာရီခန့်လျှောက်မိလျှင် ရှေ့မှသွားနေသော
မိန်းကလေးနှင့် အဘွားအိုသည် ထန်းပင်များ အစီအရီပေါက်နေ
သော အိမ်ခြေခုနစ်ဆယ်ခန့်ရှိမည်ထင်ရသော ရွာစုကလေးထဲသို့
ဝင်သွားကြသည်ကို လှမ်းမြင်လိုက်ရလေ၏။

'ဟေ့… ကောင်လေးတွေ ငါတို့ အဲဒီရွာထဲကို ခဏ
နားကြရအောင်၊ အမောပြေအောင် ရေတောင်းသောက်ရင်း
ပေါ့'

'ကောင်းတယ် ဆရာ၊ ကျွန်တော်တို့ ရေဆာနေကြ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးထွန်းကြည်နှင့် ရှာသားလူငယ်များသည် ထိုရွာကလေးသို့ ဦးတည်လျှောက်လာကြလေ၏။ မကြာမီတွင် ရွာအတွင်းသို့ ဝင်လာမိကြလေ၏။

ဆရာဦးထွန်းကြည်နှင့် ရှာသားလူငယ်များသည် သပ်ရပ်စွာဆောက်ထားသော နှစ်ထပ်အိမ်ကြီး ရှေ့တွင်ရပ်ကာ…

'အိမ်ရှင်တို့ ကျွန်တော်တို့ခရီးသွားတွေပါခင်ဗျာ၊ ရေတစ်ခွက်စီလောက် သောက်ချင်လို့ပါ၊ ကျေးဇူးပြုပါ'

ဆရာဦးထွန်းကြည်က အိမ်ထဲသို့အသံပြုလေ၏။ အိမ်ထဲမှ အသက် (၆၅)နှစ်အရွယ် ယောက်ျားကြီးတစ်ဦး ထွက်လာကာ…

'အိမ်ထဲကို ကြွကြပါကွယ်၊ ရေတစ်ခွက်မဟုတ်ပါဘူး။ ကြိုက်သလောက် သောက်ကြစမ်းပါ'

ဟု ဖိတ်ခေါ်လေ၏။

'ရေနွေးကြမ်းလည်း ရှိတယ်၊ အမောအပန်းဖြေကြပါဦး'

ဆရာဦးထွန်းကြည်နှင့် ရှာသားလူငယ်များသည် အိမ်အောက်ထပ်မှ ကွပ်ပျစ်ကလေးပေါ်တွင် သွား၍ ထိုင်ကြလေ၏။





အိမ်ရှင်ယောက်ျားကြီးက ရေနွေးကြမ်း ငှဲ့တိုက်သည်။

ရှာသားလူငယ်များက ရေအိုးထဲမှ ရေကိုသာ အငမ်းမရ သောက်ကြလေ၏။

ဆရာဦးထွန်းကြည်ကမူ ရေနွေးကြမ်းကို မှုတ်၍သောက်နေလေ၏။

'ဟေ့… လုံမရေ၊ အမြည်းမရှိတော့ အာပူတယ်ကွ၊ အိမ်မှာရှိတဲ့ စားစရာတစ်ခုလောက် လာချပေးပါဦး'

'ဟုတ်ကဲ့ အဘ'

ချောမောလှပသော မိန်းကလေးတစ်ဦးက ရေနွေးကြမ်းအိုးထဲသို့ ရေနွေးကြမ်း ထပ်ဖြည့်ပေး၏။

ပန်းကန်လုံးများ ချပေး၏။ ထန်းလျက်ခဲများကိုလည်း လာ၍ချပေးလေ၏။

'သုံးဆောင်ကြပါဦး၊ ဒါနဲ့ မိတ်ဆွေတို့က ဘယ်သွားကြမလို့လဲ'

အိမ်ရှင်ယောက်ျားကြီးက မေးမြန်းလေ၏။

ဆရာဦးထွန်းကြည်က သူ၏သားတပည့်ကို ရိုးမတောထဲတွင် လိုက်လံ ရှာဖွေနေသည့်အကြောင်း ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်ယောက်ျားကြီးက…

'ရိုးမတောထဲကို မသွားကြပါနဲ့တော့၊ ဆရာပြောတဲ့ ကာလအရဆိုရင် ဆရာသားတပည့်ဟာ အသက်ရှင်နေစရာ အကြောင်းမရှိတော့ပါဘူး၊ မသွားကြပါနဲ့တော့၊ ကျွန်တော် မေတ္တာရပ်ခံပါတယ်'

'ဗျာ…'

'ဟင်…'

အိမ်ရှင်ယောက်ျားကြီး၏ စကားကြောင့် ဆရာဦးထွန်းကြည်နှင့် ရွာသားလူငယ်များမှာ အံ့သြသွားကြလေ၏။

'အစ်ကိုကြီးက ကျွန်တော်တို့ကို ဘာလို့တားမြစ်တယ်ဆိုတာ သိပါရစေ'

ဟု ဆရာဦးထွန်းကြည်ကမေးလိုက်ရာ အိမ်ရှင်ယောက်ျားကြီးမှာ မျက်နှာအမူအရာပြောင်းလဲသွားပြီး တွေဝေသလို ဖြစ်သွားလေ၏။

ပြီးမှ မျက်နှာကိုဟန်ဆောင်ပြုံးကာ…

'ဒီရွာက လူတွေ ရိုးမတောထဲသွားပြီး ထင်းခုတ်၊ ဝါးခုတ် မလုပ်ကြတာ အတော်ကြာပြီ၊ ဘာကြောင့်လဲဆိုတော့ ရိုးမတောထဲမှာ မြွေတွေမရေမတွက်အောင် များပြားသလို တစ်မူ





ထူးခြားတဲ့ ကိစ္စတစ်ခုလည်း ရှိနေလို့ ပြောချင်တာပါပဲ'

'အလို… ဘယ်လိုထူးဆန်းတဲ့ကိစ္စလဲ ခင်ဗျ'

'အင်း… ထူးဆန်းတဲ့ကိစ္စဆိုတာက ရိုးမတောထဲမှာ အရုပ်ဆိုးဆိုး အဘွားအိုတစ်ဦးနေပြီး မြွေတွေဟာ အဲဒီအဘွားအို မွေးထားတဲ့မြွေတွေလို့ ပြောစမှတ်ပြုနေကြတယ်ဗျ'

'အင်း… အတော်ထူးဆန်းပါလား၊ အဘွားအိုက မြွေတွေကို မွေးထားရတယ်လို့ဗျာ'

'ထူးဆန်းတာကတော့ မပြောနဲ့ဗျို့၊ အဲဒီအရုပ်ဆိုးဆိုး အဘွားအိုနဲ့အတူ အလွန်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကိုလည်း ရိုးမတောထဲမှာ တွေ့ရတယ်လို့ ရွာသားတွေက ပြောဆိုနေကြတယ်'

'ဟင်…'

'ဟာ…'

ရွာသားလူငယ်များမှာ အံ့သြလွန်း၍ အာမေဋိတ်သံများပင် ထွက်သွားကြလေ၏။

'ဟင်း … မိတ်ဆွေတို့ သိချင်တယ် ဆိုရင်တော့ ကျွန်တော်သိထားသမျှကို ပြောပြပေးပါ့မယ်'

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

အုန်းတောစု ရွာကလေးသည် လယ်သမား၊ ယာသ
များစုဝေးနေထိုင်ရာ ရွာကလေးတစ်ရွာဖြစ်လေ၏။ သို့သော်
ကိုအုပ်ချုပ်သည့် သူကြီးဦးဖိုးထင်နှင့် သူ့သားသံခဲတို့ကြော
ရွာသူရွာသားများမှာ မကြာခဏ စိတ်အနှောင့်အယှက်ဖြစ်နေ
ရလေ၏။

သံခဲမှာ အသက် ၂၅ နှစ်နီးပါးရှိပြီ ဖြစ်သော်လည်
ဘာအလုပ်ကိုမှမလုပ်ဘဲ နေ့ရှိသရွေ့ ထန်းရည်၊ အရက်တို့ကို
သောက်သုံးပြီး ဖခင်၏ အရှိန်အဝါနှင့် လူတကာကို စော်ကာ
မော်ကားပြုနေလေ၏။





သည်းမခံနိုင်သော ရွာသားက အရက်မူးနေသော သံခဲကို ပြန်လည်ထိုးကြိတ်မိလျှင် သူကြီးဦးဖိုးထင်က ရွာသားကို ရက်အကန့်အသတ်မရှိ ထိပ်တုံးခပ်ထားလေ၏။

'ဟော့… သံခဲဟာ ငါ့ရဲ့သားကွနော်၊ သူဘာပဲလုပ်လုပ် ငါ့ကိုလာတိုင်၊ သူနဲ့ရန်ဖြစ်တဲ့သူတိုင်းကို ငါက သည်းခံခွင့်လွှတ်မှာ မဟုတ်ဘူးနော်'

သူကြီး ဦးဖိုးထင်မှာ တရားသည် မတရားသည်ကို လုံးဝ ချင့်ချိန်စဉ်းစားခြင်းမပြုဘဲ ရွာသားများကို အထက်ပါအတိုင်း ပြောတတ်လေ၏။ ထို့ကြောင့် ရွာထဲမှာ ကာလသားများက သံခဲကို ဝေးဝေးရှောင်ကြလေ၏။ ယင်းသို့ ရှောင်ပြေးသည့်ကြားမှ ကံဆိုးသည့်သူများမှာ သံခဲ၏ရန်စထိုးကြိတ်ခြင်းကို ခံရလေ၏။

တစ်နေ့တွင် ရွာမှ အချောအလှ နှောင်းရီဆိုသော မိန်းကလေးကို သံခဲက ရွာထိပ်တွင် တားဆီး၍ ရည်းစားစကားပြောသည်။

ထိုအခါ နှောင်းရီက လိမ္မာယဉ်ကျေးသူပီပီ အပြုံးမပျက်ဘဲ အေးအေးဆေးဆေးပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုသံခဲကလည်းလေ ကျွန်မနဲ့ ကိုရဲမြင့်တို့ မေတ္တာရှိနေတာ ကြာလှပြီ၊ မကြာခင် လက်ထပ်တော့မယ့်ဥစ္စာ'

ထိုစကားကြောင့် သံခဲ မျက်နှာရှုံ့မဲ့သွားလေ၏။

'ဘာ... ရဲမြင့်နဲ့ လက်ထပ်တော့မယ် ဟုတ်လား တောက်... ဒီကောင်က ငါကြိုက်တဲ့မိန်းကလေးကိုမှ ရွေးပြီး ကြိုက်ရသလား၊ တောက်... လုံးဝမကျေနပ်ဘူး၊ လက်မခံဘူး ဒီကောင် သံခဲအကြောင်း သိရစေမယ်'

ဒေါသသံဖြင့် ပြောဆိုကာ ထွက်ခွာသွားသော သံခဲကို ကြည့်ကာ အနီးရှိအိမ်မှ မစိန်အေးက...

'နှောင်းရီရေ ဒီသံခဲဆိုတဲ့ကောင်က သူများဒုက္ခရောက်အောင် လုပ်ဖို့ ဝန်လေးမယ့်သူ မဟုတ်ဘူး၊ သတိထားနေရတော့'

ဟု သတိပေးစကားပြော၏။

'ဟုတ်တယ်၊ ကိုရဲမြင့်ကို သတိပေးမှဖြစ်မယ်'

ထိုနေ့မှစ၍ ရဲမြင့်က သံခဲနှင့်မတွေ့အောင် ရှောင်ရှားသည်။ သို့ဖြင့် တစ်လကျော်သောကာလတွင် ရဲမြင့်နှင့် နှောင်းရီတို့ မင်္ဂလာဆောင်ကြလေ၏။





ထိုညမှာပင် ရဲမြင့်တို့အိမ်မှာ မီးစွဲလောင်သဖြင့် ရွာသားများက ဝိုင်း၍ငြိမ်းသတ်ကြရသည်။ ရဲမြင့်နှင့် နှောင်းရီတို့ လင်မယားမှာ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးခဲ့ရသည်။

အိမ်တစ်လုံးလုံး ပြာကျသွားသဖြင့် ဘာပစ္စည်းအသုံးအဆောင်မှ ပြန်မရဘဲ ဆုံးရှုံးသွားရလေ၏။

ရွာသူရွာသားများက ရဲမြင့်တို့လင်မယား စိတ်အားငယ်အောင် အားပေးကြသည်။ မီးလောင်ခြင်းသည် သူကြီး၏သား သံခဲလက်ချက်ဖြစ်မည်ဟု တီးတိုးပြောနေကြ၏။

ရက်လတို့ အလီလီပြောင်းလာခဲ့သော်လည်း မီးလောင်သည့်ကိစ္စ၏ တရားခံမှာ ပေါ်ပေါက်မလာခဲ့ချေ။ မနှောင်းရီတို့ လင်မယားမှာ ရွာတွင် အဆင်းရဲဆုံးဘဝသို့ ရောက်သွားရလေ၏။

မနှောင်းရီမှာ ကိုယ်ဝန်ရှိလာသည်။ မွေးဖွားခါနီးတွင် မနှောင်းရီက...

'ကိုရဲမြင့်ရယ်... ကျွန်မ မွေးဖွားဖို့က နီးသထက်နီးလာပြီ၊ ကြိုးစားပြီး ငွေရှာထားပါနော်'

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မင်းသိပါတယ် မနှောင်းရယ်၊ ဒီတစ်ရွာလုံးမှာ ... လောက်အလုပ်လုပ်တဲ့သူ မရှိပါဘူး၊ အရင်တုန်းက တောသူဌေး... ဦးမြသာဟာ ကျုပ်ကို တစ်နှစ်ပတ်လုံး သူရင်းငှားအဖြစ် ငှား... မယ့် ဒီနှစ်တော့ မငှားတော့ဘူးလေ'

ဟု ကိုရဲမြင့်က ဆို့နစ်စွာ ပြောလေ၏။

'ကျွန်မတို့အိမ် မီးလောင်သွားတာ သံခဲလက်ချက်... ကျွန်မ ထင်တယ်'

'ဒါပဲဖြစ်မှာပေါ့၊ ဒီကောင်က ငါတို့လင်မယားဒုက္ခ... ရောက်အောင် အမြဲကြံစည်နေတဲ့ကောင်ပဲဥစ္စာ'

ထိုစဉ် ရွာထဲမှ မစိန်အေးက ကိုရဲမြင့်တို့လင်မယား... ထံသို့ အပြေးကလေးရောက်လာလေ၏။

'ဟဲ့… မစိန်အေး၊ ဘာဖြစ်လာတာလဲ'

'သဿမေဓ အခွန်မဆောင်နိုင်တဲ့သူတွေကို ဖမ်းဖို့ မြ... က ပုလိပ်ရာဇဝတ်အုပ်နဲ့ ပုလိပ်သားတွေ သူကြီးအိမ်မှာရောက်... ကြပြီ၊ သံခဲက နင်တို့လင်မယားကို အမြန်ဆုံးသွားဖမ်းဖို့ ပုလိ... ရာဇဝတ်အုပ်ကို ပြောနေတာ ငါကြားခဲ့တယ်၊ အဲဒါကြောင့်... နင်တို့လင်မယား ပြေးဖို့ ငါလာပြောတာ'





'ဟင်… ကိုရဲမြင့် ဘယ်လိုလုပ်ကြမလဲ၊ ဒုက္ခပါပဲ'

ရဲမြင့်က ချက်ချင်းဆုံးဖြတ်ချက်ချလိုက်သည်။

'မနှောင်း… သံခဲက ငါတို့လင်မယား ဒုက္ခရောက် ...အောင်လုပ်တော့မယ်၊ မဖြစ်ဘူး၊ ငါတို့လင်မယား ရိုးမတောထဲ ...ာ သွားနေကြမယ်၊ နောက်မှ အခြေအနေကို ကြည့်ပြီး ရွာကို ...န်လာကြမယ်'

'ဟုတ်တယ်၊ ရဲမြင့်ပြောသလို ရိုးမတောထဲကိုသာ ပြေး ...ကြတော့ နှောင်းရီ'

ရဲမြင့်နှင့် နှောင်းရီတို့လင်မယားသည် ရှိသမျှ အဝတ် ...အစားကို ထုပ်ပိုးကာ ရိုးမတောထဲသို့ လာခဲ့ကြသည်။

'ဟော့… ရဲမြင့်နဲ့ နှောင်းရီ ဘယ်သွားနေသလဲ၊ ရှေ့ကို ...ထွက်လာကြစမ်း'

အိမ်နောက်ဖေးမှ ထွက်ပြေးလာသော ရဲမြင့်နှင့်နှောင်းရီ ...တို့လင်မယား ခပ်လှမ်းလှမ်းသို့အရောက်တွင် တဲအိမ်ရှေ့မှ တစာ ...စာ အော်နေသော သံခဲ၏အသံကို ကြားလိုက်ရလေ၏။

'ဟင်… အရေးထဲ မင်းရဲ့ကိုယ်ဝန်ကလည်း နေ့စေ့ ...လစေ့ဖြစ်နေတယ်၊ မင်း ပြေးနိုင်ပါ့မလား မိန်းမရယ်'



www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်က နှောင်းရီ၏ ပခုံးကို ဖက်တွဲကာ ခေါ်ရင်းမေး၏။

'ရပါတယ် ကိုရဲရယ်၊ ပြေးမှာသာ ပြေးစမ်းပါ၊ တော်ကြာ သံခဲတို့တွေ့သွားလို့ ဒုက္ခများနေပါ့မယ်'

နှောင်းရီက အားတင်း၍ ပြေးနေ၏။ ရဲမြင့်က ဇနီးဖြစ်သူ နှောင်းရီကို ဖေးမခေါ်ရင်း တောင်ပေါ်သို့ တက်လာခဲ့ကြသည်။

ရိုးမတောထဲတွင် အေးစိမ့်နေသည်။ သို့သော် သူတို့လင်မယား ဂရုမထားမိပေ။ သူတို့တစ်ကိုယ်လုံးတွင် ချွေးများစို့နေကြ၏။

ရဲမြင့်နှင့် နှောင်းရီတို့လင်မယားသည် တောထဲတွင် ပြေးလွှားရင်း ကျောက်ဂူဟောင်းကြီးတစ်ခုအနားသို့ ရောက်ရှိလာကြ၏။

'ဟာ... မနှောင်း ဟိုမှာကျောက်ဂူကြီးကွ၊ အဲဒီကျောက်ဂူထဲမှာ သွားနေ၊ ငါနောက်က အခြေအနေ ကြည့်လိုက်ဦးမယ်'

'လာပါ... ရှင်ပါ တစ်ခါတည်းလိုက်ခဲ့ပါ'





'မဟုတ်ဘူး၊ တကယ်လို့ သူတို့ငါတို့နောက်ကလိုက်လာရင် မင်းကိုမတွေ့အောင် ငါက တစ်ဖက်လမ်းကပြေးပြီး က်ခြည်ဖြတ်မယ်လေ၊ သွားပါ၊ ငါ့စကားနားထောင်၊ ကျောပြီး ထဲမှာ ပုန်းနေ' ျသွား

နှောင်းရီက ကျောက်ဂူထဲသို့ ဝင်သွားလေ၏။ ရဲ နှောင်းရီကျောက်ဂူကြီးထဲသို့ ဝင်သွားတော့မှ တောင်စော်သေး ၍ အခြေအနေကို အကဲခတ်သည်။

'ဟာ... သံခဲနဲ့ ပုလိပ်တွေ တောင်ပေါ်ကိုတက်လာကြလား၊ မနှောင်းသိအောင် ငါသွားပြောထားမှဖြစ်မယ်'

'ရွှီး... ရွှီး... ရွှီး'

'ဟင်...'

လေချွန်သံကဲ့သို့သော မြွေတွန်သံများကို ရဲမြင့်ကြား ိုက်ရလေ၏။ မည်သည့်နေရာမှဆိုသည်ကိုတော့ ရဲမြင့် မခန့် းတတ်။ ရဲမြင့်က ကျောက်ဂူနားပေါက်ဝတွင် ရပ်လိုက်၏။ ျောက်ဂူအတွင်းပိုင်းသို့ကြည့်လိုက်ရာ ကျောက်ဖြူသားအလင်း ောင်ဖြင့် အထင်သားမြင်တွေ့နေရသည်။

'ဟင်... မနှောင်း ဘယ်ရောက်သွားပါလိမ့်၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူထဲကို ဝင်သွားတာ ငါသေသေချာချာ မြင်လိုက်ရတာ
ပဲ၊ အခု ဘယ်ပျောက်သွားပါလိမ့်’

‘အူဝဲ… အူဝဲ… အူဝဲ’

‘ဟင်… ဟာ’

ထိုစဉ် ကလေးငယ်တစ်ယောက်၏ ငိုသံပေါ်ထွက်လာ
သူ ရဲမြင့်မှာ သို့လောသို့လော ဖြစ်သွားလေ၏။

‘ရှီး… ရှီး… ရှီး’

‘ဟာ… ကျောက်ဂူထဲမှာ မြွေတွေ အများကြီးပါလား’

ရဲမြင့် မျက်လုံးပြူးသွားလေ၏။

‘မနှောင်းတစ်ယောက် မြွေကိုက်ပြီး သေသွားရင်လည်း
အလောင်းကိုတွေ့ရမှာပဲ၊ အင်း… အခုတော့ ကလေးငိုသံ
ကြားလိုက်ရတယ်၊ ဘယ်လိုပါလိမ့်’

ရဲမြင့်သည် အဝေးသို့ ပြေးရန် ကျောက်ဂူဝမှ ထွက်လာ
ခဲ့၏။

ထိုစဉ် သံခဲနှင့် ပုလိပ်သားများက ရဲမြင့်ကို မြင်သွား
သည်။

‘ဟိုမှာ ရဲမြင့်… ပစ်… ပစ်’





သံခဲက အော်ပြောသည်။

ပုလိပ်နှစ်ဦးက ရဲမြင့်ထံသို့ သေနတ်များ ထိုးချိန်ပြီး
ဆက်မပြတ် ပစ်ချလိုက်ရာ ရဲမြင့်မှာ ကျည်ဆန်ထိမှန်ပြီး
ကျောက်သားပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သည့်ပမာ လဲကျသွား
လေ၏။

‘ဒီကောင် သေသွားပြီ၊ သူ့မိန်းမ နှောင်းရီကျန်သေး
တယ်၊ ကျောက်ဂူထဲမှာ ရှိလိမ့်မယ်’

ဟု သံခဲက ပြောလေ၏။

‘အူဝဲ… အူဝဲ’

‘ဟော… ဟော… အဲဒါ ကလေးငိုသံ၊ နှောင်းရီ
ကျောက်ဂူထဲမှာ ကလေးမွေးသွားပြီထင်တယ်၊ ပုသိပ်သားတို့
ကြပါဦး’

ပုလိပ်သားနှစ်ဦးက သံခဲပြောသည့်အတိုင်း ကျောက်ဂူထဲ
သို့ ဝင်သွားကြလေ၏။

‘အား…’

‘အား…’

ငယ်သံပါအောင် အော်လိုက်ကြသည့် အသံနှင့်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သံခဲက ကျောက်ဂူ၏ အပေါက်ဝမှ အတွင်းသို့ လှ
ကြည့်မိသည်။

'နှီး··· နှီး··· နှီး··· နှီး'

'အောင်မယ်လေး··· မြွေတွေအများကြီးပဲ၊ ပုလိပ်န
ယောက်ရဲ့ ခန္ဓာကိုယ်မှာ ရစ်ပတ်ထားကြတယ်၊ ပုလိပ်န
ယောက်တော့ သေပြီ'

သံခဲသည် ကြောက်အားလန့်အားဖြင့် ရိုးမတောင်ပေါ
ပြေးဆင်းလာခဲ့၏။ ရွာထဲသို့ ပြန်ရောက်လာသော်လည်း သူ့အိ
သို့ မသွားဘဲ ရွာလယ်လမ်းပေါ်တွင် ဟိုသည် ပြေးလွှား
၏။

'ဟင်··· သံခဲ ဘာဖြစ်နေတာလဲ'

'ဒီကောင် ပုလိပ်နှစ်ယောက်ခေါ်ပြီး ရဲမြင့်နဲ့ နှောင်
တို့ လင်မယားကို လိုက်ဖမ်းတာလေ၊ ရိုးမတောထဲမှာ ဘာဖြ
လာတယ် မသိဘူး'

ရွာသားများက သံခဲကို ချုပ်နှောင်ပြီး သူကြီးဦးဖိုးထ
အိမ်သို့ သွားပို့ကြလေ၏။

'ဟင်··· ငါ့သား သံခဲဘာဖြစ်လာတာလဲ'





'မသိပါဘူးဗျာ၊ ဟိုသည် လျှောက်ပြေးနေလို့'

'အား··· အောင်မလေး··· လုပ်ကြပါဦး'

သံခဲက အတင်းရုန်းကန်နေသည်။

'ဟဲ့··· သား သံခဲ မင်းဘာဖြစ်လာသလဲ'

'ရဲမြင့် သေသွားပြီ၊ ပုလိပ်နှစ်ယောက်လည်း သေသွား
း နှောင်းရီက ပျောက်နေတယ်၊ ကလေးငိုသံလည်းကြားတယ်၊
အောင်မလေး··· မြွေတွေ··· မြွေတွေ'

သံခဲမှာ အချိန်အခါမရွေး လန့်၍အော်နေတတ်၏။ သ
ဖေသူကြီးဦးဖိုးထင်က သံခဲကို ပယောဂဆရာကိုလှဖေကို
း ကုသသည်။

'တောထဲတောင်ထဲသွားပြီး မကောင်းဆိုးဝါးတွေ စွယ်
ယ်လာတာ၊ ပါးစပ်က အားအားရှိတိုင်း အော်ဟစ်နေရသလား၊
ကွာ'

'ဖြန်း··· ဖြန်း'

'အောင်မလေး··· သေပါပြီဗျ'

ပယောဂဆရာ ဦးလှဖေက သံခဲကို ကြိမ်လုံးဖြင့် ရိုက်
ည်။ သံခဲမှာ ခါးကော့သွားသည်။ ထိုဖြစ်အင်ကို မြင်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သော သူကြီးဦးဖိုးထင်နှင့် သူကြီးကတော် ဒေါ်ဘုမတို့မှာ သ[illegible] အတွက် ယူကျုံးမရဖြစ်နေကြလေ၏။

'မြင်ရတွေ့ရတာ စိတ်မချမ်းမြေ့လိုက်တာ'

သံခဲမှာ အတင်းရုန်းကန်နေသဖြင့် အိမ်အလယ်ခန်း[illegible] တိုင်တွင် ကြိုးဖြင့်ချည်ထားရလေ၏။ သံခဲကို စောင့်ကြည့်နေ[illegible] ရွာသားနှစ်ဦးကို သူကြီးဦးဖိုးထင်က အိမ်သို့ ခေါ်ထားရ[illegible] ၏။

'သား… သံခဲ၊ ထမင်းစားလိုက်ပါဦး'

'ဘာလို့ ထမင်းစားရမှာလဲ၊ ဟိုမှာ မြွေတွေလာနေ[illegible] ကယ်ကြပါဦး'

'ဘာမြွေမှမရှိပါဘူး သံခဲရယ်'

'ဟာ… ဟိုမှာ မမြင်ဘူးလား၊ အိမ်အောက်မှာ မြွေ[illegible] ရောက်နေတာ'

'ဟင်း… ခက်လိုက်တာ၊ ဒီကောင်လေး ရေမသော[illegible] ထမင်းမစားနဲ့ အချိန်ကြာရင်တော့ ဒုက္ခရောက်တော့မှာပဲ'

ထိုသို့နေလာခဲ့ရာမှ တစ်လခန့်ကြာသောအခါ ထူးဆ[illegible] သော ဖြစ်ရပ်တစ်ခု သိုရွာတွင် ဖြစ်ပွားခဲ့လေ၏။ ယင်းဖြစ်[illegible]





[illegible]ကား တစ်ညညဉ့်နက်ချိန်တွင် သူကြီးဦးဖိုးထင်၊ ဒေါ်ဘုမ၊ [illegible]ခဲနှင့် ရွာသားနှစ်ဦးတို့ နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် မြွေများ [illegible] အိမ်ပေါ်သို့တက်လာပြီး သူကြီးဦးဖိုးထင်၊ ဒေါ်ဘုမ၊ သံခဲ [illegible]ကို ကိုက်သတ်သွားခြင်းဖြစ်လေ၏။

သူတို့ သားအမိ သားအဖ သုံးယောက်ကို မြွေများ [illegible]ကိုက်သတ်သွားသည်ဟု သိရပုံမှာ သူကြီး ဦးဖိုးထင်၏ အိမ်ပေါ် [illegible]င် မြွေအရေခွံ အရေလဲကာ ထားခဲ့သောကြောင့် ဖြစ်လေ [illegible]

တစ်ရေးနိုးလာသော ရွာသားတစ်ဦးက အော်ဟစ်သဖြင့် [illegible]မောကျနေသော ရွာသားများ လန့်ကုန်ကြသည်။ သူကြီး [illegible]းထင်၏အိမ်သို့ အပြေးကလေး ရောက်လာကြလေ၏။

'ဟေ့ကောင်… ခွေးပု ဘာဖြစ်လို့လဲကွ'

'သူကြီးတို့ သားအမိသားအဖတွေ အိပ်ပျော်နေချိန်မှာ [illegible]တွေလာကိုက်လို့ သေကုန်ကြပြီ'

'ဟင်… ဘယ်ကမြွေတွေက အိမ်ပေါ်ကို တက်ကိုက် [illegible]လဲ'

'သံခဲကြောင့် ရဲမြင့်နဲ့နှောင်းရီတို့ လင်မယားကို ပုလို[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေက သေနတ်နဲ့ပစ်သတ်လိမ့်မယ်၊ အဲဒါကိုမြင်ပြီး သံခဲက ရူးသွားတယ်၊ ရဲမြင့်တို့ နှောင်းရီတို့ လင်မယားက မြွေဖြစ်သွား သလားမသိဘူး၊ သံခဲကို မကျေနပ်လို့ သူတို့သားအမိ သားအ တွေကို လာကိုက်သတ်တာဖြစ်ရမယ်'

'အင်း... ကိုကြက်တောပြောတာ ဖြစ်နိုင်တယ်၊ သံ မသေခင်က မြွေတွေ မြွေတွေဆိုပြီး ကြောက်လန့်ပြီး အော် တာမဟုတ်လား'

'ရွာသူရွာသားတွေကို အမျိုးမျိုးဒုက္ခပေးနေတဲ့ သားအ သားအဖတွေ ဘဝဇာတ်သိမ်းသွားတာ ကောင်းတယ်၊ သံခဲဒုက္ခ ပေးလို့ ဘဝပျက်ခဲ့ရတဲ့ ရွာသားတွေ နည်းတာမှ မဟုတ်တာ သူတို့အလောင်းတွေကို ချက်ချင်းမြေမြှုပ်ပစ်ကြမယ်'

'အေး... အဲဒါကောင်းတယ်'

ထိုသို့ဖြစ်ပျက်ပြီး နှစ်ပေါင်းများစွာ ကြာသည့်နေ့တ နေ့တွင် တောင်ခြေမှ အုန်းတောစုရွာကလေးသို့ အမျိုးသမီးနှစ်ဦး အမှတ်မထင်ရောက်လာလေ၏။

အမျိုးသမီးတစ်ဦးမှာ အလွန်ချောမောလှပသော မိန်း ကလေးတစ်ဦးဖြစ်ပြီး တစ်ဦးမှာ အသက် ရှစ်ဆယ်အရွယ်ခန့်





သော အလွန်ရုပ်ဆိုး အကျည်းတန်လှသည့် အဘွားအိုတစ်ဦး ဖြစ်နေလေ၏။

၎င်းအမျိုးသမီးနှစ်ဦးတို့သည် တောင်ပေါ်တွင် နေထိုင် ခဲ့ပုံရလေ၏။

တောတွင်းမှ သစ်သီး သစ်ဥများနှင့် ရှာမှထွက်သော သီးနှံများကို လာရောက်လဲလှယ်ကြ၏။

အဘွားအိုမှာ အလွန်အရုပ်ဆိုး အကျည်းတန်လှသော ကြောင့် မည်သူကမျှ သူ၏မျက်နှာကို ရဲရဲဝံ့ဝံ့မကြည့်ရဲကြပေ။

ရွာသားများက သဘောမနောကောင်းကြသူများဖြစ်ရာ သစ်သီး သစ်ဥနှင့် သီးနှံများကို လဲလှယ်ပေးကြလေ၏။ ရွာရှိ တလသားများက မိန်းမပျိုကို သဘောကျနေကြလေ၏။ အဘွား နှင့် မိန်းကလေးသည် ရွာတွင် စားသောက်စရာချင်း လဲလှယ် ပြီးကြသည်နှင့် တောင်ပေါ်သို့ တရွေ့ရွေ့ တက်သွားကြလေ

'မိန်းကလေးက ချောမောလှပသလောက် အဘွားအို ရုပ်ဆိုးတာကတော့ သရဲမကြီးကျနေတာပဲ'

'အင်း... မိန်းကလေးနဲ့ အဘွားအိုက ဘယ်လိုတော်



www.burmeseclassic.com

www.burmeseclassic.com



စပ်သလဲမသိပါဘူး၊ ဒီတောဒီတောင်ရဲ့ ဘယ်နေရာမှာ သွားနေ ကြသလဲ မသိဘူး'

တစ်ခါတွင် ရွာသားများက အဘွားအိုနှင့် မိန်းကလေး တို့ နေထိုင်သော နေရာကို သိချင်သဖြင့် နောက်မှပုန်းကွယ်က လိုက်ကြည့်ကြ၏။

အဘွားအိုနှင့် မိန်းကလေးသည် တောတောင်ထဲတွင် တရွေ့ရွေ့သွားနေရင်းမှ ပျောက်ချင်းမလှ ပျောက်သွားကြလေ ၏။

'ဟင်… သူတို့နှစ်ယောက်ဟာ လူသားစစ်စစ်မှ ဟုတ် ရဲ့လား မသိဘူး၊ ဟာ… ဟိုတောင်ပေါ်က မြွေတွေဆင်းလာ တာ မနည်းပါလား၊ သူတို့ကို လိုက်ရှာနေလို့မဖြစ်ဘူး၊ အန္တရာယ် ရှိတယ်၊ ရွာကိုပြန်ကြမယ်'

ရွာသားများသည် ရွာသို့ပြန်ပြေးလာကြလေ၏။

'အဘွားအိုနဲ့ မိန်းကလေး ပျောက်သွားတဲ့နေရာက မြွေ တွေအများကြီး ဆင်းလာတာဆိုတော့ သူတို့ဟာ မြွေတွေက လူယောင်ဖန်ဆင်းလာတာများလား'

'မကျေနပ်ဘူးကွာ၊ မနက်ဖြန်ကျရင် လက်နက်တွေယူ





လာပြီး တောထဲမှာ အဲဒီအဘွားအိုနဲ့ မိန်းကလေးကို လိုက်ရှာ ကြည့်ကြမယ်'

တောက်ကျော်၊ ဖိုးထိန်၊ ကျောက်ဒိုး၊ နီတာ၊ အောင်ဘု တို့သည် လက်နက်ကိုယ်စီဖြင့် တောထဲသို့ လာခဲ့ကြသည်။

တောတွင်းမှနေရာတိုင်းတွင် မြွေများကို တွေ့ရသည်။ မြွေများသည် သူတို့ကိုတွေ့လျှင် ရန်မမူပဲ ထွက်ပြေးသွားကြလေ ၏။

'အရင်တုန်းက ဒီတောဒီတောင်ထဲမှာ မြွေတွေဒီလောက် များပါဘူး၊ အခု နေရာတိုင်းမှာ မြွေဆိုးတွေတွေ့နေရတာ ကြောက်စရာတောင်ကောင်းလာပြီ'

'ဟာ… ဟိုမှာ ထန်းပင်လုံးလောက်ရှိတဲ့ မြွေကြီး၊ ငါတို့ဆီကိုလာနေပြီ၊ အဲဒီမြွေက ငါတို့ကိုညှို့ပြီးမျိုရင် မလွယ် ဘူး'

တောက်ကျော်တို့အုပ်စုသည် လက်လျှော့ကာ ရွာသို့ ပြန်လာကြလေ၏။

'ဒီလောက်အန္တရာယ်များပြားလှတဲ့ တောတောင်ထဲမှာ နေကြတာဆိုတော့ စဉ်းစားရခက်တယ်၊ တောထဲကို သစ်ဝါးခုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လာတဲ့သူတွေကို မြွေအန္တရာယ် သတိပေးမှဖြစ်မယ်'

ထိုအချိန်မှစ၍ ရွာသားများသည် တောင်ပေါ်သို့ မလာရဲကြတော့ပေ။ အဘွားအိုနှင့် မိန်းကလေးလည်း ရွာသို့မလာတော့ချေ။

* ♠ *

'ဟင်…'

'ကျွန်တော်တို့ ဒီရွာဘက်ကို ဆင်းလာတော့ ကျွန်တော်တို့ရှေ့က မိန်းကလေးတစ်ယောက်နဲ့ အဘွားအိုတစ်ယောက် တောင်ပေါ်တက်သွားတာ တွေ့လိုက်မိတယ်၊ ဒီကောင်လေးတွေ မိန်းကလေးမြင်တော့ နောက်ကလိုက်သွားမယ်လုပ်သေးတယ်၊ ရေဆာနေတာကြောင့် ရွာဘက်ကိုလာခဲ့တာ'

'အို… သူတို့ကို တွေ့ခဲ့တယ် ဟုတ်လား၊ သူတို့ရွာကို လာတာ အတော်ကြာပြီ၊ ခင်ဗျားတို့တောထဲမှာ သွားလာရင်း မြွေတွေမတွေ့ခဲ့ဘူးလား'

'ဟင့်အင်း… မတွေ့ခဲ့ဘူးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ့သားတပည့်ကို တောထဲမှာ မတွေ့တွေ့အောင် လိုက်ရှာဦးမှာဆိုတော့ မြွေတွေရဲ့အန္တရာယ်ကိုတော့ သတိထား ဗျို့'

'ရေအေး၊ ရေနွေးတိုက်ပြီး အမြည်းကျွေးတာကို ကျေးဇူး တင်တယ်ဗျာ၊ နေမစောင်းခင် တောထဲကို ခရီးဆက်ဦးမယ်'

ဆရာဦးထွန်းကြည်က အိမ်ရှင်ယောကျ်ားအား နှုတ်ဆက် ပြီး တောထဲသို့ လာခဲ့လေ၏။

'ရွာခံလူကြီးပြောသလိုဆိုရင် တောထဲမှာ ညအိပ်ရမှာ တောင် ကြောက်မိတယ်'

ကံသိမ်းက ပြောလေ၏။

'ရွာခံလူပြောတဲ့ ဇာတ်လမ်းက စိတ်ဝင်စားဖို့တော့ ကောင်းတယ်၊ အင်း… ဒါပေမဲ့ ရဲမြင့်က ပုလိပ်နှစ်ယောက် ကေနက်နဲ့ ပစ်လို့ သေသွားတယ်၊ နှောင်းရီက ကျောက်ဂူထဲကို ဝင်သွားတယ်၊

ကလေးငိုသံ ကြားရတယ်၊ ပုလိပ်နှစ်ယောက်ကို မြွေ တွေက သတ်ပစ်တယ်၊ နှောင်းရီနဲ့ မွေးကင်းစကလေးငယ်က သေသလား ရှင်သလား မသိရဘူး၊ အခုတောထဲမှာ အဘွားအိုနဲ့





မိန်းကလေးတစ်ယောက် နေထိုင်ကြတယ်လို့ဆိုတယ်၊ စဉ်းစားရင် ခေါင်းနောက်လာတယ်'

'မစဉ်းစားပါနဲ့တော့ ကံသိမ်းရယ်၊ ဒီတော ဒီတောင်ထဲ မှာ ငါ့သားလေးကို တွေ့ဖို့ပဲ အရေးကြီးတယ်'

ဆရာဦးထွန်းကြည်တို့အုပ်စုသည် ခရီးဆက်လက်ထွက် လာရာ တောတွင်းတစ်နေရာတွင် ဝါးများဖြင့် ဆောက်၍ သစ် ရွက်များမိုးထားသော တဲကလေးတစ်လုံးကို တွေ့ရလေ၏။

တဲ၏ ခေါင်းရင်းဘက်တွင် ဒေါက်ချာဆောင်းထားသော ရသေ့တစ်ပါးသည် တောင်ဝှေးကိုထောက်ကာ လမ်းလျှောက် နေလေ၏။

ဆရာ ဦးထွန်းကြည်က ရသေ့ကြီးအနီးသို့ ချဉ်းကပ်သွား လေ၏။

'ရသေ့ကြီး… တပည့်တော်တို့ ခရီးသွားအုပ်စုကို ဒီတစ် ည ဒီနေရာလေးမှာ တည်းခိုခွင့်ပြုပါ'

'တည်းခိုလို့ရပါတယ်၊ သတ္တဝါတွေကိုတော့ အန္တရာယ် မပေးပါနဲ့'

ဆရာဦးထွန်းကြည်တို့ လူစုသည် ရသေ့ကျောင်းသခမ်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် မလှမ်းမကမ်းတွင် စခန်းချကြလေ၏။

စံခွေးနှင့် ကံသိမ်းက ညစာ ချက်ပြုတ်ရန် စီစဉ်နေ၏။

'ရသေ့ကြီး… တပည့်တော်တို့ကို ရေရှိတဲ့အရပ်ကို လမ်းညွှန်ပါ'

ရသေ့ကြီးက လက်ညှိုးထိုးပြပြီး…

'ဟိုက တောကြောအဆင်းလေးမှာ ကျောက်ထွက်ရေ တွင်းတစ်တွင်းရှိတယ်၊ ကျောက်တုံးတွေကြားက စိမ့်ထွက်စီးဆင်းလာပြီး ရေတွင်းကလေးဖြစ်နေတာ'

ဆရာဦးထွန်းကြည်က ဖိုးကွမ်းကို ခေါ်၍ ထိုနေရာသို့ သွားလေ၏။ လူတစ်ဖက်စာခန့်ရှိသော ကျောက်တုံးနှစ်တုံးသည် တစ်တုံးပေါ်သို့ တစ်တုံးဆင့်လျက်ရှိ၏။ ထိုကျောက်တုံးနှစ်တုံး ကြားမှ ရေများစိမ့်ထွက်နေသည်။

ထိုရေတို့သည် အောက်ခံကျောက်တုံးပေါ်မှ စီးကျလာပြီး ဒယ်အိုးသဏ္ဌာန်ဖြစ်နေသော ကျောက်ခွက်ထဲတွင် ကြည်လင်နေလေ၏။ ဖိုးကွမ်းက ကျောက်ခွက်ထဲမှရေကို ခွက်ဖြင့်ခပ်၍ ရေအိတ်ထဲသို့ ထည့်၏။ (ရေအိတ်ဆိုသည်မှာ သားရေသားကို





ရေမယိုစိမ့်အောင် အထပ်ထပ်ချုပ်ထားသော အိပ်ဖြစ်လေ၏။)

'ရေက အေးစိမ့်နေတာပဲ၊ ဘယ်ကနေ ဘယ်လိုကျောက်တုံးကြားက ရေစိမ့်ထွက်လာတာလဲ မသိဘူး၊ ထူးဆန်းလိုက်တာ၊ ရေက ကျောက်တုံးကြားက အမြဲစိမ့်ထွက်နေတာ၊ ဒီကျောက်ခွက်ထဲမှာ ပြည့်လျှံသွားတာလည်း မရှိဘူး'

'လိုသလောက်သာ လာခပ်ကွာ'

ဆရာဦးထွန်းကြည်နှင့် ဖိုးကွမ်းတို့သည် ကံသိမ်းတို့ရှိသော သစ်ပင်ရိပ်အောက်သို့ ပြန်လာလေ၏။ ဖိုးကွမ်းက ရေထွက်နေသော ကျောက်တုံးအကြောင်းကို ကံသိမ်း၊ စံခွေး၊ ဗွာလကျစ်တို့အား ပြောပြနေလေ၏။

'ရသေ့ကြီး၊ ကျောက်တုံးကြားက ရေထွက်နေတာ အံ့ဩစရာကောင်းလိုက်တာ'

'ဒီတော ဒီတောင်ထဲမှာ တရားကျင့်ကြံအားထုတ်သွားကြတဲ့ သူတော်စင်ကြီးတွေ သစ္စာပြုထားခဲ့တာလို့ ကျုပ်ကတော့ ယူဆတယ်၊ ကျောက်ထွက်ရေက အလွန်သန့်စင်ကြည်လင်တယ်၊ သန့်မပြန့်တာတွေ မဆေးကြောကြနဲ့၊ သန့်ပြန့်တဲ့ခွက်နဲ့ ခပ်ယူပြီး တစ်နေရာမှာ သုံးစွဲကြ၊ ဒီရေနဲ့ ခြေမဆေးကြနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးက သတိပေးစကားပြောလေ၏။ ဆရာဦးထွန်းကြည်တို့အုပ်စု ညစာစားသုံးနေချိန်တွင် ရသေ့ကြီးသည် ကျောက်သခ်မ်းပေါ်၌ တရားအားထုတ်နေလေ၏။ ဆရာဦးထွန်းကြည်တို့အုပ်စုမှာ မီးပုံဘေးတွင်ထိုင်ကာ စကားတီးတိုးပြောနေကြလေ၏။

'ဂှီး… ဂှီး… ဂှီး'

တောတွင်းတစ်နေရာမှ အသံများကို ကြားနေရလေ၏။

'ဟော… အဲဒါ မြွေတွေတွန်နေတာကွ'

'ဒီနေရာမှာ အိပ်လို့ဖြစ်ပါ့မလား ဆရာရယ်'

ရသေ့ကြီးသည် သတ္တဝါအပေါင်းအား မေတ္တာပို့ရာ မြွေတွန်သံများသည် ရုတ်ခြည်းပျောက်ကွယ်သွားလေ၏။ ဆရာဦးထွန်းကြည်နှင့် ရွာသားလူငယ်များသည် သစ်ပင်ခြေရင်းတွင် ဝိုင်းဖွဲ့အိပ်စက်ကြလေ၏။

နောက်တစ်နေ့နံနက်တွင် ဆရာဦးထွန်းကြည်က အိပ်ရာမှအစောကြီးနိုးနေသဖြင့် ဟန်းကောချိုင့်ဖြင့် ရေနွေးတည်ကာ ရသေ့ကြီးအား ဆက်ကပ်ရင်း စကားပြောနေလေ၏။ ရသေ့ကြီးသည် မျက်စိကိုစုံမှိတ်ပြီး အာရုံပြုနေလေ၏။

'ဆေးဆရာရဲ့ သားတပည့်ဟာ အရှေ့တောင်ထောင့်အရပ်မှာ ဝေဒနာကိုပြင်းထန်စွာ ခံစားနေရလေတယ်'

'ဟင်… ဘယ်လိုဝေဒနာလည်း ရသေ့ကြီး၊ သားရဲတိရစ္ဆာန်တို့ကြောင့် ဒဏ်ရာရနေတာလား'

'အဲသလို မဟုတ်ဘူး၊ နာမကျန်းဖြစ်ပြီး လူးလှိမ့်နေအောင် ခံစားနေရတာ'

'သူ့မှာ ဘာဆေးဝါးမှပါမသွားဘူး၊ သူယူသွားတဲ့ ဆေးလွယ်အိတ်က တောထဲက အိမ်ကြီးမှာ ကျန်နေခဲ့တယ်'

'ကျုပ်ပြောတဲ့ အဲဒီနေရာမှာ သွားရှာပါ၊ တွေ့ပါလိမ့်မယ်'

'ဪ… ဒါနဲ့ ရသေ့ကြီး၊ တပည့်တော်တို့ ရွာတစ်ရွာကို ဝင်ပြီး ရေတောင်းသောက်ရင်း ကြားသိလာရတာက ဒီတော ဒီတောင်ထဲမှာ အဘွားအိုတစ်ဦးနဲ့ မိန်းကလေးတစ်ဦး သွားလာနေတယ်ဆိုတာရယ်၊ ဒီတောထဲမှာ မြွေတွေအလွန်ပေါတယ်ဆိုတာ သိခဲ့ရပါတယ်၊ ရွာကလူတွေက အဲဒီအဘွားအိုနဲ့ မိန်းကလေးဟာ မြွေတွေကို နိုင်နင်းတယ်လို့ ဆိုကြတယ်၊ တပည့်တော်တို့ လိုက်ရှာကြည့်ဖို့တောင် စိတ်ကူးမိတယ်'

ရသေ့ကြီးက ခေါင်းခါယမ်းယင်း ပြုံးနေလေ၏။






www.burmeseclassic.com

www.burmeseclassic.com



'ဆေးဆရာက သားတပည့်ကိုရှာမယ်ဆိုတဲ့ ရည်ရွယ်
ချက်နဲ့ တောထဲကို လာခဲ့တာမဟုတ်လား၊ တောထဲမှာ ရွာကလူ
တွေပြောသလို အသွားအိုနဲ့ မိန်းကလေး သွားလာနေတယ်ဆိုတာ
လည်း ဟုတ်ချင်ဟုတ်မှာပေါ့၊ ကျုပ်က ကျုပ်ကျောင်းသင်ခန်း
ဝန်းကျင်မှာပဲ သီတင်းသုံးနေတာဆိုတော့ မမြင်မတွေ့မိဘူး၊ ဆေး
ဆရာရဲ့ သားတပည့်ကိုတွေ့ဖို့ အမြန်ဆုံးခရီးဆက်ပေတော့'

'ကောင်းလှပါပြီ ရသေ့ကြီး'

* ♠ *

ကျောက်စီသည် ငှက်ဖျားရောဂါကို ပြင်းထန်စွာ ခံစား
း လူးလိမ့်နေလေ၏။

'ငါတော့ တောထဲမှာ အဖျားတက်ပြီး သေရတော့မယ်
င်တယ်၊ ငါကျောက်ဂူထဲက မိန်းကလေးနဲ့အတူနေလိုက်ရရင်
ကောင်းသား၊ မိန်းကလေးကို ငါသတိရလိုက်တာ၊ မိန်းကလေး
ငါပျောက်သွားလို့ လိုက်ရှာနေသလား'

'ရှီး... ရှီး... ရှီး'

'ဟာ... ဒါ မြွေတွန်သံပါလား'

ကျောက်စီသည် အားတင်းပြီး ဘေးဝဲယာသို့ ကြည့်
တ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်မနီးမဝေးတွင် အကောင်ပေါင်းများစွာသော
များကို တွေ့လိုက်ရ၏။

လက်မောင်းလုံးခန့်ရှိသော မြွေဟောက်ကြီးများ
ပါးပြင်းထောင်နေကြ၏။

မြွေများသည် ကျောက်စီ ရှိရာသို့ လာနေကြလေ

ကျောက်စီ ဓာချွေးတွေပြန်လာ၏။ မြွေများကို
လည်ခုခံနိုင်သည့်အင်အား သူ့မှာမရှိ။

'ငါတော့ မြွေကိုက်ခံရပြီး သေရတော့မယ်'

ကျောက်စီသည် မျက်စိကို စုံမှိတ်ထားလိုက်လေ
သူ့ထံသို့လာနေသည့် လှုပ်ရှားသံများကို နားထဲတွင် ကြားနေ
၏။

ကျောက်စီသည် ဝင်သက်ထွက်သက်ကို မှန်မှန်သာ
နေမိလေ၏။

မြွေများက ကျောက်စီ၏အသားများကို လျှာဖြင့်န
ကြည့်နေကြ၏။

ကျောက်စီ အူယားနေ၏။ ကျောက်စီ၏ အသားမ
က ပူလောင်နေသည်။





ကျောက်စီသည် လုံးဝမလှုပ်ရှားဘဲ ငြိမ်သက်နေ၏။

မြွေများက သူ့အနီးတွင် ရှိနေကြ၏။

အချို့မြွေများက ကျောက်စီကိုယ်ပေါ်မှ ဖြတ်သန်းသွား
ကြသည်။

အေးစက်သော အထိအတွေ့ကို ခံစားရလေ၏။

ကျောက်စီသည် မြွေတွေက သူ့၏ခန္ဓာကိုယ် မည်သည့်
ရာအား ပေါက်လေမည်လဲဟု တွေးပြီး ရင်ခုန်နေမိလေ၏။
ျာက်စီသည် မျက်စိကို ခပ်မှေးမှေးလေး ဖွင့်ကြည့်လိုက်

သူ့အနီးတွင် ရောက်နေသော မြွေများက အကောင်ရေ
ာ်ရာနီးပါး ရှိမည်ဟု သူထင်မိ၏။

ကျောက်စီသည် အသက်ကို ဖြည်းညင်းစွာသာ ရှူနေ

'ရှီး... ရှီး... ရှီး'

ဟိုးအဝေးဆီမှ ကျယ်လောင်သော မြွေတွန်သံကို
ျာက်စီ ကြားလိုက်ရ၏။

တစ်တောလုံးတွင် ရှိသော မြွေများအားလုံးက သူ့အနီး



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လာဦးမည်လားဟု တွေးမိပြီး အသက်ရှူကျပ်
သည်။

'ရှီး... ရှီး... ရှီး'

သူ့ဘေးနားတွင်ရှိသော မြွေများ၏တွန်သံမှာ တစ်တော
လုံး ဆူညံသွားလေ၏။

မိုးရာသီတွင် ပုစဉ်းရင်ကွဲများ အော်နေသည့်အလား ထင်
ရ၏။

ကျောက်စီအနီးမှ မြွေများသည် လျင်မြန်သော သွား
လာနှုန်းဖြင့် ဦးစွာ မြွေတွန်သံကြားရာသို့ သွားကြလေ၏။

သစ်ရွက်ခြောက်များကို ကျော်လွှားသွားနေသံများသည်
ဆူညံသွားလေ၏။

ကျောက်စီသည် ပက်လက်လှန်နေရာမှ အားယူ
မှောက်လိုက်၏။

ခေါင်းကိုထောင်ကာ အသံများကြားရာသို့ စူးစိုက်
ကြည့်နေမိသည်။

မြွေများသည် တောင်ကုန်းတစ်ခုပေါ်သို့ တွားသွား
တက်သွားသည်ကို အထင်သားမြင်တွေ့လိုက်ရလေ၏။





'ဟင်း...'

သည်တော့မှ ကျောက်စီသည် သက်ပြင်းချမိလေတော့
၏။

ကျောက်စီသည် မြွေများကို ကြောက်နေသဖြင့် ငှက်ဖျား
တက်နေသည်ကိုပင် သတိမထားမိတော့။ သူ့တစ်ကိုယ်လုံးမှာ
ချွေးများစိုရွှဲနေသည်။

'မြွေဆိုးတွေက ငါ့ကိုလုံးဝမကိုက်တာ အံ့ဩဖို့ကောင်း
တယ်၊ ငါဟာ အခုအချိန်အထိ သေကံမရောက်သေးပါလား၊
ငှက်ဖျားလည်း ကျသွားပြီဆိုတော့ ငါ အားတင်းပြီး သွားလာရ
မယ်၊ အစာရေစာ ရှာစားမှဖြစ်မယ်၊ မဟုတ်ရင် ငါအားပြတ်ပြီး
သေသွားနိုင်တယ်၊ အခုတောင် ငါအစာမစားရတာ နှစ်ရက်ကျော်
လာပြီပဲ'

ကျောက်စီသည် သစ်ရွက်ခြောက်များပေါ်တွင် ဒယိမ်း
ဒယိုင်ဖြင့် သွားလာနေလေ၏။

မိမိကိုယ်ကိုမိမိ မထိန်းနိုင်သဖြင့် မြေကြီးပေါ်သို့ လဲကျ
လေ၏။

ကျောက်စီသည် သစ်ပင်များ ရှင်းလင်းသော တောင်



www.burmeseclassic.com

www.burmeseclassic.com



ထွတ်တစ်ခုသို့ရောက်လျှင် ခန္ဓာကိုယ်ကို တောင်အောက်သို့ လှိ ချလိုက်လေ၏။

'အား... အင့်... ကျွတ်

တောင်အောက်သို့ရောက်လျှင် ကျောက်စီသည် မောပန်း နေလေ၏။

ပက်လက်လှန်အနေအထားဖြင့် ပတ်ဝန်းကျင်ကို လှည့် ပတ်၍ကြည့်သည်။

သူနှင့်မလှမ်းကမ်းတွင် ဝင်းမှည့်နေသော ငှက်ပျောခိုင် တစ်ခိုင်ကို တွေ့ရသဖြင့် ကျောက်စီ ဝမ်းသာသွားသည်။

တောတွင်းထဲတွင် ရင့်ချင်တိုင်းရင့်ပြီး မှည့်နေသော ငှက်ပျောခိုင်။

ကျောက်စီသည် ငှက်ပျောပင်ရှိရာသို့ လေးဖက်ထောက် ၍ သွားလေ၏။

ငှက်ပျောပင်၏ အနီးသို့ရောက်လျှင် ငှက်ပျော ပင်ကို ဖက်ပြီး အားတင်း၍ ရပ်လိုက်၏။

ငှက်ပျောပင်က သိပ်မမြင့်။

ကျောက်စီသည် ငှက်ပျောခိုင်ကို ကိုင်ကာ အပင်ကို





မြေကြီးပေါ်သို့ လှဲချပြီး သူကိုယ်တိုင် ထိုင်ချလိုက်၏။

ကျောက်စီသည် ငှက်ပျောခိုင်မှ ငှက်ပျောသီးမှည့်များ ကို ဖြုတ်၍ စားလိုက်၏။

'အားပါး... ချိုစိမ့်နေတာပဲ'

ကျောက်စီသည် ဗိုက်တင်းသည်အထိ စားနေမိ၏။

ငှက်ပျောသီးထဲတွင် အစေ့များ ပါသည်ကိုပင် ဖယ် မထုတ်မိတော့။

'ဟင်း... ငှက်ဖျားနဲ့ ငှက်ပျောသီးက မတည့်မှန်းသိ ပေမယ့် မတတ်နိုင်ပါဘူး၊ အစာမစားရင် ငါအားပြတ်ပြီး ဘုန်း ဘုန်းလဲတော့မယ်'

ကျောက်စီသည် ဗိုက်တင်းသွားလျှင် ငှက်ပျောတုံးကို မှီကာ လှဲနေလိုက်၏။ ကျောက်စီသည် အားပြည့်သွားသလို ရှိ သွား၏။

ထိုအချိန်တွင် သူ့နားထဲ၌ အသံတစ်သံကို အမှန်မထင် ကြားလိုက်မိ၏။

'ဟင်... ဒါ ရေစီးနေတဲ့အသံ၊ ဒီအနီးအနားမှာ စမ်း ချောင်းတစ်ခုရှိတာ သေချာတယ်၊ ရှေ့လျှောက် ငါဘာဖြစ်မယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ စဉ်းစားလို့မရဘူး၊ ငှက်ဖျားရောဂါကြောင့်သေမလား၊ သားရဲ တိရစ္ဆာန်တွေက အန္တရာယ်ပြုလို့ သေရမလား၊ ငါဟာ နေရဖို့ ထက် သေရဖို့လမ်းကများနေပြီ၊ ဒီတော့ သေတစ်နေ့ မွေးတစ် နေ့သဘောထားပြီး ဟင်း…'

ကျောက်စီသည် ရေစီးသံကြားရသည့်နေရာသို့ နားစွင့် ပြီး လာခဲ့လေ၏။ ကျောက်တောင်ပေါ်မှ စီးဆင်းနေသော စမ်း ချောင်းလေးကို မြင်ရလျှင် ကျောက်စီမျက်နှာ ဝင်းလက်သွားလေ ၏။

ကျောက်စီသည် စမ်းချောင်းရေထဲသို့ဆင်းကာ တစ် ကိုယ်လုံး စိမ်နေလိုက်၏။

အပူငွေ့များက ခန္ဓာကိုယ်မှ တိုးဖော့ထွက်နေသလို ခံစားရ လေ၏။

စမ်းချောင်းရေက ကြည်လှဲနေ၏။

ကျောက်စီသည် ဦးခေါင်းကို ရေထဲတွင် မြုပ်လိုက်ပြန် ဖော်လိုက် လုပ်နေမိ၏။

ခန္ဓာကိုယ်သည် လေးပင်နေရာမှ ပေါ့ပါးသွားလေ၏ စမ်းချောင်းထဲတွင် ကူးခတ်နေသော ငါးများကို တွေ့မြင်





နေရလေ၏။ ကျောက်စီသည် ရေထဲတွင် စိမ်နေရင်းမှ သူ့ တစ်ကိုယ်လုံး ပူခြစ်နေသော အနေအထားမှ ပြောင်းလဲသွား သည်ကို သတိထားမိလာ၏။

လေးပင်နေသော ခန္ဓာကိုယ်သည် ဗို၍ဗို၍ ပေါ့ပါး သွားသလို ခံစားရ၏။ စိတ်ထဲတွင်လည်း လန်းဆန်းလာသည်ဟု ထင်မိသည်။

ကျောက်စီသည် ရေထဲမှ တက်လာပြီး ကျောက်တုံး တစ်ခုပေါ်တွင် လှဲနေမိသည်။

ကျေးငှက်ကလေးများက စမ်းချောင်းရေစပ်သို့ ဆင်း၍ အတောင်ကလေးများဖြန့်ကာ ရေချိုးနေကြလေ၏။

ရေသောက်ဆင်းလာသော သမင်အုပ်သည် ကျောက်စီ ကိုမြင်သည်နှင့် ကြောက်လန့်ပြီး တောထဲသို့ ပြန်ပြေးကြလေ ၏။

'အဟင်း… ဟင်း… ငါက မင်းတို့ကို ဘာအန္တရာယ် မှ မပေးနိုင်ပါဘူး'

ညနေစောင်းသည်နှင့် အလင်းဓာတ်က အားပျော့လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စီသည် စမ်းချောင်းဘေးမှ သစ်ပင်ရိပ်အောက်သို့ ကြိုးစား၍ လျှောက်လာခဲ့၏။

သူ့ခေါင်းထဲတွင် မူးဝေနေသည်။

သစ်ပင်ရင်းတွင်ထိုင်ကာ မှေးစက်နေမိ၏။

ခဏကြာတော့ ကျောက်စီသည် အိပ်ပျော်သွားလေတော့၏။

* ♠ *

'ဟာ… ဟိုမှာ ကိုကျောက်စီ'

ကံသိမ်းက ကျောက်စီ ရှိရာသို့ ပြေးသွားလေ၏။ ကျောက်စီသည် တောင်အောက်သို့ သတိထားနေရာမှ အသံကြားရာသို့ လှမ်း၍ကြည့်မိ၏။

'ဟာ… အဘ'

'ကျောက်စီ အဲဒီနေရာမှာပဲ ရပ်နေ၊ အဘတို့ လာခဲ့မယ်'

ကံသိမ်းသည် ကျောက်စီကို ဖက်ထားလိုက်လေ၏။ ဆေးဆရာဦးထွန်းကြည်၊ ဖိုးကွမ်း၊ စွာလကျစ်၊ စံခွေးတို့က ကျောက်စီအနားသို့ ရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါသေးရဲ့… ကျောက်စီရယ်၊ မသေကောင်း မပျောက်ကောင်း၊ မင်းကို အဘတို့ ဒီတောဒီတောင်ထဲမှာ လိုက်ရှာနေတာ ကြာပြီ'

ရွာသားလူငယ်များက ကျောက်စီကို တွဲကာ သစ်ပင်အောက်သို့ခေါ်လာကြ၏။

ကျောက်စီက သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ဆရာဦးထွန်းကြည်အား ပြောပြနေ၏။

'ငါ့သားက ကျောက်ဂူထဲကို ရောက်ခဲ့သေးတာပေါ့'

'အဲဒီမိန်းကလေးဟာ သာမန်မိန်းမတွေထက် အဆပေါင်းများစွာသာအောင် ချောမောလှပသလော်က် အဘွားအိုကတော့ ကြောက်စရာကောင်းလောက်အောင် အရုပ်ဆိုးတာ၊ အဘွားအိုကို ကျွန်တော် ကြောက်ပြီး ပြေးလာတာ၊ ငှက်ဖျားကလည်း ကြမ်းတယ်၊ သေလုမြောပါးခံရတယ်'

ကျောက်စီက ကျောက်ဂူအတွင်းပိုင်းသို့ သူဖင်ရောက်ခဲ့ပုံကို ပြောပြလိုက်ရာ ရွာသားလူငယ်များက…

'ဟင်… ဒါဆို အဲဒီကျောက်ဂူထဲမှာ ရတနာပစ္စည်းတွေ





ရှိတာပေါ့၊ ကျောက်ဂူထဲမှာ မြွေတွေမတွေ့ဘူးလား ကိုကျောက်စီ'

'ဘာမြွေမှ မတွေ့ဘူးကွ၊ တောထဲရောက်တော့မှ မြွေတွေများစွာကို တွေ့ရတာ၊ ကျောက်ဂူအတွင်းပိုင်းက ဘာမှမမြင်ရအောင် မှောင်မည်းနေတာပဲ၊ မြွေတွေသာရှိရင် ငါ့ကိုကိုက်မှာပေါ့'

'အင်း… အဲဒါလည်း ဟုတ်တာပဲ'

'အဘတို့ရေတောင်းသောက်တဲ့ရွာက လူကြီးပြောတဲ့ အဖြစ်အပျက်အရဆိုရင် ကျောက်ဂူထဲကို ဝင်သွားတဲ့ ကိုယ်ဝန်သည် နှောင်းရီက ကျောက်ဂူထဲမှာ ကလေးမွေးတယ်၊ အခု ကျောက်ဂူထဲမှာက အဘွားအိုနဲ့ မိန်းကလေးတို့ နေကြတယ်ဆိုတော့ စဉ်းစားရခက်လိုက်တာ'

'ကျွန်တော် ကျောက်ဂူအတွင်းပိုင်းထဲကိုဝင်သွားတော့ ကျောက်ဂူတစ်နေရာမှာ ရတနာပစ္စည်းတွေ တွေ့လို့ယူလာခဲ့သေးတယ်၊ သစ်ပင်ပေါ်က လိမ့်ကျ၊ ငှက်ဖျားတက်နဲ့ ကယောင်ကတမ်းဖြစ်ခဲ့တော့ ဘယ်နေရာမှာ ကျကျန်ခဲ့သလဲဆိုတာ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လို့ မရတော့ဘူး'

'ကျောက်ဂူထဲမှာတွေ့ခဲ့တဲ့ ရတနာပစ္စည်းတွေက အတော်များသလား ကိုကျောက်စီ'

ဖိုးကွမ်းက မေး၏။

'အင်း… အတော်များတယ်၊ ရတနာပစ္စည်းကို သယ်နိုင်သလောက်သယ်မယ်ဆိုပြီး ယူနေတုန်း ကျောက်ဂူထဲမှာ မည်းမှောင်သွားတယ်၊ ကြောက်လန့်ပြီး ကျောက်ဂူထဲက ထွက်ပြေးလာမိတာပဲ'

'အဲဒီ ကျောက်ဂူရှိတဲ့နေရာကို ကိုကျောက်စီ မှတ်မိသလား'

'အဘွားအိုကိုကြောက်ပြီး ထွက်ပြေးလာခဲ့တာ နောက်ကြောင်းကို ပြန်မကြည့်မိဘူး၊ အဘပြောတဲ့အဖြစ်အပျက်ကို ဆက်စပ်တွေးကြည့်ရင် အဲဒီကျောက်ဂူဟာ အဲဒီရွာရဲ့ မလှမ်းမကမ်းမှာ ရှိမှာသေချာတယ်၊ အဘွားအိုနဲ့ မိန်းကလေးဟာ မြွေတွေကို နိုင်တဲ့သူတွေဖြစ်ရမယ်လို့ အဘပြောခဲ့တယ် မဟုတ်လား၊ အဲဒီ ကျောက်ဂူထဲမှာ မြွေတွေရှိနေရင် ဘယ်လိုလုပ်မလဲ'





ကျောက်စီ၏ စကားကြောင့် ဆရာ ဦးထွန်းကြည်က တွေဝေစွာ စဉ်းစားနေသည်။

'ဆရာ ကျွန်တော်တို့ ကိုကျောက်စီကို ရှာဖွေဖို့ တောထဲ ရောက်လာကြတယ်ဆိုတာကို သိပါတယ်၊ အခု ကိုကျောက်စီ တွေ့ရပြီ၊

တောထဲရောက်နေကြတော့မှ အဲဒီကျောက်ဂူကို တွေ့အောင်ရှာပြီး ရတနာပစ္စည်းတွေကို သယ်သွားကြရင် မကောင်းဘူးလား'

ကံသိမ်းကပြော၏။

'အဲဒါ ငါလည်း စဉ်းစားနေတာ၊ မင်းတို့လေးယောက်စေတနာနဲ့ ငါ့နောက်ကို လိုက်လာပြီး ကူညီနေကြတာ မဟုတ်လား၊ ဒါပေမဲ့ ငါ့သားကျောက်စီရဲ့ ကျန်းမာရေးအခြေအနေက'

'အဘတို့ကို တွေ့တဲ့အချိန်ကစပြီး ကျွန်တော် နေကောင်းများပါပြီ'

'ဟုတ်ရဲ့လား ကျောက်စီရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် အဘရဲ့'

'မင်းတို့က ကျောက်ဂူကို ရှာဖွေချင်တာတော့ ဟုတ် ပြီ၊ အဲဒီကျောက်ဂူက ငါတို့ရောက်ခဲ့တဲ့ ရွာရဲ့ ဘယ်အရပ် ရှိတယ်ဆိုတာ မသိဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲ'

စံခွေးက ငြိမ်၍နားထောင်နေရင်းမှ လက်ဖျောက် လိုက်၏။

'ကျွန်တော်တို့ရွာကို ရေဝင်သောက်ဖို့သွားတုန်း အသွားအိုနဲ့မိန်းကလေးတို့ အရှေ့တောင်ဘက်အရပ်က တော ပေါ်ကို တက်သွားတာ အားလုံးမြင်တွေ့လိုက်ရတယ် မဟု လား'

'အင်း··· စံခွေး သတိရသွားလို့ တော်ပါသေးရဲ့'

'ဒီတစ်ညတော့ ငါတို့ ဒီနေရာပဲ စခန်းချပြီး ခရီးဆ ဖို့ အစီအစဉ်ဆွဲကြမယ်'

'ကောင်းတယ် ဆရာ'

ဆရာဦးထွန်းကြည်က ကျောက်စီကို အဖျားပြတ် များတိုက်ပြီး အိပ်စက်အနားယူနိုင်းထားလေ၏။





အချိန်မှာ နေ့လယ်နေ့ခင်းသာရှိသေး၏။ ရွာမှယူလာ သော ရိက္ခာများ မရှိတော့ပြီ။

တောထဲတွင် သွားလာရင်း တွေ့ရှိသော သစ်သီးသစ်ဥ ားကိုသာ ခွဲဝေစားကြလေ၏။

သည်နေ့တော့ စွာလကျစ်နှင့်စံခွေးက အနီးပတ်ဝန်း ျင်သို့ သွားလာပြီး သစ်သီး သစ်ဥများ ရှာဖွေနေ၏။

ဘာမှမတွေ့သဖြင့် သစ်ပင်ပေါ်တွင် နားနေသော ငှက် လေးခွဖြင့် ပစ်ချသည်။

စံခွေးက လက်စွာသည့်သဖြင့် ငှက်ငါးကောင် ရနေလေ ြီ။

'ဒီနေ့တော့ ငှက်ကင်ပဲ စားရတော့မယ်၊ အကောင်နည်း သေးတယ်ကွ၊ ထပ်ပစ်ဦး စံခွေး'

'အေးပါကွာ'

စံခွေးပစ်၍ ပြုတ်ကျလာသော ငှက်ကို စွာလကျစ်က ောက်ယူ၏။

စံခွေးက သစ်ကိုင်းပေါ်တွင် နားနေသော ငှက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို လေးခွနှင့် ချိန်၍ပစ်လိုက်၏။

ငှက်က သစ်ပင်ပေါ်မှ ပြုတ်ကျသွားသည်။

စွာလကျစ်က ငှက်ကျသည့်နေရာသို့ ပြေးသွားလေ၏။

ငှက်က ခေါင်းကိုမှန်ပြီး သစ်ရွက်ခြောက်များပေါ်တွ
အကြောဆွဲနေလေ၏။ စွာလကျစ်က ငှက်၏လည်ပင်းကို ဖျစ်
သတ်လိုက်၏။

ငှက်မှာ ငြိမ်သက်သွားလေ၏။

စံခွေးရှိရာသို့ ပြန်သွားရန် ခြေလှမ်းပြင်လိုက်စဉ် စွ
လကျစ်သည် သစ်ရွက်ခြောက်များအောက်မှ ဖြူဖွေးသော အ
ကို မြင်မိလေ၏။ သစ်ရွက်ခြောက်များအား လှန်လှောကြည့်
လျှင်...

'ဟာ... စံခွေး၊ ဒီကိုလာကြည့်စမ်း၊ ဘာဥတွေလဲ မသ
ဘူး'

စံခွေးက စွာလကျစ် အနားသို့ ပြေးလာ၏။ စွာလကျ
လက်ညှိုးညွှန်ပြသောနေရာမှ ဥများကို သေချာစွာ ကြည့်
၏။





'ဟင်... ဒါ... မြွေဥတွေကွ'

စံခွေးက မြွေဥများကို စလွယ်သိုင်းထားသော လွယ်အိတ်
သို့ ထည့်နေ၏။

စံခွေးက ကြောင်၍ကြည့်နေလေ၏။

'အားလုံး တစ်ဆယ့်ခုနစ်လုံးတောင်ကွ၊ မြွေဥတွေ ပြုတ်
းကြမယ်၊ ငှက်မပစ်တော့ဘူး'

'ဟာ... ဟေ့ကောင် စံခွေး၊ ဘာမြွေဥမှန်းမသိဘဲနဲ့'

'ဘာမြွေဥ ဖြစ်ပါစေလေ၊ မြွေဥက အဆိပ်ရှိတာမှ
ဟုတ်တာ'

'ဆရာဦးထွန်းကြည်ကို မေးမြန်းကြည့်ဦးနော်'

'အေးပါကွာ... လာစမ်းပါ၊ ပြန်ကြစို့'

စံခွေးနှင့် စွာလကျစ်သည် နားနေရန် စခန်းချထားသော
ရာသို့ ပြန်လာခဲ့ကြလေ၏။

ဆရာဦးထွန်းကြည်၊ ကံသိမ်း၊ ဖိုးကွမ်း၊ ကျောက်စီတို့က
ိပ်စက်နေကြလေ၏။

'ဆရာဦးထွန်းကြည် အိပ်ပျော်နေတယ်၊ သွားမနှိုးပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ သူ့သားအတွက် စိုးရိမ်ပြီး တောထဲတောင်ထဲသွားလာ

ရတာ ပင်ပန်းရှာမှာပေါ့၊ အိပ်ပါစေကွာ'

စံခွေးက မီးမွှေးနေလေ၏။

'မင်း ဘာလုပ်မလို့လဲ စံခွေး'

'ဗိုက်ထဲက ဆာလောင်နေပြီကွာ၊ မြွေဥပြုတ်စားမလို

'ငါကတော့ တစ်ခါမှမစားဖူးလို့ မစားရဲဘူး'

'မစားနဲ့ကွာ'

စံခွေးက ဟန်းကောချိုင့်ထဲသို့ ရေနှင့်မြွေဥများထည့်

ပြုတ်နေသည်။

မကြာမီ မြွေဥများ ကျက်သွားလေ၏။

စံခွေးသည် မြွေဥများကို အအေးခံကာ စားနေလေ

လွယ်အိတ်ထဲမှ မြွေဥများအားလုံးကိုလည်း ပြုတ်လိုက်၏။

စွာလကျစ်က စံခွေး မြွေဥစားနေသည့်ကို မျက်နှာထ

လေးနှင့် ကြည့်နေ၏။

'ဟေ့ကောင် စွာလကျစ်၊ ဗိုက်ဆာနေတယ် မဟုတ်လာ

စားပါကွာ၊ ဘာမှမဖြစ်ပါဘူး၊ ငါစားနေတာ နှစ်လုံးတော





န်သွားပြီပဲ'

စွာလကျစ်က မြွေဥတစ်လုံးကို အခွံနွာ၍ မဝံ့မရဲနှင့်

းကြည့်သည်။

'ဟာ… တော်တော်အရသာရှိတာပဲ'

'အဲဒါကြောင့် ငါပြောတာပေါ့၊ ကိုကျောက်စီတော့ မြွေ

စားပြီးတာနဲ့ အားရှိလာမှာ အမှန်ပဲ'

ထိုစဉ် ဆရာဦးထွန်းကြည်က အိပ်နေရာမှ စံခွေးတို့

နီးသို့ ရောက်လာသည်။

စံခွေးနှင့် စွာလကျစ်က ကျောခိုင်းထားရာမှ ခြေသံကြား

သဖြင့် နောက်သို့လှည့်ကြည့်ကြလေ၏။

'ဟေ့ကောင်လေးတွေ ဘာတွေစားနေတာလဲ'

'ဒီနေ့အတွက်တော့ ရိက္ခာအပြည့်အစုံ ရှာထားတယ်

ဆရာ၊ ငှက်ကင်စားမလား၊ မြွေဥစားမလား'

'ဟင်… မင်းတို့နှစ်ယောက် မြွေဥတွေကိုပြုတ်စားနေ

တယ်၊ ခက်တော့တာပဲ၊ ဒီည ဒီနေရာမှာ ညအိပ်လို့မရဘူး'

'ဘာ… ဘာဖြစ်လို့လဲဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'မြွေမက သူ့ဥပျောက်လို့လိုက်ရှာတော့မှာပေါ့၊ မင်း
မြွေဥတွေစားထားကြတယ် မဟုတ်လား'

ဆရာဦးထွန်းကြည်က ကျောက်စီနှင့် ရွာသားလူငယ်
ကိုခေါ်ကာ တောင်ပေါ်တစ်နေရာသို့ လာခဲ့လေ၏။

'ဒီည သတိ၊ ဝီရိယနဲ့ အိပ်ကြတော့၊ မင်းတို့ငါ
မေးမြန်းပြီးမှ လုပ်ပါလို့ အတန်တန်မှာထားရက်နဲ့ကွာ'

ဆရာဦးထွန်းကြည်က ဝါးစိမ်းများကိုချွန်ပြီး တစ်ယော
တစ်ခု ယူထားစေ၏။

သူတို့ ညအိပ်မည့်နေရာ ပတ်လည်တွင် မီးဖိုများ ဖိုထ
စေ၏။

ဆရာဦးထွန်းကြည်က စံခွေးတို့ကင်ပေးသော ငှက်
ကိုမစား၊ စံခွေးနှင့် စွာလကျစ်ကို သူ့စကားနားမထောင်သဖြ
စိတ်ဆိုးနေလေ၏။

ညမိုးချုပ်သည်နှင့် ကျောက်စီ၏ ဘေးတွင်အိပ်နေ
၏။ ဆရာဦးထွန်းကြည်၏ အိပ်မောကျနေသံကို ကြားရတေ
မှ စံခွေးက…





'မြွေဥစားတာပဲကွာ၊ ဘာမှမဖြစ်ပါဘူး၊ ငါတို့ ပင်ပင်
ပန်းပန်းသွားလာနေရတာ မဟုတ်လား၊ အစာမစားရင် လမ်း
လျှောက်ဖို့တောင် လွယ်မှာမဟုတ်ဘူး'

ဟု တီးတိုးပြောနေ၏။

'တောထဲတောင်ထဲမှာ တောပိုင်တောင်ပိုင်ကို မပန်ကြား
ဘဲ မင်းတို့က မြွေဥတွေ ပြုတ်စားတော့ ဆရာက စိတ်ဆိုးတာ
ပေါ့'

'မနက်ကျရင် ဆရာ့ကို ငါတောင်းပန်ပါ့မယ်၊ ပြက်ထား
တဲ့ မြွေဥတွေ နှမြောစရာကောင်းလိုက်တာ'

'နှမြောရင် မင်းဘာသာစကားကွာ'

ကံသိမ်း၊ ဖိုးကွမ်း၊ စွာလကျစ်တို့က ပုဆိုးများခင်းပြီး
အိပ်စက်နေထိုင်ကြ၏။

စံခွေးက မြွေဥများကို ခွာစားနေသည်။ ပြီးမှ ကံသိမ်း၏
ဘေးတွင် အိပ်နေလိုက်၏။

သူတို့အိပ်နေသော နေရာပတ်လည်မှ မီးပုံများမှ မီး
တောက်သည် ညှိုးကျသွားလေရာ သစ်ပင်ရိပ်အောက်တွင် မည်း



www.burmeseclassic.com

www.burmeseclassic.com



မှောင်သွားလေ၏။

'ရှီး… ရှီး… ရှီး'

ထိုအသံကိုကြားမိသော ဆရာဦးထွန်းကြည်က နားစွင့်နေမိလေ၏။

မြွေတွန်သံမှန်း ချက်ချင်းသိလိုက်၏။

မြွေတွန်သံက နီးသည်ထက် နီးလာလေ၏။

ဆရာဦးထွန်းကြည်သည် ရွာသားလူငယ်လေးဦးကို လှုပ်နှိုးလိုက်၏။

'ဘာ… ဘာဖြစ်လို့လဲ ဆရာ'

ကံသိမ်းက အိပ်ချင်မူးတူးနှင့်မေးသည်။

'မင်းတို့ ဝါးချွန်ကိုင်ထားကြ၊ မြွေမက သူ့ဥတွေပျောက်သွားလို့ စားတဲ့သူကို လိုက်ရှာနေပြီ၊ အသေပေါက်သတ်တော့မှာ'

'ဗျာ…'

စံခွေး၏ ထိတ်ထိတ်ပျာပျာအသံက ပေါ်ထွက်လာ၏။

ဆရာဦးထွန်းကြည်က မီးပုံထဲသို့ ထင်းခြောက်များထည့်ကာ ပုဆိုးဖြင့် ယပ်ခတ်ပေးလိုက်၏။





မီးတောက်ထလာသည်။

'ဟင်…'

'ဟာ…'

လက်မောင်းလုံးခန့်ရှိသော မြွေကြီးတစ်ကောင်သည် မီးပုံနှင့်မလှမ်းမကမ်းသို့ ရောက်နေသည်ကို မြင်လိုက်ရလေ၏။ မီးပုံမှ မီး၏အပူရှိန်ကြောင့်သာ သူတို့ထံသို့ ရောက်မလာခြင်းဖြစ်ကြောင်း သိလိုက်ရ၏။

'ဟိုမှာတွေ့လား စံခွေး၊ မင်းကိုပေါက်သတ်ဖို့ လိုက်လာတဲ့ မြွေကြီး'

ဆရာဦးထွန်းကြည်က အသံမာမာဖြင့် ပြောလေ၏။

'ဟုတ်… ဟုတ်ကဲ့'

'ငါတို့ အနီးအနားမှာ ထင်းခြောက်တွေလည်း မရှိတော့ဘူး၊ မီးပုံက မီးညွန့်ကျိုးသွားတဲ့အခါကျရင် သူ့ဥတွေပျောက်ဆုံးနေတဲ့ဒေါနဲ့ မြွေကြီးဟာ ငါတို့ဆီကို လာတော့မှာပဲ၊ ဘယ်လိုလုပ်မလဲ'

'ကျွန်တော် ထွက်ရိုက်ပစ်လိုက်မယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'စံခွေး… မင်း တစ်ဖွတ်ထိုးစိတ်မွေးပြန်ပြီလား၊ ဒီမြွေကြီးကို မင်းသေအောင် ရိုက်နိုင်ပါ့မလား၊ ဒီမြွေကြီးနောက်က အခြား မြွေတွေလိုက်မလာဘူးလို့ ပြောနိုင်မလား၊ ညနေက မင်းဟာ သူ့ဥတွေကို ပြုတ်စားခဲ့တယ်၊ အခု သူ့ကိုထပ်သတ်ပစ်ဦးမယ်ဆိုတော့'

'ဘာ… ဘာလုပ်ရမလဲ ဆရာ'

'မင်းအမှားကို တောင်းပန်လိုက်ပါ၊ ငါမြွေကြီးကို မေတ္တာပို့ပေးထားမယ်'

စံခွေးက မျက်နှာငယ်လေးနှင့် ဆရာဦးထွန်းကြည်ကို ကြည့်နေလေ၏။

ဆရာဦးထွန်းကြည်က…

'မြွေကြီးရယ်… စံခွေးဆိုတဲ့ကောင်လေးက ဆာလောင်မွတ်သိပ်လွန်းတာကြောင့် သင့်ရဲ့ဥတွေကို စားမိတာပါ၊ သင့်ရဲ့ မကျေနပ်မှုကို ကြောက်နေပါတယ်၊ သင့်ကိုလည်း အန္တရာယ်မပြုပါဘူး၊ ဒီကောင်လေးကိုလည်း အန္တရာယ်မပေးပါနဲ့၊ မေတ္တာနဲ့ ခွင့်လွှတ်ပေးပါ'





မြွေကြီးသည် မီးပုံနှင့်မလှမ်းမကမ်းတွင် ပါးပြင်းထောင်နေရာမှ ငြိမ်သက်နေလေ၏။

'ကျွန်ုပ်တို့နဲ့ ဝေးရာအရပ်ကို ရှောင်ရှားသွားဖို့ မေတ္တာရပ်ခံပါတယ်'

ဆရာဦးထွန်းကြည်က ကရုဏာသံဖြင့် ပြောလေ၏။

ကျောက်စီနှင့် ရွာသားလူငယ်လေးဦးတို့သည် မြွေကြီးကို မမိတ်မသုန် ကြည့်နေကြလေ၏။

မြွေကြီးသည် မြေကြီးပေါ်သို့ ပြင်းထန်သော အရှိန်ဖြင့် ပေါက်ချလိုက်၏။

မြေသားများစွာထွက်သွားသည်ကို အားလုံးမြင်တွေ့လိုက်ရလေ၏။ ထို့နောက် မြွေကြီးသည် ပါးပြင်းချကာ နောက်သို့လှည့်ပြီး ထွက်ခွာသွားလေ၏။

'ရှီး…'

'ရှီး… ရှီး… ရှီး… ရှီး… ရှီး… ရှီး… ရှီး'

မြွေတွန်သံတစ်ချက်ကြားရပြီးနောက် မြွေတွန်သံများစွာပေါ်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…'

'ဟာ…'

သစ်ရွက်ခြောက်များကို တိုးသွားသောအသံများကို ကြားလိုက်ရလေ၏။

'ကြားတယ် မဟုတ်လား စံခွေး၊ မြွေကြီးနောက်မှာ မြွေတွေအများကြီးပါလာတာ၊ ငါတို့အားလုံး ကံကောင်းလို့မသေတာ၊ လောကမှာ မေတ္တာဟာ အမွန်မြတ်ဆုံးနဲ့ အားအထားရဆုံးအရာပဲ၊ မေတ္တာခြံ့ရင်လုံတယ်၊ မေတ္တာဆောင်ရင် အောင်တယ်၊ မေတ္တာမွှားရင် အကျိုးတရားရမယ်၊

ငါတို့ဟာ အမဲပစ်ဖို့ လာကြတဲ့သူတွေ မဟုတ်ဘူး၊ ကျောက်စိကိုရှာဖို့ လာခဲ့ကြတာ၊ ငါ့စကား နားမထောင်လို့ ဘေးအန္တရာယ်ကြုံတွေ့ဖို့ ဖြစ်ခဲ့တာ နှစ်ခါရှိပြီနော်၊ တောထဲတောင်ထဲမှာ အမှားမဖြစ်အောင် နေတတ်ဖို့လိုတယ်'

'ဆရာနဲ့ ကျန်တဲ့သူတွေ ပြန်အိပ်ကြပါ၊ ကျွန်တော်ကတော့ မြွေကြီးကို ကြောက်နေမိတယ်၊ ပြန်မအိပ်ရဲတော့ဘူး မီးပုံဘေးမှာပဲ မိုးလင်းတဲ့အထိ ထိုင်နေတော့မယ်၊ အခုအထိ





ရင်ခုန်မရပ်သေးဘူး'

'မင်းအပြစ်နဲ့ မင်းလေ၊ ငါတို့ကတော့ အိပ်ရေးဝအောင် အိပ်ရဦးမယ်'

'ကျောက်စီ… မင်းအဖျားက ဘယ့်နှယ်နေသေးလဲ'

'အဖျားကျသွားပါပြီ အဘ၊ စမ်းချောင်းထဲမှာ အချိန်အကြာကြီးစိမ်နေမိလို့ အဖျားက ပြေးသွားပြီလား မသိဘူး'

'အင်း… အဲဒါဆိုရင် ပြန်အိပ်လိုက်ဦး'

'စံခွေး… အခြေအနေထူးခြားရင် ငါတို့ကို နှိုး'

'ဟုတ်ကဲ့ပါ ဆရာ'

စံခွေးက ဝါးချွန်ကို ဘေးတွင်ချကာ မီးပုံဘေးနားတွင် ထိုင်နေလေ၏။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

'ကျောက်စီ ဘယ်လိုနေသေးလဲ သား'

'ကျွန်တော် အဖျားပျောက်သွားပါပြီ အဘ၊ ကျွန်တော် အဘကို ပြောစရာတစ်ခုရှိတယ်၊ အဘ ဘုရားရှိခိုးနေတဲ့အချိန် ကတည်းက ကျွန်တော် နိုးနေတာ'

'ဘာများလဲ သားရဲ့၊ ပြောပါဦး'

'ကျွန်… ကျွန်တော် မြေတွေရှိတယ်ပြောနေတဲ့ ကျောက်ဂူကို ပြန်သွားချင်တယ်၊ အဲဒါ…'

'သားက အဲဒီကို ဘာလို့ပြန်သွားချင်ရတာလဲ'

ကျောက်စီက ဆရာဦးထွန်းကြည်၏ မျက်နှာကိုကြည့်နေ၏။

'ပြောလေ သား'





'ကျွန်တော် ကျောက်ဂူကို ပြန်သွားချင်တာဟာ ကျောက်ဂူထဲက ရတနာပစ္စည်းတွေကို လိုချင်လို့မဟုတ်ပါဘူး၊ ကျောက်ဂူထဲက မိန်းကလေးကို သံယောဇဉ်တွယ်နေမိလို့ပါ'

'အေး… ကျောက်ဂူကို ရောက်အောင်သွားပါပြီ၊ ကျောက်ဂူထဲက မိန်းကလေးကို တွေ့ပါပြီတဲ့၊ မင်းက ဘယ်လို စိတ်ကူးထားလို့လဲ'

'အဲဒီမိန်းကလေးကို ကျွန်တော် အိမ်ထောင်ဖက်အဖြစ်'

'ဟင်… မိန်းကလေးက မင်းကို မေတ္တာရှိနေလို့လား'

'အဲဒါတော့ ကျွန်တော် မသိဘူး၊ သူ့ကို ကျွန်တော် မေတ္တာရှိနေတာတော့ သေချာတယ်'

'ကျောက်စီ… မင်းစဉ်းစားဦးနော်၊ ဂူကလှုငယ်တွေဟာ မင်းကို ရှာမွေ့ဖို့ အဘခေါ်လာတာ၊ သူတို့ဟာ မေတ္တာနဲ့လိုက် ပြီး အကူအညီပေးတဲ့သူမဟုတ်၊ အခုမင်းက မင်းအကျိုးကို ကြည့်ပြီး သွားဖို့ဆိုတာ…'

ဆရာဦးထွန်းကြည် စကားရပ်သွားသည်။

ရှာသော၊ လှုငယ်များ၏ မျက်နှာကိုလည်း၊ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ... ရွာမှာ ကြားလာရတဲ့ အဖြစ်အပျက်… ကျောက်စီ ပြောပြတဲ့ အကြောင်းအရာတွေအရ ကျွန်တော်… လည်း အဲဒီကျောက်ဂူကို သွားချင်နေတာ၊ ဆရာက အသ… အရွယ်ရနေပြီဆိုတော့ ဆရာပင်ပန်းမှာလည်း စိုးရိမ်မိတယ်၊ ဆ… က ပြန်မယ်ဆိုရင်လည်း ပြန်ကြတာပေါ့'

ဖိုးကွမ်းက ပြောသည်။

'အင်း... ငါ့သားကျောက်စီက ရွာထဲကမိန်းကလေ… တွေနဲ့တောင် စကားပြောခဲ့တဲ့သူမဟုတ်ဘူး၊ အခု ဒီကောင်… ကျောက်ဂူထဲက မိန်းကလေးကို စိတ်ဝင်စားနေတယ်ဆိုတေ… တော်ရုံတန်ရုံ မေတ္တာတော့ မဟုတ်ဘူး၊ မင်းတို့ကလည်း အဲ… ကျောက်ဂူကို သွားချင်နေတာဆိုတော့ သွားကြတာပေါ့'

ကျောက်စီ၏မျက်နှာသည် ပြုံးရွှင်သွားလေ၏။ သူတို… အုပ်စုသည် ဆရာဦးထွန်းကြည်တို့အဖွဲ့ ရောဝင်သောက်သော… ကို အရင်ဆုံးတွေ့အောင်ရှာဖွေကြလေ၏။ စံချွေးက ရှေ့ဆုံး… သွားနေရာ ဆရာဦးထွန်းကြည်က...

'ဟေ့... မောင်စံချွေး'

'ဗျာ...'





စံချွေးက လှမ်းနေသော ခြေလှမ်းများ ရပ်သွားလေ၏။

'စံချွေး... မင်းက ရှေ့ဆုံးက မသွားနဲ့၊ မင်းက မြွေဥတွေကို စားထားတဲ့သူမဟုတ်လား၊ ...သားစားထားသူကို ...တွေက ဝိုင်းဟောင်တတ်သလို၊ မြွေဥစားထားတဲ့သူကို မြွေတွေကသိနေတယ်၊ တကယ်တော့ မြွေဆိုတာ ဂမ္ဘီရဆန်တဲ့ အမျိုးအနွယ်တစ်ခုလို့ ဆိုရမှာပဲ၊ အိန္ဒိယပြည်ဟာ မြွေနဲ့ပတ်သက်လာရင် အလွန်အလေးထားတဲ့ တိုင်းပြည်ကြီးပဲ၊ မြွေကို ကိုးကွယ်တဲ့ ဘာသာဝင်တွေရှိတယ်၊ ကမ္ဘာပေါ်မှာ မြွေအမျိုးအစားပေါင်း (၁၅၀၀)ကျော်ရှိတဲ့အထဲက လူ့အသက်ကို သေစေနိုင်တဲ့မြွေအမျိုးအစားက (၃၀၀) ကျော်လောက်ပဲရှိတယ်၊ အဲဒီ မြွေရင်း (၉)မျိုးလောက်ထဲက (၇)မျိုးဟာ အဆိပ်မရှိကြဘူး၊ ကဲ... သစ်ပင်ရိပ်မှာ ခဏနားကြရအောင်၊ မောလာပြီကွ၊ အမောအပန်းဖြေရင်း မင်းတို့ဗဟုသုတရအောင် ဆရာ ပြောပြမယ်'

သူတို့သည် သစ်ပင်ရိပ်တွင် ဝိုင်းဖွဲ့ထိုင်နေလိုက်ကြ၏။

'ဆရာတို့ မြန်မာပြည်မှာတော့ မြွေအမျိုးပေါင်း (၁၂၀)



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှိတယ်ဆိုတာ သိရတယ်၊ အဲဒီအထဲမှာ အဆိပ်ရှိတဲ့ မြွေ မျိုးကတော့ (၁၀)မျိုးကျော်လောက်ပဲရှိတယ်၊ အဆိပ်အပြင်းဆုံး မြွေတွေကတော့ မြွေဟောက်၊ မြွေပွေး၊ ငန်းစောင်း၊ ငန်းပုတ်၊ ငန်းတော်ကြား၊ ဆင်ပစ်မြွေနဲ့ တောကြီးမြွေဟောက် စတဲ့ မြွေ တွေပဲဖြစ်တယ်၊ စပါးကြီးမြွေမျိုးကတော့ အမြီးဖျားမှာရှိတဲ့ ညှပ် (ညှို့ဟုလည်းခေါ်ကြတယ်)ကိုချပြီး သားကောင်ကိုဖမ်းဆီး စား သောက်လေ့ရှိတယ်၊

သူချထားတဲ့ ညှပ်ကွင်းထဲကို ဝင်လာတဲ့ သားကော မှန်သမျှဟာ သူ့ရဲ့ ဖမ်းဆီးဝါးမျိုတာကို ခံရတယ်၊ စပါးကြီးမြွေ တွေဟာ သားကောင်ကိုဝါးမျိုချပြီဆိုရင်တော့ လုံခြုံစိတ်ချရတဲ့ အကာအကွယ်ကောင်းတဲ့နေရာမှာ သားကောင်ကို မျိုချပြီး မလှုပ် မယှက်နဲ့ အိပ်စက်နေတတ်ကြတယ်၊

တစ်ခါတလေ နှစ်လကနေ လေး၊ ငါး၊ ခြောက်လအထိ သစ်တုံးကြီးလို မလှုပ်ရှားဘဲ ငြိမ်သက်နေတတ်တာမျိုးကျွ၊ စ မင်း ဥစ္စေ့ယူသွားပြီး မြို့တော်။ တော တောကြီးနန်းစောင်းမြွေ ငါမြင်တယ်'

'တစ်ခါက ငါ့ရှေ့သွားစောင်းကန်းဆိုတဲ့ရွာက ကလေးတစ်





အသည်းအသန်ဖြစ်နေလို့ ဆေးသွားကုရတယ်၊ အဲဒီရွာမှာ သီတင်း တစ်ပတ်လောက်နေခဲ့ရတယ်၊ အဲဒီရွာက ရွာသားအများစုဟာ တောတက်ပြီး ဝါးခုတ်တယ်၊ ဝါးဖောင်တွေကို ချောင်းမကြီး တစ်လျှောက် မျှောချလာရင်း မြို့ကဝါးဒိုင်မှာ သွားရောင်းတယ်၊ တစ်မိုးတွင်းလုံး ဝါးခုတ်ကြတယ်၊ ငါဆေးသွားကုတဲ့ ကလေး အဖေ ကိုစိန်သောင်းဆိုတာကလည်း ဝါးခုတ်သမားထဲမှာ ခေါင်း ဆောင်၊ သူက ဝါးခုတ်သမားတွေကိုခေါ်သွားပြီး သူဦးစီးပြီး ဝါးခုတ်တယ်၊

တစ်ခါတော့ စံခွေးလို တစ်ဖွတ်ထိုးတစ်ခေါက်ကန်း သမား ပေစိဆိုတဲ့ကောင်လေးကို တောထဲမှာ ထမင်းချက်ဆိုပြီး ခေါ်သွားတယ်၊ စိန်သောင်းတို့ ဝါးခုတ်တဲ့သူတွေ ဝါးသွားခုတ် နေတဲ့အချိန်မှာ ပေစိက ညအိပ်နားနေတဲ့ထဲမှာ ထမင်းဟင်း ချက်ရတယ်၊ စိန်သောင်းတို့ ဝါးခုတ်သမားတွေ ဝါးခုတ်ဖို့ တော ထဲဝင်သွားတော့ ပေစိက...၊ ကဲ... ထ... ခရီးဆက်ကြမယ်၊ မောအပန်းလည်း ပြေလောက်ရောပေါ့၊ လမ်းလျှောက်ရင်း ပြောပြမယ်'

ဆရာဦးထွန်းကြည်က ရှေ့ဆုံးမှသွားလေ၏။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



များက လုံချည်မှ ဖုန်ကို လက်ဝါးဖြင့် ရိုက်ခါရင်း နောက်မှ လိုက်လာသည်။

'စံခွေး… မင်းက နောက်ဆုံးကလည်း မလိုက်နဲ့၊ ငါ့ နောက်က လိုက်လာစမ်းပါကွ'

'ဟုတ်ကဲ့ပါ ဆရာ'

* ♠ *

ပေစိသည် ဝါးခုတ်သမားများ စားရန် ထမင်း၊ ဟင်း က်ပြီး ရေနွေးကြမ်းတည်ပြီးသည်နှင့် မနေ့က ဟိုသည်သွား င်း တောထဲတွင်တွေ့ခဲ့သော ဥသုံးလုံးကို ပြုတ်ကာစားနေလေ

နေ့လယ်တွင် ကိုစိန်သောင်းတို့ ဝါးခုတ်သမားများက းနေစခန်းသို့ ထမင်းစားရန် ပြန်လာကြ၏။

ခဏမျှအမောအပန်း ဖြေကြပြီးနောက် နေ့လယ်စာ စား ဥလေ၏။ ပေစိက ထမင်းမစားသေးသဖြင့် ကိုစိန်သောင်း …

'ပေစိ… ဘာလို့ ငါတို့နဲ့ ထမင်းတစ်ခါတည်း မစား လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မဆာသေးလို့၊ တော်ကြာမှ စားတော့မယ်

'အေးလေ မင်းသဘောပဲ'

ကိုစိန်သောင်းက တောထဲမှ ခုတ်ပြီးသား ဝါးများ

ချောင်းစပ်သို့ချကာ ဝါးဖောင်ဖွဲ့ခိုင်းသည်။

နေ့စဉ်ရက်ဆက် တောထဲတွင် ဝါးခုတ်သူခုတ်၊ ချော

ထဲတွင် ဝါးဖောင်ဖွဲ့သူဖွဲ့နှင့် လုပ်ကိုင်လာကြရာ ဝါးဖောင်အတော်

များများ ရနေပြီဖြစ်၏။

ညနေစောင်းတွင် ဝါးဖောင်များအားလုံး ချည်နှော

ပြီးသွား၏။

ကိုစိန်သောင်းသည် ချောင်းကမ်းပါးမှ သစ်ပင်ရိပ်တွ

ထိုင်နေရင်းမှ မြေကြီးနားသို့ မိမိနားကိုကပ်ကာ နားထောင်ကြ

နေလေ၏။

ကျန်သည့် ဝါးခုတ်သမားများက ကိုစိန်သောင်း အနား

ရောက်လာကြ၏။

ကိုစိန်သောင်းသည် မြေကြီးကိုကပ်၍ နားထောင်ပြီ

မျက်နှာအမူအရာ ပြောင်းလဲသွားပုံကို နားမလည်နိုင်အောင် ရှိ

ကြလေ၏။





'ဘာဖြစ်လို့လဲ ကိုစိန်သောင်း'

'ဘာမှမေးမနေနဲ့၊ မင်းတို့ကို ပြန်ဖြေနေဖို့အချိန်မရတော့ဘူး၊ တဲပေါ်က ငါတို့ပစ္စည်းတွေကို ဝါးဖောင်ပေါ်ရောက်အောင် အမြန်ဆုံးသယ်ကြစမ်း၊ ပြီးရင် မင်းတို့အားလုံး ဝါးဖောင်ပေါ်တက်နေကြတော့၊ ကမ်းပေါ်က သစ်ပင်မှာ ချည်ထားတဲ့ ဝါးဖောင်ကြိုးကို ငါ ဓားနဲ့ခုတ်ဖြတ်ပြီး ဝါးဖောင်တန်းကို မျှောချမှဖြစ်တော့မယ်'

'ဘာဖြစ်လို့'

'ဟာကွာ… ငါပြောသလိုသာ လုပ်စမ်း'

ကိုစိန်သောင်းက ဓားမကိုယူ၍ ဝါးဖောင်တန်းကို ချည်ထားသော ကြိုးရှိသည့် သစ်ပင်ရှိရာသို့ ပြေးသွားသည်။

ပစ္စည်းများနှင့် ဝါးခုတ်သမားများ ဝါးဖောင်ပေါ်သို့ ရောက်လျှင် ကိုစိန်သောင်းသည် ဝါးဖောင်ကြိုးကို ဓားမဖြင့် ခုတ်လိုက်၏။

ဝါးဖောင် မျှောရာသို့ ရေထဲမှ ကူးခတ်၍ လိုက်လာပြီး ဝါးဖောင်ပေါ်သို့ တက်သည်။ ကိုစိန်သောင်းမှာ အလွန်မောဟိုက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မင်း… မင်းတို့တောထဲမှာ ဘာတွေမဟုတ်တာ လုပ်ခဲ့သလဲ၊ ဝါးဖောင်တန်းကို ရေလယ်ရောက်အောင်ထိ ဝါးနဲ့တွန်းထုတ်ထားကြစမ်း'

ကိုစိန်သောင်းမှာ မည်သည့်အန္တရာယ်မှန်း မသိရသေးသဖြင့် တောဘက်သို့ အကဲခတ်လျက်ရှိလေ၏။

တောထဲမှ ကြားရသောအသံသည် ပို၍ကျယ်လောင်လာသည်။

ထိုအသံနှင့်အတူ တောင်ပေါ်မှနေ၍ သစ်ကိုင်းသစ်ပင်များ လှုပ်ရှားလာနေသည်ကို တွေ့လိုက်ရလေ၏။

ကိုစိန်သောင်းတို့ ဝါးဖောင်ရေလယ်သို့မရောက်တရောက် အချိန်တွင် သစ်ပင်ပေါ်မှ ရှည်မျောမျောအကောင်ကြီး တစ်ကောင် ပြုတ်ကျလာလေ၏။

ထိုအခြင်းအရာကို မြင်လိုက်ရသော ဝါးခုတ်သမားများက…

'ဟာ… ဟိုမှာ မြွေကြီးထင်တယ်'

'မင်းတို့ အသက်မသေချင်ရင် ဝါးဖောင်တွေကို အမြန်ဆုံးရှေ့ရောက်အောင် တိုးထုတ်ကြ၊ အဲဒါ မြွေမှ မြွေအစစ်၊





တောကြီးနန်းစောင်း'

'ဟင်…'

ကိုစိန်သောင်းကိုယ်တိုင် ဝါးဖောင်များကို ရေစီးထက်ပို၍ လျင်မြန်စွာ စီးမျောအောင် ထိုးဝါးဖြင့် ထိုးထုတ်နေ၏။

ကျန်လူများကလည်း အားသွန်ခွန်စိုက် ထိုးထုတ်နေကြလေ၏။

သို့သော် သူတို့ဝါးဖောင်တန်းက အတွဲရှည်လွန်းနေသဖြင့် ထင်သလောက် ခရီးမတွင်ဖြစ်နေကြလေ၏။

ဝါးဖောင်၏ နောက်ဆုံးဖောင်မှာနေပြီး တွန်းထိုးနေသော ကိုမြသွင်က…

'ဟုတ်တယ် စိန်သောင်း၊ တောကြီးနန်းစောင်းပဲ၊ ငါတို့အထဲကလူတစ်ယောက် ဒီကောင်ကြီးရဲ့ဥတွေကိုယူပြီး ဖျက်ဆီးခဲ့တယ်ထင်တယ်၊ ဒါကြောင့် စိတ်ဆိုးမာန်ဆိုးနဲ့ ငါတို့နောက်ကို လိုက်လာနေတာ'

'ကိုစိန်သောင်း… ကျွန်တော် မြွေဥတွေကို ပြုတ်စားမိတယ်'

'ကျွတ်… တော်တော်ခက်တဲ့ကောင်ပါလား၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်တော့ဘူး၊ ဒီကောင်ကြီးကို နိုင်အောင်တိုက်ခိုက်ရတော့မှာပဲ'

ထိုအချိန်တွင် ငန်းမြွေကြီးသည် ပါးပျဉ်းထောင်ကြည့်နေရာ ကိုစိန်သောင်းတို့ကို မြင်သွားလေ၏။

သူ၏ဒေါသအရှိန် သည် ပေါက်ကွဲသွားပြီး ရေပေါ်တွင် တရှပ်ရှပ်နှင့်ကူးကာ ဝါးဖောင်နောက်သို့ တန်းတန်းမတ်မတ် လိုက်လာလေ၏။

ကိုစိန်သောင်းတို့လူစုသည် ငန်းမြွေကြီး မိမိတို့ဝါးဖောင်တန်းနောက်သို့ လိုက်လာသည်ကိုမြင်လျှင် ဝါးဖောင်များကို ပို၍မြန်ဆန်အောင် တွန်းထုတ်နေကြလေ၏။

'ဟေ့··· အားလုံး သတိထားကြနော်၊ ဒီကောင်ကြီး ဝါးဖောင်နားရောက်လာရင် ဝါးရှည်နဲ့ထိအောင်ရိုက်၊ ဝါးကိုအပေါ်မြှောက်ပြီး ပြန်မဆွဲနဲ့'

ငန်းမြွေကြီးသည် ဖောင်အစွန်းနားသို့ တိုးကပ်လာလေ၏။

သူ၏ပါးပျဉ်းကလည်း တစ်လံသာသာလောက်ထောင်၍ ယိမ်းကာနွဲ့ကာ လိုက်လာနေခြင်းဖြစ်သည်။





ငန်းမြွေကြီးသည် ဖောင်နှင့်အနီးဆုံးနေရာသို့ ရောက်လျှင် ရုတ်တရက် တန့်သွားလေ၏။

သူ၏ရှေ့မှာတော့ ပင့်ကူကြီးက 'ကျလိ··· ကျလိ' နှင့်အော်၍ ငန်းမြွေကြီး၏ရှေ့မှ ဘွားခနဲပေါ်လာခြင်းကြောင့် ဖြစ်လေ၏။

ငန်းမြွေကြီးသည် တောပင့်ကူကြီးတို့ အပြန်အလှန် တိုက်ခိုက်နေကြလေ၏။

ချောင်းအတွင်းမှ ရေပြင်သည်လည်း မြွေကြီး၏ အမြီးဖျားရိုက်ချက်ကြောင့် ဝုန်းခနဲ ဝုန်းခနဲဖြင့် လှိုင်းဂယက်များ ထနေလေ၏။

ကိုစိန်သောင်းတို့က ရှေ့ဆုံးမှ ဝါးဖောင်တွင်နေကာ လက်ထဲတွင် ဓားများကိုင်ဆောင်ထားကြလေ၏။ ငန်းမြွေကြီးက တောပင့်ကူကြီးကို ဝါးဖောင်ပေါ်သို့မင် တက်၍တိုက်ခိုက်လေ၏။

မကြာမီ ငန်းမြွေကြီး၏ တိုက်ခိုက်အားသည် လျော့ကျသွားလေ၏။

တောပင့်ကူကြီးသည် ငန်းမြွေကြီး၏ ဦးခေါင်းအပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှနေပြီး ဦးနှောက်ကို ကိုက်ဖဲ့စားသောက်နေလေ၏။ ကိုစိ
သောင်းသည် ငန်းမြွေကြီးကိုကြည့်ပြီး…

‘အင်း… ငါတို့တစ်တွေ ကံကောင်းတာကွ၊ ငါတို့
ခုတ်လာခဲ့တဲ့ ဝါးထဲက တောကြက်ပင့်ကူကြီးဟာ မြွေနံ့ရပြီးထွက်
လာခဲ့လို့သာပေါ့၊ နို့မဟုတ်ရင် ငါတို့အားလုံး ရွာပြန်ရောက်ချင်
ရောက်မှာ’

‘ဘာဥမှန်းမသိလို့ ပြုတ်စားမိခဲ့တာပါ၊ အားလုံး
ကျွန်တော် တောင်းပန်ပါတယ်’

‘ညဘက်ဆိုရင်တော့ ငါတို့ ဝါးဖောင်နောက်ကို
ကောင်ကြီးလိုက်လာတာ သိမှာမဟုတ်ဘူး၊ ငါတို့ဝါးဖောင် ဆို
ညအိပ်နေတုန်းအချိန်ကျတော့မှ အိပ်ပျော်နေသူအားလုံးကို
ကောင်ကြီးက ပေါက်သတ်မှာ’

‘ပေစိရယ်… မင်းကြောင့် ငါတို့အားလုံး သေကိ
ဆိုက်တော့မလို့နော်’

‘ဟုတ်ပါတယ်၊ ကျွန်တော်က ငန်းမြွေကြီးမြင်တာ
နှလုံးသွေးရပ်တော့မလို့၊ တောကြက်ပင့်ကူကြီးက ကျွန်တေ
တို့အသက်တွေကို ကယ်တင်လိုက်တာ’





ကိုစိန်သောင်းတို့ ဝါးဖောင်တန်းသည် ချောင်းရိုးအတိုင်း
မျောနေလေ၏။

ဝါးခုတ်သမားများမှာ ဝါးဖောင်ပေါ်သို့ ခြေပစ်လက်ပစ်
ထိုင်ချရင်း နားနေမိတော့၏။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးထွန်းကြည် ပြောသောအကြောင်းအရာကို နားထောင်ရင်း လိုက်လာသော ကျောက်စိနှင့် ရွာသားလူငယ်တို့မှာ ခရီးတွင်မှန်းမသိတွင်လာသည်။

ခရီးအတော်အတန်သွားမိပြီး တောင်ကြောတစ်ခုမှ ဆင်းလာလျှင်…

'ဟို… ဟိုမှာ ကျွန်တော်တို့ ရေသွားသောက်တဲ့ရွာ မဟုတ်လား ဆရာ၊ ဟိုတောင်ကြောအက်ကို အသွားတုန်း မိုးကလေးတို့ တက်သွားကြတာ'

ကံသိမ်းက လက်ညှိုးထိုးပြလေ၏။

'ဒီနေ့တော့ အချိန်သိပ်မရှိတော့ဘူး၊ ဒီည ဒီရွာမှာပဲ တည်းခိုခွင့်တောင်းပြီးနေကြမယ်၊ မကြာခင် နေဝင်တော့မယ်ကွ'





ဆရာဦးထွန်းကြည်တို့ လူစုသည် ရွာထဲသို့ ဝင်လာခဲ့ကြလေ၏။

ရွာထဲမှ ရေတောင်းသောက်ဖူးသော အိမ်သို့သွားလျှင် အိမ်ရှင်ယောကျ်ားကြီးက…

'ဟင်… ဆရာတို့အုပ်စု ပြန်လာကြပြန်ပြီလား'

ဟု မေးလေ၏။ ဆရာဦးထွန်းကြည်က…

'ကျွန်တော့် သားတပည့်ကို တောထဲမှာ ရှာတွေ့လာပါပြီ၊ ဒီနေ့အချိန်မရတော့လို့ ဒီရွာမှာ တစ်ညလောက်တည်းခိုခွင့်ပြုပါ'

'အင်း… တည်းခိုလို့ရပါတယ်၊ ဒါပေမဲ့ ညဘက်ဆိုရင် တောထဲက မြွေတွေ ရွာထဲကိုရောက်လာပြီး အန္တရာယ်ပေးနေတယ်ဗျ၊ အခုရက်ပိုင်းအတွင်းမှာ ရွာကရွာသားနှစ်ယောက်နဲ့ မိန်းမတစ်ယောက် မြွေကိုက်ခံရပြီး သေဆုံးသွားကြတယ်၊ အဲဒါကြောင့် ညဘက်ကို အောက်ကိုတော့မဆင်းကြနဲ့'

'ဟင်… မြွေတွေက အရင်ကလည်း ရွာထဲကိုလာတတ်သလား'

'မလာတတ်ပါဘူးဗျာ၊ ရွာကိုရောက်လာပြီး အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတာ ဘာမှမကြာသေးဘူး၊ မိုးချုပ်တာနဲ့ အိမ်အောက်ကို မဆင်းရဲဘူး၊ အိမ်ပေါ်တက်လာပြီး ပေါက်သတ်သွားတာတောင် ရှိတော့ အချို့တဲအိမ်ကလေးတွေမှာနေကြတဲ့သူတွေဆိုရင် မနေရဲဘူး၊ အိမ်အမြင့်ကြီးတွေမှာ သွားအိပ်ရတယ်'

'အစ်ကိုကြီးတို့ရွာသားတွေက မြွေတွေကို သတ်စားထားသလား၊ မြွေက သိပ်အငြိုးကြီးတာ'

'မသိပါဘူးဗျာ၊ တောထဲမှာ မြွေတွေပေါလို့ တောစပ်မှာပဲ ထင်းခုတ်၊ ဝါးခုတ်နေကြတာ ကြာပါပြီ'

'အဘွားအိုနဲ့ မိန်းကလေးသတင်းရော ဘာကြားသေးလဲ'

'သူတို့မှ ရွာကိုမလာတာ၊ ဘာမှမကြားပါဘူး၊ ကဲ… အချိန်ကလေးရှိတုန်း ဆရာတို့လူစု ချက်ပြုတ်စားကြပါဦး၊ မိုးချုပ်လာရင် အန္တရာယ်ရှိတယ်'

ဆရာဦးထွန်းကြည်က အိမ်ရှင်ယောက်ျားနှင့်စကားပြောနေကြချိန်တွင် ကျောက်စီက ကွပ်ပျစ်ကလေးပေါ်တွင် လှဲနေလေ၏။

ရွာသားလူငယ်များက ညစာအတွက် ချက်ပြုတ်နေကြလေ၏။





ညစာစားပြီးချိန်တွင် ဆရာဦးထွန်းကြည်သည် ရွာခံ ရွာသားများနှင့် လက်ဖက်ရည်ကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့နေလေ၏။

'ဒီက ဆရာဦးထွန်းကြည်က ငါတို့ရွာသားတွေ တောထဲက မြွေကိုသတ်စားထားလို့သာ မြွေတွေရွာကိုလာပြီး အန္တရာယ်ပေးနေတာများလားလို့ ပြောနေတယ်ကွ'

အိမ်ရှင် ယောက်ျားကြီးဖြစ်သူ ဦးဖိုးရှမ်းက ပြောလေ၏။

'အင်း… အခု မြွေကိုက်ခံရပြီး သေသွားတဲ့ ကျော်စိုးနဲ့ ငစိုးတို့ ညီအစ်ကိုကတော့ ရွာထဲမှာ စရိုက်ကြမ်းကြမ်းကောင်တွေပဲ၊ နောက်ပြီး ဟိုးလေးရက်လောက်က မြွေကိုက်ခံရပြီးသေတဲ့ သင်္ကြိုဟ်လိုက်ရတဲ့ ဘုတ်ဆုံဆိုတာ ရွာထဲမှာနေတဲ့ သူတို့ညီမ ယောက်ျားနဲ့တွဲဖြစ်နေတယ်၊ အားလုံးကို ဆက်စပ်တွေးကြည့်လိုက်ရင် ဒါဟာထင်မြင်ချက်ဟာ ဖြစ်နိုင်တာပဲ'

'ရှီး… ရှီး… ရှီး… ရှီး'

'ဟော အဲဒါ မြွေတွန်သံတွေပဲ၊ တောထဲက မြွေတွေ ရွာထဲဝင်လာပြီး သူတို့ကိုသတ်ဖို့ဆိုတာလည်း မလွယ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မြွေတွေက သူတို့ကို အန္တရာယ်မပြုရင် သူတို့က လည်း လူတွေကိုအန္တရာယ်မပြုပါဘူး'

'ဒီလိုသာ ညတိုင်းရောက်လာရင် မခက်ဘူးလား'

'တခြားအိမ်တွေကိုသာ မြွေတွေသွားရင်သွားမယ်၊ ဒီ အိမ်ကိုတော့ မလာရဲပါဘူး၊ စိတ်ချပါ'

'ဟင်… ဘာဖြစ်လို့လဲ ဆရာ'

'ညနေနေဝင်ခါနီးအချိန်တုန်းက ဒီအိမ်ပတ်ပတ်လည် ကို ကျွန်တော် မြွေနိုင်ဂါထာရွတ်ဆိုပြီး စည်းချထားပါတယ်'

ဆရာဦးထွန်းကြည်စကားကြောင့် ရွာသားများ မျက်နှာ ဝင်းလက်သွားလေ၏။

'အဲဒီ မြွေနိုင်ဂါထာကို ကျွန်တော်တို့ရွတ်ဆိုတတ်အောင် နှုတ်တိုက်သင်ပေးခဲ့ပါလား ဆရာရယ်'

ဆရာဦးထွန်းကြည်က ရွာသားများကို မြွေနိုင်ဂါထာသင် ပေးသည်။

ထိုအချိန်တွင်…

'ရွာထဲကို မြွေတွေဝင်နေပြီဟေ့'

ရွာသားတစ်ဦး၏ အော်ဟစ်ပြောဆိုသံကို အားလုံးကြား





လိုက်ရသည်။ တစ်ရွာလုံး၏ စိုးရွံ့ကြောက်လန့်သံများက ဆူညံ နေလေ၏။

ဦးဖိုးရှမ်းအိမ်မှ ရွာသားများမှာ မြွေနိုင်ဂါထာကို ရွတ်ဆို သွားတတ်ကြ၍ ဝမ်းသာနေကြသည်။

ထိုည[illegible]ာ ညည့်နက်ချိန်ရောက်မှ အိပ်ရာသို့ ဝင်ဖြစ်ကြ လေသည်။

နောက်နေ့မနက်တွင် ဆရာဦးထွန်းကြည်တို့သားအဖနှင့် ရွာသား လူငယ်များသည် တောင်ပေါ်သို့ ခရီးဆက်ခဲ့ကြလေ သည်။

ခရီးဝေးဝေးနေရာသို့ ရောက်လာသည့်တိုင် ကျောက်စိ ပြောသော ကျောက်ဂူကြီးကို ရှာဖွေ၍ မတွေ့ကြသေး။

'အင်း… သွားရင်းလာရင်း မြွေတွေကို မတွေ့တာတော့ တံကောင်းထယ်'

သူတို့အုပ်စုသည် တောတွင်းမှ အသီးအနှံများကို ရှာဖွေ စားသောက်ပြီး ခဏနားနေကြလေ၏။

'ဆရာ… ကျွန်တော် ဗိုက်တွေလေးနေပြီ၊ အခင်းသွား ချင်လို့'



www.burmeseclassic.com

www.burmeseclassic.com



စွာလကျစ်က ဆရာဦးထွန်းကြည် ထိုင်နေရာသို့လာ၍ ပြောလေ၏။

'တောပိုင်တောင်ပိုင်တွေကို တောင်းပန်တိုးလျှိုးပြီး သွား ပေါ့ကွာ၊ ရပါတယ်'

'ဟုတ်ကဲ့ ဆရာ'

'ဟေ့ကောင်… ဒီနားမှာတော့ မသွားနဲ့၊ ဝေးဝေးမှာ သွား'

စွာလကျစ်က ဓားရှည်တစ်လက်ကိုကိုင်၍ တော အောက်တစ်နေရာသို့ ဆင်းသွားလေ၏။

ကျန်သည့်ရွာသားများနှင့် ကျော်စိုးက သစ်ပင်များ မှီကာ အနားယူနေမိကြ၏။

ကျော်စိုးက သူ၏ အပြန်လမ်းကို ပြန်လည်စဉ်းစား မိသည်။

တောဝဲယာသို့လည်း လှည့်ပတ်ကြည့်နေသည်။

'ဟင်… အဘ'

'ဘာလဲ ကျော်စိုး'

'ဟိုမှာကြည့်စမ်း အဘ'





ကျော်စိုးက ဆရာဦးထွန်းကြည်ကို လက်ညှိုးထိုးပြ သည်။

သူတို့ထိုင်နေသော တောင်စောင်း၏ မလှမ်းမကမ်းတွင် ရှိသော တောင်စောင်းသို့ဖြစ်၏။

'သစ်ပင်ဘေးမှာ လူတစ်ယောက်ရပ်နေတာ မဟုတ် လား'

ရွာသားလူငယ်များကလည်း ကျော်စိုးညွှန်ပြရာသို့ လှမ်းကြည့်သည်။

'ဟုတ်တယ် ကိုကျော်စိုး'

'အဲဒီတောင်စောင်းကို သွားရအောင်၊ ဟာ… ဟိုကောင် စွာလကျစ်သွားတာ ကြာလိုက်တာ'

'ယောက်ဖရေ… ယောက်ဖရေ'

စံခွေးက အော်ခေါ်သည်။ စွာလကျစ်က တောင်စောင်း ပေါ်သို့ ပြေးတက်လာ၏။

ကျော်စိုးက တစ်ဖက်တောင်စောင်း ရှိရာသို့ ရှေ့ဆုံးမှ သွားလေ၏။ တစ်ဖက်တောင်စောင်းမှ သစ်ပင်အောက်သို့ ရောက် လျှင်…



www.burmeseclassic.com

www.burmeseclassic.com



'ဟင်··· ရွာသားတစ်ယောက် သေပြီး ခြောက်နေတာ အရိုးလည်း မကျဘူး၊ အလောင်းက ဘာနဲ့မှလည်းမထွက်ပါလား မပုပ်မသိုးတဲ့အလောင်းလို့ ပြောရတော့မှာပေါ့'

ကျောက်စီက အလောင်းကိုထိုင်၍ ကြည့်နေလေ၏ ဆရာဦးထွန်းကြည်က တွေဝေစွာ စဉ်းစားနေသည်။ လူသေ အလောင်းခြောက်က သစ်ပင်၏ပင်စည်နှင့် ထိကပ်လျက်ရှိလေ ၏။

'အင်း··· အဘ သတိရပြီ၊ အဘရဲ့ ဆရာပြောဖူးတဲ့ မပုပ်မသိုး သစ်ပင်ဆိုတာ ဖြစ်ရမယ်၊ ဒီမပုပ်မသိုးသစ်ပင်က အလွန်ရှားပါးတယ်၊ တွေ့နိုင်ဖို့လည်း မလွယ်ဘူး၊ ဟိမဝန္တာတော ကြီးအတွင်းမှာသာ ရှိတတ်တယ်လို့ ဆိုတယ်၊ အဘတို့ မြန်မာ နိုင်ငံက တောတွေထဲမှာလည်း ရှိတတ်တယ်တဲ့၊ သေသူဟာ သစ်ပင်ရဲ့ ပင်စည်နဲ့ထိနေတယ်၊ ဟင်··· ရင်ဘတ်မှာ အပေါက် ကလေးနှစ်ပေါက်၊ သဘော်ဆေးလို ပျစ်ပြီး ခြောက်နေတာ ဒဏ်ရာကထွက်တဲ့သွေးတွေ ဖြစ်ရမယ်'

'အဘ··· ဒါ··· ဒါ··· ပုလိပ်တွေသတ်လို့ သေသွား တဲ့ မနှောင်းရီရဲ့ ယောက်ျား ရဲမြင့်အလောင်းများလား'





'အေး··· လူလေးပြောတာ ဖြစ်နိုင်တယ်၊ နှစ်ပေါင်း များစွာ ကြာတာကောင်း မပုပ်မသိုးဘဲ ရှိနေတာ အံ့သြစရာပဲ'

'ဒါဆိုရင် မနှောင်းရီဝင်သွားတဲ့ ကျောက်ဂူဟာ ဒီအနီး အနားမှာပဲ ရှိရမယ်'

ကျောက်စီအားတက်သွားသည်။ ထိုတောင်စောင်းကို ဗဟိုပြု၍ အရှေ့တောင်ဘက်အရပ်၊ တောင်ဘက်အရပ်များသို့ လိုက်လံရှာဖွေရာ···

'ဟာ··· ဟိုမှာသစ်ပင်တွေအုပ်ဆိုင်းထားတဲ့ ကျောက်ဂူ ကြီး၊ သာမန်ကြည့်ရင် သစ်ပင်တွေအုပ်ဆိုင်းနေတာပဲ မြင်ရမယ်၊ ကျောက်ဂူအပေါ်မှာ သစ်ပင်တွေပေါက်နေတာ၊ ကျောက်ဂူ အပေါက်ဝမှာလည်း သစ်ပင်တွေပေါက်နေတယ်၊ အဲဒါကြောင့် ဒီနေရာမှာ ကျောက်ဂူရှိတာကို ရွာကလူတွေ မသိတာပဲ'

'သေချာရဲ့လား ကျောက်စီရယ်'

'သေချာပါတယ် အဘရဲ့၊ အဲဒီကျောက်ဂူထဲက ထွက် လာပြီး ကျောက်ဂူဝရောက်တော့ နောက်ပြန်ကြည့်မိလို့သိထား တာပါ၊ အခု ကျွန်တော်တို့ရောက်နေတဲ့ တောင်စောင်းက အဲဒီ ကျောက်ဂူကို ရောက်အောင်သွားတဲ့နေရာမှာ သတိထိမိတော့



www.burmeseclassic.com

www.burmeseclassic.com



ထားမှဖြစ်မယ်၊ မြွေတွေက ကျွန်တော်တို့ကို အန္တရာယ်ပေးနိုင်တယ်'

'အေး… အဲဒါတော့ ဟုတ်တယ်၊ ကျောက်ဂူအနားကို ရောက်သွားရင် ကျောက်ဂူထဲက အခြေအနေကို အကဲခတ်ဦးမှ ဖြစ်မယ်'

ကျောက်စီက ရှေ့မှဦးဆောင်၍ ထွက်သွားသည်။ တောင်စောင်းမှ တောင်အောက်သို့ ဆင်းလာရသည်။

ကျောက်ဂူကြီးက တစ်ဖက်တောင်စောင်းပေါ်တွင် ရှိနေ၏။

သူတို့သည် လမ်းတစ်လျှောက် သတိထား၍ သွားလာနေ၏။

ကျောက်ဂူရှိသော တောင်စောင်းပေါ်သို့ တက်လာမိကြ၏။

ကျောက်ဂူကြီးနှင့် မလှမ်းမကမ်းသို့ရောက်လျှင် သစ်ပင်အကွယ်မှနေ၍ ကျောက်ဂူကို အကဲခတ်နေမိကြသည်။ ခဏကြာလျှင် ကျောက်ဂူအဝမှ သစ်ပင်များ လှုပ်ရှားလာ၏။ ကျောက်ဂူထဲမှ မိန်းကလေးတစ်ယောက် ထွက်လာလေ၏။





'ဟာ…'

'ဟင်…'

မိန်းကလေးကို မြင်လျှင် ရွာသားလူငယ်များသည် အာမေဋိတ်သံများ ထွက်သွားကြလေ၏။

ကျောက်စီက နှုတ်ခမ်းနားတွင် လက်ညှိုးကို ဒေါင်လိုက်တေ့ကာ…

'ရှူး… တိုးတိုး… အဲဒါ ကျွန်တော်ပြောတဲ့ ကျွန်တော့်အသက်ကိုကယ်တင်ခဲ့တဲ့ မိန်းကလေး'

'အင်း… ငါ့သားသဘောကျမယ်ဆိုရင်လည်း သဘောကျစရာပါပဲ၊ မိန်းကလေးက ဘာမှမပြုမပြင်ဘဲ ပင်ကိုယ်လှနေတာကိုး'

ကျောက်စီ၏ မျက်နှာသည် ပြုံးရွှင်နေလေ၏။ မိန်းကလေးသည် ဟိုသည်ကြည့်ပြီး ကျောက်ဂူဘက်သို့ လှည့်ကာ…

'ရှီး… ရှီး… ရှီး'

မြွေတွန်သည့်အသံမျိုး ပေါ်ထွက်လာလေ၏။ ကျောက်စီတို့ လူစုသည် မိန်းကလေးအား အာရုံစိုက်၍ ကြည့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူထဲမှ မြွေပေါင်းများစွာ ထွက်လာပြီး မိန်းကလေး၏ အနားတွင် စုပြုံနေကြလေ၏။

အချို့မြွေများက တစ်ပေသာသာ အမြင့်ခန့်ဖြင့် ပါးပျဉ်းထောင်နေကြလေ၏။

'ဒီလောက်များတဲ့မြွေတွေကြည့်ပြီး အသည်းယားလိုက်တာ'

'ဟာ… စွာလကျစ် ဘာမှမပြောနဲ့၊ ကြားသွား ဦးမယ်'

'မကြားနိုင်ပါဘူးကွာ'

'ပါးစပ်ပိတ်ထားစမ်း'

မိန်းကလေးသည် ပါးပျဉ်းထောင်နေသော မြွေဦးခေါင်းကို လက်ဖြင့်ပုတ်လိုက်၏။

မြွေက ဘယ်ညာယိမ်းနွဲ့နေ၏။

'ရှိ…'

မိန်းကလေးက မြွေတွန်သံပြုလိုက်လျှင် သူ့အနီးတွင် စုပြုံနေသော မြွေများသည် တောင်အောက်ဘက်သို့ ဆင်းသွားကြလေ၏။





'ဟူး… ငါတို့ဘက်မလာတာ တော်ပါသေးရဲ့'

'မြွေတွေ မင်းဘက်လာရင် မင်းက ဘာလုပ်မလို့လဲ'

'သစ်ပင်ပေါ်တက်ပြေးမှာပေါ့ကွ'

စံခွေးစကားကြောင့် သူတို့အားလုံး ကျိတ်ရယ်မိကြလေ၏။

မိန်းကလေးသည် မြွေတွေအားလုံး တောင်အောက်သို့ ဆင်းသွားသည်ကို မျက်စိတစ်ဆုံးလိုက်ကြည့်နေပြီးမှ ကျောက်စီတို့ပုန်းနေသည့် သစ်ပင်များဘက်သို့ လျှောက်လာလေ၏။

ကျောက်စီသည် ရှေ့ဆုံးမှ သစ်ပင်၏ပင်စည်ကို ကွယ်၍ နေလေ၏။

သူ့အနားသို့ မိန်းကလေး ရောက်လာလျှင် သစ်ပင်အကွယ်မှ ထွက်ကာ…

'မိန်းကလေး'

'ဟင်… ရှင်… ရှင်'

ရုတ်တရက်မို့ မိန်းကလေးသည် လန့်သွားကာနောက်သို့ ခြေလှမ်းဆုတ်သွားလေ၏။ ပြီးမှ ကျောက်စီကို မှတ်မိသွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘယ်ကိုထွက်သွားတာလဲ၊ ရှင့်ကို ကျွန်မ လိုက်ရှာသေးတယ်၊ အခု ဘာလို့ပြန်လာတာလဲ'

'ငါ ပြန်သွားတာလေ၊ ဒါပေမဲ့ တောထဲမှာ ငှက်ဖျားတက်ပြီး မေ့မြောနေတာ အကြာကြီးပဲ'

'ရှင် တောထဲမှာ သွားလာနေတုန်း မြွေဆိုးတွေနဲ့ မတွေ့တာ ကံကောင်းတယ်၊ တောထဲမှာသွားလာရင်း မျက်စိလည်ပြီး ဒီနေရာကို ပြန်ရောက်လာတာလား'

'မဟုတ်ပါဘူး၊ ဒီနေရာကို တမင်ပြန်လာတာ'

'ဒီနေရာမှာ ကျွန်မတို့နေတဲ့ ကျောက်ဂူကြီးရှိတယ်ဆိုတာ ဘယ်သူမှမသိကြပါဘူး၊ သိရင်လည်း ဘယ်သူမှ မလာရဲပါဘူး၊ မြွေဆိုးတွေကိုက်လို့ သေကုန်ကြမှာပဲ'

'မင်းက မြွေတွေကို မကြောက်ဘူးလား'

'မကြောက်ပါဘူး၊ ကျွန်မက မြွေတွေကို ငယ်ငယ်ကလေးတည်းက နိုင်လာတာပဲ'

'အခု ဒီနေရာလာတာ ငါတစ်ယောက်တည်းမဟုတ်ဘူး၊ ငါ့အဘနဲ့ ရှာကလူငယ်တွေလည်း ပါလာတယ်'

'ဟင်… ဘာလို့ ဒီနေရာကို ခေါ်လာရတာလဲ'





'သူတို့က ငါပြန်မလာလို့ ရှာကလိုက်လာတာ၊ လမ်းမှာတွေ့ကြတာ'

'ရှင်နဲ့ ရှင့်လူတွေကို မြွေဆိုးတွေက အန္တရာယ်ပေးမှာစိုးရိမ်လို့ပါ'

'မိန်းကလေး မင်းမျက်နှာမကောင်းဘူး၊ ဘာဖြစ်နေတာလဲ'

ကျောက်စီက မိန်းကလေး၏မျက်နှာကို အကဲခတ်ရင်းမေး၏။

'ကျွန်မအမေ မကျန်းမမာဖြစ်နေတာ ကြာပြီ၊ ဘာဆေးမှလည်း တိုက်စရာမရှိတော့ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရတာပေါ့'

'ဒီအတွက်တော့ စိတ်ညစ်မနေနဲ့ မိန်းကလေး၊ ငါ့အဘ ဆေးဆရာ၊ မင်းအမေကျောက်ဂူထဲမှာ မဟုတ်လား'

'အင်း… ဟုတ်တယ်၊ ဒါပေမဲ့ မြွေတွေက မကြာခင် ကျောက်ဂူထဲကို ပြန်တော့မှာ၊ မြွေတွေ ကျောက်ဂူထဲမဝင်နိုင်အောင် လုပ်ရတော့မှာပဲ'

မိန်းကလေးက ကျောက်စီတို့ လူစုကို ကျောက်ဂူထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာလေ၏။ ကျောက်ဂူ၏ အဝင်ဝတွင် ဆီးဖြူသီးများကို ဖြန့်ခင်းထားလိုက်၏။

'လာပါ'

မိန်းကလေးက ကျောက်သားပြင်ပေါ်တွင် လှဲ၍အိပ်နေသူ အနီးသို့ ကျောက်စီတို့လူစုကို ခေါ်သွား၏။

'အောင်မလေး'

ကျောက်သားပြင်ပေါ်မှ ပိန်ချုံး၍ အရုပ်ဆိုးလှသော အဘွားအိုကို တွေ့လျှင် ကံသိမ်းက လန့်၍အော်သည်။

'ဟာ… ကံသိမ်း၊ ဘယ်လိုဖြစ်တာလဲ'

ကျောက်စီက ဒေလသံမာမာဖြင့်ပြောသည်။

'ရုတ်တရက်မြင်လိုက်ရတော့ ကြောက်သွားလို့ဗျ'

ဆရာဦးထွန်းကြည်က အဘွားအိုလက်ကောက်ဝတ်ကို လက်ဖြင့်စမ်းကြည့်၏။

အဘွားအိုက မျက်လုံးဖွင့်ကြည့်၏။

သူ့ကို လူများဝိုင်းကြည့်နေသည်ကို မြင်တော့…

'ဟဲ့.. မဒိုင်း… နင် ဘာလို့ ဒီလူတွေကို ကျောက်ဂူထဲ ခေါ်လာရတာလဲ'





မကျန်းမမာဖြစ်နေပေမယ့် အသံက မာနေလေ၏။

'အမေ ကျန်းမာလာအောင် ဆေးကုပေးမယ့် သူတွေပါ'

'ဟုတ်ပါတယ် အဘွား၊ ကျွန်တော်က ဆေးဆရာပါ၊ အဘွားနေကောင်းလာအောင် ဆေးကုပေးပါ့မယ်'

'မလိုချင်ဘူး၊ ငါ လူတွေနဲ့ မဆက်ဆံချင်ဘူး၊ မင်းတို့ ကျောက်ဂူထဲက ထွက်သွားကြတော့၊ မင်းတို့ကို ငါမယုံဘူး'

'စိတ်မဆိုးပါနဲ့ အဘွားရဲ့၊ ကျွန်တော့်သားရဲ့အသက်ကို ဒီမိန်းကလေးက ကယ်တင်ပြီးစောင့်ရှောက်ခဲ့တာဆိုတော့ အဘွား နေကောင်းလာအောင် ကျွန်တော် ဆေးကုပေးပါရစေ'

'အမေရယ်… စိတ်လျှော့လိုက်ပါ၊ အမေမကျန်းမမာ ဖြစ်ပြီး ဝေဒနာခံစားနေရတာကို သမီးမကြည့်ရက်လို့ပါ'

'ဟုတ်ပါတယ် အဘွားရယ်၊ အဘွားကျန်းမာလာတာနဲ့ ကျွန်တော်တို့ လူစု ဒီနေရာက ပြန်သွားပါ့မယ်'

ဆေးဆရာဦးထွန်းကြည်က အဘွားအိုကို ဆေးတိုက်၏။ ခြေထောက်နှင့်လက်များကို ဆေးလူးပေး၏။

အဘွားအိုသည် ဆေးအရှိန်နှင့် အိပ်ပျော်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေး မင်းကို ငါမေးမယ်၊ မင်းနာမည်က မဒိုင်း ဟုတ်သလား'

'ဟုတ်ပါတယ်'

'ဒါဆိုရင် အဘွားနာမည်က ဘယ်သူလဲ'

'ဟို… ဟို… ဒေါ်နှောင်းရီပါ'

'ဟာ…'

'ဟင်…'

အားလုံးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။ ရွာခံယောက်ျားကြီးပြောပြသော အဖြစ်အပျက်ထဲမှ မနှောင်းရီ ဖြစ်နေသောကြောင့် အံ့အားသင့်သွားကြခြင်းဖြစ်၏။

'ဒါဆိုရင် မဒိုင်းက ဒီကျောက်ဂူထဲမှာ မွေးတာပေါ့'

'အို…'

ဆရာဦးထွန်းကြည်၏ အမေးစကားကြောင့် မဒိုင်း၏ မျက်နှာသည် ပြောင်းလဲသွား၏။ ဆရာဦးထွန်းကြည်၏ မျက်နှာ ကိုလည်း ကြည့်နေ၏။

'ကျွန်မ ဒီကျောက်ဂူထဲမှာ မွေးတာကို ဆရာ ဘယ်လို လုပ်သိပါသလဲ'





'ကိုရဲမြင့် မနှောင်းရီ၊ သူကြီးဦးဖိုးထင်၊ သံခဲတို့ရဲ့ ဘဝဇာတ်ကြောင်းကို သိနေတဲ့ ရွာသားကြီးတစ်ယောက်က ပြော ပြလို့သိတာပါ'

'ဟုတ်ပါတယ်၊ ကျွန်မ ဒီကျောက်ဂူထဲမှာ မွေးတာပါ၊ အမေပြောပြတာတော့…'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ကိုရဲမြင့်က ကိုယ်ဝန်ရင့်မာကြီးကို လွယ်ထားရသော

မနှောင်းရီ၏ ပခုံးကိုဖက်ကာ တောင်ပေါ်သို့ ပြေးလာသည်

'ဟူး… မောလိုက်တာ ယောကျ်ားရယ်'

'အားတင်းပြီးလျှောက်ပါ မနှောင်းရယ်၊ ဟိုကောင်သ

က ပုလိပ်တွေခေါ်လာပြီး ငါတို့လင်မယားကိုဖမ်းဖို့ နောက်

လိုက်လာပြီ၊ ငါက အဖမ်းခံရလည်း ကိစ္စမရှိဘူး၊ ဒါပေ

မင်းက နေ့လား ညလား မွေးတော့မှာဆိုတော့ အဖမ်းခံလို့မ

ဘူး'

မနှောင်းရီက ကိုရဲမြင့်ခေါ်ရာ နောက်သို့ အံကိုကြိတ်

လိုက်လာ၏။





'ဟို… ဟိုမှာ ကျောက်ဂူကြီးတစ်လုံးပါလား'

'အင်း… ဟုတ်တယ်'

'မင်း… အဲဒီကျောက်ဂူထဲမှာ ဝင်ပုန်းနေ၊ ငါ သံခဲတို့ အခြေအနေကို သွားကြည့်ဦးမယ်'

ကိုရဲမြင့်က မနှောင်းရီကို ကျောက်ဂူအဝသို့ရောက်အောင် လိုက်ပို့ပေးပြီး နောက်ကြောင်းသို့ ပြန်သွားလေ၏။ မနှောင်းရီက ကျောက်ဂူထဲသို့ ဝင်လာခဲ့၏။

မောပန်းလွန်းသဖြင့် အသက်ကို မှန်မှန်ရှူနေရလေ၏။ မနှောင်းရီသည် ကျောက်ဂူထဲတွင် သွားလာရင်း ခလုတ်တိုက်ကာ လဲကျသွားလေ၏။

'အမေ့… အား'

ထိုအချိန်တွင် ဗိုက်ထဲကလည်း နာကျင်လာသည်။ မိမိ မွေးဖွားတော့မည်ကို မနှောင်းရီ သိလိုက်၏။ နာကျင်မှုဝေဒနာကို အားတင်းခံစားရင်း…

'အူဝဲ… အူဝဲ'

'ဒိုင်း… ဒိုင်း'

'ဟင်…'



www.burmeseclassic.com

www.burmeseclassic.com



မနှောင်းရီက သန္ဓေသားကို မွေးချလိုက်ချိန်တွင် သေနတ်သံနှစ်ချက် ကြားလိုက်ရ၏။

မနှောင်းရီ တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်မှုများကို ခံစားနေရသဖြင့် မလှုပ်မယှက်နေမိ၏။

ရင်သွေးငယ်က တစာစာအော်နေသည်။ သားလေးလား၊ သမီးလေးလား မသိရသေး။

ရင်သွေးငယ်အား မိမိရင်ခွင်ထဲသို့ ပွေ့ချီနိုင်အောင် အင်အားပင်မရှိ။

'အား… ကျွတ်… ကျွတ်'

မနှောင်းရီသည် ညည်းညူရင်း အရာရာကို ခေတ္တမေ့သွားလေ၏။

မနှောင်းရီ သတိရလာတော့ ကျောက်ဂူထဲမှ အလင်းရောင်ဖြင့် အားလုံးကို မြင်နေရသည်။ ရင်သွေးငယ်မှာ ငြိမ်သက်နေသည်။

မိမိ မေ့မြောသွားချိန်တွင် ရင်သွေးငယ်မှာ အော်နေရင်း…

'ဘုရား… ဘုရား'





မနှောင်းရီ ရင်ထဲတွင် စိုးထိတ်သွား၏။ ရင်သွေးငယ်ရှိရာသို့ ကိုယ်ခန္ဓာကို အားတင်းပြီးလှည့်လိုက်၏။ ရင်သွေးငယ်ကို ရင်ခွင်ထဲသွင်းကာ ထွေးပွေ့ထားမိသည်။ ရင်သွေးငယ်မှာ အဝတ်ဗလာနတ္ထိ။

မနှောင်းရီသည် သူ၏အင်္ကျီကိုချွတ်ကာ ရင်သွေးငယ်ကို ထွေးထားလိုက်၏။

ရင်သွေးငယ်က လှုးလွန့်လာသည်။

'အူဝဲ… အူဝဲ'

'မငိုပါနဲ့ သမီးလေးရယ်၊ အမေ နို့တိုက်ပါ့မယ်'

ရင်သွေးငယ်သည် မနှောင်းရီ၏ နို့ချိုကို အငမ်းမရ သောက်စို့နေလေ၏။

မနှောင်းရီရင်ထဲတွင် မိခင်ဆိုသည့် မေတ္တာစိတ်ကြောင့် ချမ်းမြေ့နေမိသည်။

'ကိုမြင့်ရော'

မနှောင်းရီသည် သူ့ယောကျ်ား ကိုရဲမြင့်ကို သတိရသွား၏။ သံခဲတို့ အခြေအနေကို သွားကြည့်ရင်း သူ့ကို ပုလိပ်တွေက တွေ့၍ ဖမ်းခေါ်သွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အချိန်တွေ ကြာသည်အထိ ကျောက်ဂူထဲသို့ ဝင်မလာဘူးဆိုတော့ သူတွေးတာဖြစ်နိုင်သည်ဟု မနှောင်းရီ သိလိုက်သည်။

မနှောင်းရီ ဝမ်းနည်းသွားမိသည်။ လူ့လောကအတွင်းသို့ ရောက်လာသည့် ရင်သွေးငယ်မှာ မွေးဖွားပြီးချိန်တွင် အမိအဖ အစုံအလင် သူ့အနားမှာ မရှိရှာ။

'ဟင်...'

မနှောင်းရီ လန့်သွားသည်။ သတိဖြင့်ကြောက်စိတ်ကို ပြန်ထိန်းနိုင်၍သာ တော်သေးတော့၏။ ကျောက်ဂူထဲတွင် မြွေများစွာကို တွေ့လိုက်ရသောကြောင့်ဖြစ်လေ၏။ မနှောင်းရီသည် ရင်သွေးငယ်ကို ရင်ခွင်ထဲတွင် လုံခြုံအောင် ထွေးပွေ့ထားပြီး ငြိမ်သက်နေမိ၏။

မြွေများက သူ့ကိုယ်ပေါ်မှ ဖြတ်သန်းသွားလာနေကြ၏။ မနှောင်းရီ၏ စိတ်ထဲမှာလည်း...

'မြွေတွေရယ် နင်တို့ကို ငါ ဘာမှမလုပ်ပါဘူး၊ ငါတို့သားအမိကိုလည်း အသက်ချမ်းသာပေးပါ'ဟု ဆုတောင်းနေမိသည်။ ရင်သွေးဧကြောင့် သတိမထားမိခဲ့သော်လည်း ယခု





မျက်နှာတစ်ခုလုံး နာကျင်နေသည်။ သူ့မျက်နှာတွင် ကျောက်ဂူထဲဝင်စဉ်က တိုက်မိခဲ့သော ဒဏ်ရာတွေက အကွဲအပြဲနှင့် သွေးများစိမ့်ထွက်နေဆဲ။

မနှောင်းရီတွင် ရင်ထဲက ဒဏ်ရာ၊ မျက်နှာက ဒဏ်ရာ တစ်ကိုယ်လုံးတွင် ဒဏ်ရာတွေအပြည့်။ မပြေးသော်လည်း ကန်ရာရှိသိုလို အသက်ကို အန္တရာယ်ပေးမည့် မြွေတွေကလည်း အနန္တ။

မနှောင်းရီ ရင်သွေးလေးမွေးဖွားပြီး သုံးရက်မြောက်နေ့တွင် တောထဲတွင် အစားအစာရှာဖွေရန် ကျောက်ဂူထဲမှ ထွက်လာခဲ့၏။

'အို... အောင်မလေး'

ကျောက်ဂူအပေါက်ဝတွင် ပုလိပ်နှစ်ယောက် ငုံ့သေနေသည်ကို တွေ့လိုက်ရသဖြင့် လန့်၍ အော်မိသွား၏။ လူသေကောင်၏ အသားများက ညှိပုပ်နေ၏။ အနံ့ဆိုးများပင် ထွက်နေသည်။ မနှောင်းရီသည် သမီးငယ်ကို ကျောက်ကလပ်တစ်ခုပေါ်တွင် တင်ထားပြီး လူသေအလောင်းများကို သယ်ယူကာ တောင်အောက်သို့ တွန်းချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အနံ့ဆိုးများက သူ့လက်တွင်ကျန်ခဲ့သည်။ မနှောင်းရီသည် သူ့လက်ကို သစ်ပင်မှသစ်ရွက်များဖြင့် ပွတ်ခြေသည်။ လက်မှအနံ့ဆိုးများပျောက်မှ သမီးငယ်ကို ပွေ့ချီ၏။ တောထဲတွင် အစားအစာလိုက်ရှာရာ တစ်နေရာတွင် ဆီးဖြူပင်ကိုတွေ့၏။ ဆီးဖြူသီးများကိုသာ အငမ်းမရစားလေ၏။

(ဝန်ခံချက် ။ ။ ဆီးဖြူသီးသည် သားသည်အမေနှင့် တည့်သည် မတည့်သည်ကို စာရေးသူ အမှန်တကယ်ပင်မသိပါ၊ ဇာတ်လမ်းအရ တန်ဆာဆင်ခြင်းသာဖြစ်ပါသည်။)

စမ်းချောင်းကို ရှာဖွေရာ မလှမ်းမကမ်းတွင်တွေ့သဖြင့် သမီးငယ်ကို သန့်ရှင်းပေး၏။ စမ်းချောင်းရေကို သောက်သုံး၏။ ဝေးလံသောနေရာသို့လည်း မနှောင်းရီ မသွားရဲ။ တောတွင်းထဲက သားရဲတိရစ္ဆာန်များကို ကြောက်ရွံ့မိ၍ဖြစ်၏။

သမီးငယ် မဒိုင်း စားသောက်တတ်သည့်အရွယ်တွင် မနှောင်းရီက ဆီးဖြူသီးကိုသာ ဝါး၍ခွံ့သည်။ မဒိုင်း အရွယ်ရောက်လာသည့်အခါတွင်လည်း ဆီးဖြူသီးကိုသာ နှစ်သက်စွာစားခဲ့၏။

မနှောင်းရီကို ကျောက်ဂူထဲမှ မြွေများက ရန်မပြု။ မြွေ





များကို ကျောက်ဂူအတွင်းသို့ မလာစေချင်သည့်အခါ ဆီးဖြူသီးခြောက်များကို ကျောက်ဂူအဝတွင် ချထားလိုက်၏။

မဒိုင်းသည် မြွေဆိုးများနှင့် ဆော့ကစားလာခဲ့သူဖြစ်ရာ မြွေများသည် မဒိုင်းကို ခင်မင်နေကြလေ၏။

ကြောက်ကြလေ၏။

မဒိုင်းသည် မြွေများ၏အရှင်သခင်မ ဖြစ်နေလေ၏။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ကျောက်စီ၊ ဆရာဦးထွန်းကြည်နှင့် ရွာသားလူငယ်များသည် မဒိုင်း ပြောပြသည်ကို နားထောင်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေကြလေ၏။

'ကျွန်မ အမေ့ရောဂါ အခြေအနေက အတော်ဆိုးနေပြီလား ဆရာ'

မဒိုင်းက စိုးရိမ်တကြီးမေးလေ၏။

'ဝေဒနာဖြစ်နေတာကို ဆေးမသောက်ရတော့ အာဟာရပါပြတ်ပြီး အားနည်းသွားတာပါ၊

အခုဆေးသောက်ထားပြီဆိုတော့ မကြာခင်မှာ နေကောင်းသွားမှာပါ'





'ကျွန်မက အမေ့ကို အားကိုးနေရသူဆိုတော့ အမေသာ တစ်စုံတစ်ရာဖြစ်သွားရင် အဲဒါကို တွေးပြီး ကျွန်မရင်ထဲမှာ ပူလောင်နေရတယ်၊ အမေ့မျက်နှာ အရုပ်ဆိုး အကျည်းတန်နေရတာဟာ မျက်နှာနဲ့ ကျောက်သားတွေ ဆောင့်မိပြီး ရထားတဲ့ ဒဏ်ရာတွေကြောင့်ပါ၊

အမေက လူတွေကို သိပ်နာကြည်းနေတာ၊ ရွာက သံခဲတို့သားအဖကြောင့် ဒုက္ခရောက်ခဲ့ရတာကို အမြဲတမ်း သတိရပြီး လူတွေနဲ့ ပြောဆိုဆက်ဆံရမှာကို ကြောက်နေတယ်၊ ဒီအနီးအနားမှာ ရွာတွေရှိတယ်၊ အရင်က တောတွင်းထဲကရတဲ့ သစ်သီး၊ သစ်ဥတွေနဲ့ ရွာကထွက်တဲ့ အသီးအနှံတွေနဲ့ လဲလှယ်ပြီး စားခဲ့တယ်၊ ရွာကလူတွေက ကျွန်မကို စော်ကားမော်ကားပြုချင်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတာကို အမေကသိတော့ ရွာကိုမသွားတော့ဘူး၊

ကျွန်မတို့နေတဲ့ ကျောက်ဂူကို မလာရဲအောင်လည်း မြွေတွေနဲ့ ခြောက်လှန့်ထားရတယ်၊ ကိုကျောက်စီက ဒီကျောက်ဂူထဲမှာ နေသွားဖူးတာပဲ၊

ဟိုကျောက်ကလပ်ထဲမှာရှိတဲ့ သစ်သီးတွေကို စားပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူထဲကို မြွေတွေမလာပါဘူး၊ စိတ်ချလက်ချသာ နေကြပါ'

မဒိုင်းသည် သူ့အမေ၏ဘေးတွင် ထိုင်နေလေ၏။

ဆရာ ဦးထွန်းကြည် ကျောက်စီနှင့် ရွာသားလူငယ်များသည် ကျောက်ဂူထဲတွင် စုဝေးထိုင်ကာ သစ်သီးများကို စားသောက်နေကြလေ၏။

'ကိုကျောက်စီ… ခင်ဗျား စွဲလမ်းမယ်ဆိုလည်း စွဲလမ်းစရာပါပဲ၊ မဒိုင်းက အတော်ချောတာပဲ၊ ကျွန်တော်တို့ရွာကို ပါလာအောင် ခေါ်နော်'

'ဟာကွာ၊ ဒီကောင် ကြားသွားပါဦးမယ်'

ကျောက်စီက သစ်သီးကို ဖိုးကွမ်းပါးစပ်ထဲသို့ ဖြဲ၍ထည့်လိုက်၏။

'အူ… ဂူး… ဂူး… ခင်ဗျား ရှက်နေလို့မဟုတ်လား'

'ဟာ‥ဒီကောင် နောက်တစ်လုံးစားချင်ပြန်ပြီထင်တယ်'

'ရှူး… တိုးတိုး၊ အဘွားအို အိပ်ပျော်နေတယ်'

'ကျွတ်… သူ့ယောက္ခမ နိုးမှာစိုးလို့'

* ♠ *



'မဒိုင်း… မင်းကို ငါ ပြောစရာရှိလို့ ကျောက်ဂူအပြင်ကို ခေါ်လာတာ၊ အခုဆိုရင် မင်းအမေကျန်းမာလာတာ မင်းအသိပဲ၊ မင်းတို့သားအမိကို ဒီတော ဒီတောင်ထဲမှာ ငါလုံးဝမနေစေချင်ဘူး၊ ငါကိုယ်တိုင် မင်းကို သံယောဇဉ်တွယ်နေမိတော့ မင်းကို ငါနေတဲ့ရွာကို ခေါ်သွားပြီး ငါ့ရဲ့ဘဝကြင်ဖော်အဖြစ် လက်တွဲချင်လို့ မင်းဆီကို ငါ ပြန်လာတာ'

'အမေက ရှင်ပြောသလို လူတွေနေတဲ့အရပ်ဒေသကို လိုက်မယ်မထင်ဘူး၊ ကျွန်မတို့ သားအမိ ဒီကျောက်ဂူထဲမှာနေရတာ ဘဝချမ်းမြေ့ပါတယ်၊ ကျွန်မ ငယ်စဉ်က နယ်ချဲ့ကောင်တွေနဲ့ ဖက်ဆစ်ကောင်တွေ စစ်ဖြစ်တယ်လို့ပြောတယ်၊ နယ်ချဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ မြန်မာမျိုးချစ်ရဲဘော်တွေ ထိုးနှက်လို့ ဆုတ်ခွာထွက်ပြေး လာရင်း ဒီကျောက်ဂူထဲကို ဝင်လာတယ်၊ အမေဟာ ကျွန်မလက် ကိုဆွဲပြီး ကျောက်ဂူအတွင်းထဲမှာ ဝင်ပုန်းနေရတယ်၊ နယ်ချဲ့ ကောင်တွေက ဒီကျောက်ဂူထဲမှာ စခန်းချနေကြလို့ အစာမစား ရေမသောက်ရဘဲ သုံး လေးရက်နေရတယ်၊ ကျွန်မက အစာဆာ တော့ ငိုတာပေါ့၊

နယ်ချဲ့ကောင်တွေက ကျောက်ဂူထဲက ငိုသံကြားတော့ အံ့သြသွားတာပေါ့၊ ကျောက်ဂူအတွင်းပိုင်းက မှောင်မည်းနေတော့ သူတို့ ဝင်မလာရဲဘူး၊ သရဲခြောက်သလိုဖြစ်နေတော့ နယ်ချဲ့ ကောင်တွေ စိတ်ချောက်ချားလာပြီး ထွက်ပြေးကုန်ကြတယ်၊ ကလေးငိုသံကြားလို့ ကျောက်ဂူအတွင်းထဲဝင်လာတဲ့ နယ်ချဲ့ ကောင်တွေကတော့ မြွေကိုက်လို့ သေကုန်ကြတယ်၊ ကျောက်ဂူ ထဲမှာ ရတနာပစ္စည်းတွေ အများကြီးကျန်ခဲ့တာပဲ၊

အဲဒီ ပစ္စည်းတွေယူပြီး ကျွန်မတို့သားအမိ တစ်နေရာမှာ သွားနေရင် ရပါတယ်၊ ဒါပေမဲ့ အမေက လူတွေဟာ စိတ်ထား မမှန်ကြဘူး၊ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာစိတ်တွေ လွှမ်းမိုးပြီး တစ်ဦးအပေါ်တစ်ဦး မလိုမုန်းထား အမျက်ထားတတ်





ကြတယ်တဲ့၊ အဲဒါကြောင့် ဒီကျောက်ဂူထဲမှာပဲ ကျွန်မတို့သားအမိ ဘဝဇာတ်မြုပ်နေတာ'

'ငါကတော့ မင်း ငါ့စကားကို နားထောင်စေချင်တယ်၊ ငါဟာ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး၊ မင်းနဲ့တွေ့မှ ရင်တွေ ခုန်လာပြီး မင်းကို စိတ်ဝင်စားလာမိ တယ်"

'အမေက လူတွေရှိတဲ့အရပ်မှာ နေမှာမဟုတ်ဘူး'

'မင်းရဲ့သဘောကရော'

'ကျွန်မ အမှန်အတိုင်းဝန်ခံရရင် ရှင်ပြောခဲ့သလို ကျွန်မ ဘဝမှာ ဘယ်ယောကျ်ားနဲ့မှ စကားပြောဖူးခဲ့တာ မဟုတ်ဘူး၊ ရှင်ထွက်သွားတော့ တောတောင်ထဲမှာ သားရဲတိရစ္ဆာန်တွေရဲ့ အန္တရာယ်နဲ့ ကြုံတွေ့မှာ စိုးရိမ်မိတယ်၊ ရှင့်ကို ကျွန်မ တောထဲမှာ လိုက်ရှာသေးတယ်၊ မတွေ့တော့မှ လက်လျှော့လိုက်တာ၊ ပြီးတော့ ရှင့်ကို ကျွန်မ အမြဲတမ်း သတိရနေမိတယ်'

'ငါ့စကားကို နားထောင်ပါ၊ မင်းကို တောထဲတောင်ထဲ မှာ ငါမထားခဲ့ချင်ဘူး၊ မင်းကို ငါ မေတ္တာရှိနေတဲ့အကြောင်း မင်းအမေကို မင်းပြောပြပါလား'



www.burmeseclassic.com

www.burmeseclassic.com



မဒိုင်းက ခေါင်းခါသည်။

'မဖြစ်ပါဘူး၊ အမေက လက်ခံမှာမဟုတ်ဘူး'

'မင်းအမေမသိအောင် ငါတို့ပြန်ရင် လိုက်ခဲ့မလား'

'ဟာ… ကျွန်မတို့က အမေတစ်ခု၊ သမီးတစ်ခုဘဝ၊ အမေ့ကိုတစ်ယောက်တည်း မထားခဲ့နိုင်ဘူး'

'ငါ့အတွက် မင်းစဉ်းစားပေးပါဦး၊ ငါတို့ပြန်ဖို့ ရက်နီးလာပြီ'

'ကျောက်ဂူကိုပြန်ကြရအောင်၊ အမေစိတ်ပူနေဦးမယ်'

မဒိုင်းက ကျောက်ဂူသို့ ပြန်ရှုန် ခြေလှမ်းပြင်သည်။

'အို…'

ကျောက်စီက မဒိုင်းလက်ကို လှမ်းဆွဲလိုက်၏။ မဒိုင်း၏ ခန္ဓာကိုယ်သည် ယိုင်လဲမလိုဖြစ်သွား၏။

'ငါ မင်းကို တကယ်ချစ်တာပါ'

မဒိုင်း ခေါင်းငုံ့သွား၏။

ကျောက်စီသည် မဒိုင်း၏လက်ကို တယုတယကိုင်ကာ ကျောက်ဂူကြီးရှိရာသို့ လာခဲ့လေ၏။

* ♠ *



ဆရာဦးထွန်းကြည်က ဒေါ်နှောင်းရီနှင့် စကားပြောနေသည်။

ကျောက်စီနှင့် မဒိုင်းက ကျောက်ဂူအပေါက်ဝတွင် ထိုင်နေကြ၏။ ရွာသားလူငယ်များက တစ်နေရာတွင်စုကာ စကားတီးတိုးပြောနေကြလေ၏။

'အစ်မကြီး စဉ်းစားပါဦး၊ အစ်မကြီးက အသက်အရွယ်အိုမင်းနေပါပြီ၊ ဇရာဗျာဓိ မရဏဆိုတဲ့ တရားတွေကို ဆင်ခြင်ကြည့်ပါဦး၊ အစ်မကြီးမရှိတော့တဲ့တစ်နေ့ မဒိုင်းဟာ ဒီတောဒီတောင်ထဲမှာ တစ်ယောက်တည်းနေထိုင်ဖို့ မသင်ဘူး၊ မသမာသူတွေဟာ မဒိုင်းကို ဒုက္ခမပေးပါဘူးလို့ မဆိုနိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကို မြွေတွေက စောင့်ရှောက်ပေးနေတာပဲ'

'မဟုတ်သေးပါဘူး အစ်မကြီးရယ်၊ အခုဆိုရင် ကောင်လေးနဲ့ ကောင်မလေးဟာ တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ဖြစ်နေကြတာ အစ်မကြီး သတိထားမိပါလိမ့်မယ်၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတဲ့စကားလို'

'ဆရာတို့နဲ့အတူ သူလိုက်မယ်ဆိုရင် ခေါ်သွားပါ၊ ကျွန်မ မတားပါဘူး၊ ကျွန်မကတော့ ဒီမှာပဲ ခေါင်းချဖို့စိတ်ကူးထားတယ်၊ အရပ်ဆိုး အကျည်းတန်လှတဲ့ ကျွန်မ ရုပ်ရည်ကြောင့် ကျွန်မ သမီးလေး လူ့ပတ်ဝန်းကျင်မှာ ကျိန်းသေအကဲ့ရဲ့ခံရမှာကို ကျွန်မ မလိုလားဘူး၊ ပြီးတော့ ကျွန်မ လူတွေကို ရွံ့မုန်းတယ်'

'အစ်မကြီးမလိုက်ရင် မဒိုင်းက လိုက်မှာမဟုတ်ဘူး၊ အားလုံးစိတ်ချမ်းသာအောင် အစ်မကြီးစဉ်းစားပေးပါ၊ ဒီတောဒီတောင်ထဲမှာ ဆေးမရှိ ဝါးမရှိ၊

အစ်မကြီး နေထိုင်မကောင်းတာ ဆေးမသောက်ရလို့ ဝေဒနာကို ဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာ အစ်မကြီးအသိပဲ မဟုတ်လား၊





အစ်မကြီး မရှိတော့တဲ့ တစ်နေ့ ဒီလိုဝေဒနာဆိုး ရောဂါဆိုးတွေကို မဒိုင်း ခံစားရရင်…'

ဆရာဦးထွန်းကြည်၏ စကားကြောင့် ဒေါ်နှောင်းရီ တွေဝေသွား၏။

'အင်း… ခက်လိုက်တာ၊ လူ့ပတ်ဝန်းကျင်ထဲမှာ ကျွန်မ မနေချင်တော့တာ အမှန်ပဲ၊ ကျွန်မယောကျ်ားရဲ့အလောင်း မပုပ်မသိုးဘဲရှိနေတာ မြင်ရတော့ ပိုပြီးခံစားရတယ်၊ ကျွန်မက သူ့ကို ပုလိပ်တွေဖမ်းသွားပြီး ထောင်ချပစ်လိုက်တာပဲလို့ ထင်နေတာ၊ အခုတော့ သူက ပုလိပ်တွေသေနတ်နဲ့ပစ်သတ်တာခံရလို့ သေသွားမှန်းသိရတော့တယ်၊

ကျွန်မ သမီးလေးကို သံခဲလိုလူစားမျိုးနဲ့ တွေ့မှာ စိုးရိမ်မိတယ်၊ အဲဒါကြောင့်…'

'ကျွန်တော်တို့ရွာကလူတွေက ရိုးသားအေးဆေးကြပါတယ်'

'သမီးကိုသာ ခေါ်သွားပါဆရာရယ်'

'ဟင်း…'

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

မဒိုင်းက သူ့အမေကို ဖက်၍ ငိုနေသည်။

'အမေမလိုက်ရင် သမီးလည်းမလိုက်ဘူး'

'အမေက အသက်အရွယ် အိုမင်းနေပါပြီကွယ်၊ လူ့လောကမှာ ဘယ်လောက်ကြာကြာနေရတော့မှာမို့လဲ၊ တစ်နေ့သေရတော့မှာပဲ'

'အမေနဲ့သမီးက တစ်နေ့တစ်လတောင် ခွဲခွာနေဖူးတာမဟုတ်ဘူး၊ ပြီးတော့…'

'ရှီ… ရှီ… ရှီ… ရှီ… ရှီ'

'မြွေတွေပြန်လာနေကြပြီ၊ ကိုကျောက်စီတို့ ကျောက်ဂူဝမှာ ငြိမ်ငြိမ်ကလေးရပ်နေကြပါ'





မြွေပေါင်းများစွာသည် ကျောက်ဂူအပေါက်ဝသို့ ရောက်လာကြ၏။ မဒိုင်းက ကျောက်ဂူပေါက်ဝမှ ဆီးဖြူသီးများကို ဖယ်ရှားပစ်လိုက်၏။

'ရှီ… ရှီ'

မြွေများသည် ကျောက်ဂူအတွင်းသို့ ဝင်သွားကြလေ၏။

'ကဲ… ကိုကျောက်စီတို့ ပြန်ကြတော့၊ ကျွန်မ အမေကိုလည်း မခွဲနိုင်ဘူး၊ မြွေတွေကိုလည်း သံယောဇဉ်မဖြတ်နိုင်တာကြောင့် နေခဲ့တော့မယ်'

'ဟင်…'

'ကျွန်မ ကိုကျောက်စီရဲ့ ရင်ခွင်ထဲမှာ မေ့စက်ပြီး အမေနဲ့ မြွေတွေကို လွမ်းနေရတဲ့ဘဝမျိုးနဲ့ မနေချင်ဘူး၊ ကျွန်မကိုအားလည်ခွင့်လွှတ်ပေးပါ'

မဒိုင်းသည် စကားဆုံးသည်နှင့် ကျောက်ဂူထဲသို့ ဝင်သွားလေ၏။

'မဒိုင်းရယ်'

'ပြန်ပါတော့ ကိုကျောက်စီရယ်'

ကျောက်ဂူဝမှ လိုဏ်သံဖြင့် ပျံ့လွင့်လာသော မဒိုင်း၏



www.burmeseclassic.com

www.burmeseclassic.com



စကားသံကို ကျောက်စီတို့အားလုံး ကြားလိုက်ရလေ၏။

‘ပြန်ကြစို့ သားရယ်’

ဆရာ ဦးထွန်းကြည်က ကျောက်စီ၏လက်ကို ဆွဲခေါ်သည်။ ကျောက်စီသည် ခေါင်းငိုက်စိုက်ချကာ လိုက်ပါလာလေ၏။ ကျောက်စီ၏ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်များ ဝဲလာသည်။ ရင်ထဲတွင် လှိုင်းခတ်သံများ ဆူညံနေသည့်အလား။

‘မဒိုင်း’

ကျောက်စီတို့လူစုသည် မြွေများအရှင်သခင်မတို့နေထိုင်သည့် ကျောက်ဂူကြီးနှင့် ဝေးကွာသောအရပ်သို့ ခရီးနှင်နေကြလေသတည်း။

ဘဘိုးမြ

BURMESE CLASSIC .com

www.burmeseclassic.com